**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(မြန်မာ့သတ္တုတွင်းနည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/၂၀၁၈**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)**

**[ ပြင်ဆင် : 11.07.2019 ]**

Myanmar Law Information System (MLIS)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မြန်မာ့သတ္တုတွင်းနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာ့သတ္တုတွင်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာ့သတ္တုတွင်းဥပဒေကို ဆိုသည်၊

(ခ) **နိုင်ငံတော်ပိုင်လုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း ဥပဒေနှင့်အညီ တည်ထောင် ထားသည့် အဖွဲ့အစည်းကို ဆိုသည်၊

(ဂ) **ဓာတ်သတ္တုထုတ်ကုန်** ဆိုသည်မှာ မြေထု၊ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်ရှိ ရေအောက် ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်၍သော်လည်းကောင်း၊ အခြားနည်းလုပ်ကိုင်၍ သော်လည်း ကောင်း၊ ဓာတ်သတ္တုဆင့်တက်ပြုပြင်၍ သော်လည်းကောင်းရရှိသော ဓာတ်သတ္တုကို ဆိုသည်၊

(ဃ) **သတ္တုရိုင်း** ဆိုသည်မှာ အသုံးဝင်သော သတ္တုစင်များအဖြစ် အကျိုးအမြတ်ရှိစွာ ထုတ်ယူနိုင်သည့် သဘာဝအလျောက်ဖြစ်သော ဓာတ်သတ္တုတစ်မျိုး သို့မဟုတ် ဓာတ်သတ္တုတစ်မျိုးထက် ပိုမို၍ပါဝင်သော အစုအပေါင်းကိုဆိုသည်။ ယင်းစကားရပ်တွင် မြေထု၊ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်ရှိ ရေအောက် ကြမ်းပြင်နှင့် ရေအောက်မြေတွင် သဘာဝအတိုင်းတည်ရှိနေသော ဓာတ်သတ္တုများသာမက အကျိုး အမြတ်ရှိစွာ ပြန်လည်လုပ်ကိုင်နိုင်သည့် သတ္တုတွင်းမှ စွန့်ပစ်အပုံများနှင့် အဖြုန်းများလည်း ပါဝင်သည်၊

(င) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်းကို ဆိုသည်၊

(စ) **ခွင့်ပြုဧရိယာ** ဆိုသည်မှာ ခွင့်ပြုမိန့်တွင် သတ်မှတ်ဖော်ပြထားသော ဧရိယာကိုသော်လည်းကောင်း၊ ပြန်လည်အပ်နှံသည့် ဧရိယာရှိပါက ယင်းသို့ ပြန်လည်အပ်နှံပြီးနောက် ကျန်ရှိသည့် ဧရိယာကို သော် လည်းကောင်း ဆိုသည်၊

(ဆ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်၊

(ဇ) **နောက်ဆက်တွဲ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ဖော်ပြထားသည့် နောက်ဆက်တွဲကို ဆိုသည်၊

(ဈ) **ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ ဝန်ကြီးဌာနက နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့် စီမံခန့်ခွဲရေးကော်မတီကို ဆိုသည်၊

(ည) **လုပ်ကွက်စိစစ်ရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးဌာနက နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းသည့် လုပ်ကွက်စိစစ်ရေးအဖွဲ့ကို ဆိုသည်၊

(ဋ) **ဦးစီးဌာနလုပ်ကွက်စိစစ်ရေးအဖွဲ့** ဆိုသည်မှာ ဦးစီးဌာနက နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) အရ ဖွဲ့စည်းသည့် လုပ်ကွက်စိစစ်ရေးအဖွဲ့ကို ဆိုသည်၊

(ဌ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဃ) အရ ဖွဲ့စည်း တာဝန်ပေးအပ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့များကို ဆိုသည်၊

(ဍ) **ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်း** ဆိုသည်မှာ ဥပဒေနှင့် ဤနည်းဥပဒေများအရ ခွင့်ပြုမိန့် ထုတ်ပေးပိုင် ခွင့်ရှိသော ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကို ဆိုသည်၊

(ဎ) **အဖွဲ့အစည်း** ဆိုသည်မှာ ဥပဒေနှင့် ဤနည်းဥပဒေများအရ ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ် ကို လုပ်ကိုင်ရန် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းအသင်းနှင့် သမဝါယမအသင်းတစ်ခုခုကို ဆိုသည်၊

(ဏ) **နိုင်ငံသားအဖွဲ့အစည်း** ဆိုသည်မှာ ဥပဒေနှင့် ဤနည်းဥပဒေများအရ ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ရန် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံသားပိုင် မြန်မာကုမ္ပဏီ၊ အစုစပ်လုပ်ငန်းအသင်းနှင့် သမဝါယမအသင်း တစ်ခုခုကို ဆိုသည်။

## အခန်း (၂)

## ဓာတ်သတ္တုလုပ်ငန်းများကို ခွင့်ပြုမိန့် ထုတ်ပေးရန် စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၃။ (က) ဝန်ကြီးဌာနသည် ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် လျှောက်ထားချက်များကို ခွင့်ပြုမိန့်ထုတ်ပေးရန် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရမည်၊

Myanmar Law Information System (MLIS)

(ခ) ဝန်ကြီးဌာနသည် မိမိက ခွင့်ပြုချက်ပေးနိုင်သော ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် လျှောက်ထားချက်များကို ခွင့်ပြုမိန့်ထုတ်ပေးရန် သင့်၊ မသင့် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ တင်ပြစေရန် လုပ်ကွက်စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်၊

(ဂ) ဦးစီးဌာနသည် မိမိကခွင့်ပြုချက်ပေးနိုင်သော ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် လျှောက်ထားချက်များကို ခွင့်ပြုမိန့်ထုတ်ပေးရန် သင့်၊ မသင့် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ တင်ပြစေရန် ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်၊

(ဃ) ဝန်ကြီးဌာနသည် ဓာတ်သတ္တုများထွက်ရှိသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များ ရှိ အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ဓာတ်သတ္တုဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို ပြည်ထောင်စုအစိုးရအဖွဲ့ ၏ သဘော တူညီချက်ဖြင့် ဖွဲ့စည်းပေးနိုင်သည်။ ယင်းအဖွဲ့များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သတ်မှတ် ပေးရမည်။

## အခန်း (၃)

## ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၁) ဖြင့် လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစားထုတ်လုပ်မှု လုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုအကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်မှု လုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို အသေးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း။

၅။ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသော နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၂) ဖြင့် လျှောက်ထားရမည်-

(က) ကျောက်ကို အလတ်စားထုတ်လုပ်မှု လုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း၊

(ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ကို အသေးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း။

Myanmar Law Information System (MLIS)

၆။ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ ကျန်ဓာတ်သတ္တုများကို အသေးစားထုတ်လုပ်မှု လုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း လုပ်ကိုင်လိုသော နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

၇။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့် လျှောက်ထားမှု အပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည်-

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေဧရိယာမဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း၊

၈။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည်-

(က) ဓာတ်သတ္တု ရှာဖွေရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပုံစံ (၁)၊ ပုံစံ (၂) နှင့် ပုံစံ (၃) တို့ပါ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှု ရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တုရှာဖွေရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့် မြေနေရာသည် ဒေသန္တရဘူမိဗေဒဆိုင်ရာ အချက်အလက်များ ရှာဖွေလေ့လာခြင်းမပြုရသေးသည့် မြေနေရာဖြစ်ပါက နည်းဥပဒေ ၇ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီ လျှင် မှတ်ပုံတင်ထားသော ဦးစွာ လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဦးစားပေး စိစစ်ရွေးချယ်ရမည်၊

(ဂ) ဓာတ်သတ္တုရှာဖွေရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက် ပို၍ လျှောက်ထားသည့် မြေနေရာသည် ဘူမိဗေဒအချက်အလက်များပြည့်စုံပြီး သတ္တုသိုက် ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၇ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ယှဉ်ပြိုင်မှု နည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်၊

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များ နှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်၊

(င) နည်းဥပဒေခွဲ (ခ) သို့မဟုတ် (ဂ) တို့အရ ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းအဆိုပြုလွှာ ရေးဆွဲတင်ပြစေရမည်။

<ပြင်ဆင် 11.07.2019>

၉။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁ နှစ်ထက်

Myanmar Law Information System (MLIS)

မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ကို ပုံစံ (၄) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် ၁ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ကို ပုံစံ (၄) ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 11.07.2019>

၁၀။ ဦးစီးဌာနသည် နည်းဥပဒေ ၅ အရ လျှောက်ထားလာသည့်ခွင့်ပြုမိန့်ကို ဦးစီးဌာန လုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ၁ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ကျောက် ရှာဖွေရန် ခွင့်ပြုမိန့်ကို ပုံစံ (၅) ဖြင့် ထုတ်ပေးရမည်။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၆ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို စိစစ်ပြီး ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာနနှင့် ညှိနှိုင်း သဘောထားရယူ၍ ၁ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့်ကို ပုံစံ (၆) ဖြင့် ထုတ်ပေးရမည်။

၁၂။ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၉၊ နည်းဥပဒေ ၁၀ နှင့် နည်းဥပဒေ ၁၁ တို့အရ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင်-

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဍာန်ပြမြေပုံတို့အား မြေပုံညွှန်းများ ဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် အောက်ဖော်ပြပါ ဧရိယာထက်မပိုသော မြေဧရိယာ ကို ခွင့်ပြုနိုင်သည်-

(၁) ဓာတ်သတ္တု အကြီးစားလုပ်ကွက် သတ်မှတ်မြေဧရိယာအတွက် ၁ စတုရန်းကီလိုမီတာ (၂၄၇.၁ ဧက) အထက်မှ ၂၁၀၀ စတုရန်းကီလိုမီတာ (၅၁၈၉၁၀ ဧက)၊

(၂) ဓာတ်သတ္တု အလတ်စားလုပ်ကွက် သတ်မှတ်မြေဧရိယာအတွက် ၁ စတုရန်းကီလိုမီတာ (၂၄၇.၁ ဧက)၊

(၃) ဓာတ်သတ္တု အသေးစားလုပ်ကွက် သတ်မှတ်မြေဧရိယာအတွက် -

(កក) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း၊ ကျောက်ဖြစ်လျှင် ၀.၀၈ စတုရန်းကီလိုမီတာ (၂၀ ဧက)၊

(ခခ) ရွှေနှင့်အဖိုးတန်သတ္တုမှအပ အခြားသတ္တုဖြစ်လျှင် ၀.၀၄ စတုရန်းကီလိုမီတာ (၁၀ ဧက)၊

(ဂဂ) ရွှေနှင့်အဖိုးတန်သတ္တုဖြစ်လျှင် ၀.၀၁၆ စတုရန်းကီလိုမီတာ (၄ ဧက)။

(**ရှင်းလင်းချက်။** ရွှေသတ္တုကို ထုတ်လုပ်မှုလုပ်ငန်းသာ ခွင့်ပြုပါမည်။)

(ခ) မူလက ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်၊

(ဂ) အတည်ပြုထားသည့် ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းအစီအစဉ်ကို ပူးတွဲပေးရမည်။

၁၃။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်အရ လုပ်ငန်းရပ်များကို ဆောင်ရွက်နိုင်ရေး အတွက် ဝေဟင်မှ ပျံသန်းတိုင်းတာရန် လိုအပ်သည့်အခါ ခွင့်ပြုမိန့်ပါ ဧရိယာအတွင်းရှိ မည်သည့် မြေပေါ်သို့မဆို ပျံသန်းတိုင်းတာနိုင်ရန် အလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ညှိနှိုင်းရမည်။

Myanmar Law Information System (MLIS)

၁၄။ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိသူက သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ အပါအဝင် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့် အညီ သတ် မှတ်သည့်ကာလအတွင်း ဓာတ်သတ္တုရှာဖွေရန် လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ပါက အကြောင်းကြားစာကို တစ်ကြိမ်လျှင် ရက်သတ္တတစ်ပတ်ခန့်စီခြား၍ သုံးကြိမ်တိုင်ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ ဆက်လက်ပျက်ကွက်ပါက ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်သည် ပျက်ပြယ်ပြီး ဖြစ်သည် ဟု မှတ်ယူရမည်။

၁၅။ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိထားသူသည် သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ ဆက်လက်ရှာဖွေလိုသည့် ဧရိယာ တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၉ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၇) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၁၀ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ ပုံစံ (၈) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၁၁ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သို့ ပုံစံ (၉) ဖြင့်လည်းကောင်း သတ်မှတ်ချက်များကို ပြည့်စုံစွာ ဖော်ပြ၍ လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ သုံးလ ကြိုတင်လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့်လိုခြင်း မရှိဟု မှတ်ယူရမည်။

၁၆။ သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းမှ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက် နှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

(က) လျှောက်ထားသူသည် ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) လျှောက်ထားသူ၏ အဆိုပြု ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း အစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း၊

(ဂ) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုး ခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၁၇။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) အရထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် လည်းကောင်း မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ ၁ နှစ် ထက်မပိုသည့် သက်တမ်းကာလတစ်ရပ်ရပ်ကို တိုးမြှင့်ပေးနိုင်သည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေ ၁၀ အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့် ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲ ဖြစ်စေ ၁ နှစ်ထက်မပိုသည့် သက်တမ်းကာလတစ်ရပ်ရပ်ကို တိုးမြှင့် ပေးနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၁ အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ မူလခွင့်ပြုမိန့်ပါ စည်းကမ်း ချက်များတွင်

Myanmar Law Information System (MLIS)

ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ ၁ နှစ်ထက်မပိုသည့် သက်တမ်းကာလ တစ်ရပ်ရပ်ကို တိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 11.07.2019>

၁၈။ (က) ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့် ထုတ်ပေးထားသော ဧရိယာတစ်ခုကို ဓာတ်သတ္တု စမ်းသပ် တိုင်းတာရန် ခွင့်ပြုပါက မူလခွင့်ပြုထားသည့် ဓာတ်သတ္တုအမျိုးအစားအတွက် ထိုဧရိယာတွင် ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ကို မူလခွင့်ပြုမိန့်ရရှိသူအား ထပ်မံထုတ်ပေးခြင်း မရှိစေရ၊

(ခ) ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့်ထုတ်ပေးထားသော သက်တမ်းကာလအတွင်း မူလခွင့်ပြုမိန့် ရရှိသူမှ အပ ခွင့်ပြုဧရိယာအား အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ ဓာတ်သတ္တုစမ်းသပ် တိုင်းတာရန်၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာရန်နှင့် ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ထပ်မံထုတ်ပေးခြင်း မရှိစေရ။

၁၉။ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ဆက်လက်လုပ်ကိုင်လို ပါက ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး သုံးလ ကြိုတင်၍ ဓာတ်သတ္တုစမ်းသပ်တိုင်းတာ ခွင့်ပြုရန် လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်လျှောက်ထားမှု မပြုပါက ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ဆက်လက်လုပ်ကိုင်လိုခြင်း မရှိဟု မှတ်ယူရမည်။

## အခန်း (၄)

## ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၀။ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၁၀) ဖြင့် လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု အကြီးစားထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အသေးစားထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း။

Myanmar Law Information System (MLIS)

၂၁။ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသော နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၁၁) ဖြင့် လျှောက်ထားရမည်-

(က) ကျောက်ကိုအလတ်စားထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း၊

(ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ကို အသေးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း။

၂၂။ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ ကျန်ဓာတ်သတ္တုကို အသေးစားထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ် တိုင်းတာခြင်း လုပ်ငန်းလုပ်ကိုင်လိုသော နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုချက် ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၁၂) ဖြင့် လျှောက်ထားရမည်။

၂၃။ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည်-

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေဧရိယာမဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၂၄။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည်-

(က) ဓာတ်သတ္တု စမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပုံစံ (၁၀)၊ ပုံစံ (၁၁) နှင့် ပုံစံ (၁၂) တို့ပါ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိထားသူက ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများကို ဥပဒေ၊ ဤနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ခွင့်ပြုပေးရမည်၊

(ဂ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့် မြေနေရာသည် ဓာတ်သတ္တုရှာဖွေခြင်း လုပ်ငန်း လုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်း မရှိသည့် မြေနေရာဖြစ်ပြီး ဘူမိဗေဒနှင့် ဓာတ်သတ္တု ဖြစ်ထွန်းမှုဆိုင်ရာ အချက်အလက်များကို စမ်းသပ်တိုင်းတာခြင်းမပြုရသေးသည့် မြေနေရာဖြစ်ပါက နည်းဥပဒေ ၂၃ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာ လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဦးစားပေး စိစစ်ရွေးချယ်ရမည်၊

(ဃ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တုရှာဖွေခြင်း လုပ်ငန်း လုပ်ကိုင်ခဲ့ သူက ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသည့် မြေနေရာ သို့မဟုတ် ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီး

Myanmar Law Information System (MLIS)

သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၂၃ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်၊

(င) နည်းဥပဒေခွဲ (ဂ) နှင့် (ဃ) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များ နှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်၊

(စ) နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားမှုနှင့် နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) တို့အရ ရွေးချယ်ခံရ သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲတင်ပြစေရမည်။

<ပြင်ဆင် 11.07.2019>

၂၅။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တု အမျိုးအစားနှင့် လုပ်ငန်းပမာဏပေါ် မူတည်၍ ၃ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ပုံစံ (၁၃) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏပေါ်မူတည်၍ ၃ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ပုံစံ (၁၃) ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 11.07.2019>

၂၆။ ဦးစီးဌာနသည် နည်းဥပဒေ ၂၁ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ဦးစီးဌာန လုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏပေါ်မူတည်၍ ၃ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်၍ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ပုံစံ (၁၄) ဖြင့် ထုတ်ပေးရမည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၂၂ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို စိစစ်ပြီး ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာနနှင့် ညှိနှိုင်း သဘောထားရယူ၍ ၆လထက်မပိုသောသက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ပုံစံ (၁၅) ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 11.07.2019>

၂၈။ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၂၅၊ နည်းဥပဒေ ၂၆ နှင့် နည်းဥပဒေ ၂၇ တို့အရ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင်-

Myanmar Law Information System (MLIS)

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဌာန်ပြမြေပုံတို့အား မြေပုံညွှန်းများဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် နည်းဥပဒေ ၁၂ ပါ ဧက ထက်မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည်၊

(ခ) မူလက ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်၊

(ဂ) မူလစမ်းသပ်တိုင်းတာရန် ခွင့်ပြုထားသည့်လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် လုပ်ကွက် ပြင်ပတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များအရ ဓာတ်သတ္တုဖြစ်ထွန်းမှုရှိကြောင်း တွေ့ရှိရပါက လွတ်ကင်းမှုရှိသော ဧရိယာအား တိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလျှောက်ထားလာလျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေ ဓာတ်သတ္တုဖြစ်ထွန်းမှု အလားအလာ၊ ဓာတ်သတ္တုသိုက်ပမာဏ၊ အရည်အသွေး၊ သတ္တုတွင်းဘေးကင်း လုံခြုံမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအနေအထားနှင့် ဆက်စပ်ဖြစ်ပေါ် လာနိုင်သော အကြောင်းတရားများ အပေါ်မူတည်၍ ခွင့်ပြုနိုင်သည်၊

(ဃ) အတည်ပြုထားသည့် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီအစဉ်ကို ပူးတွဲပေးရမည်။

၂၉။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် ရရှိသူက သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင်သော ဖြစ်ရပ်များအပါအဝင် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့် အညီ သတ်မှတ်သည့်ကာလအတွင်း ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ပါက အကြောင်းကြားစာကို တစ်ကြိမ်လျှင် ရက်သတ္တတစ်ပတ်ခန့်စီခြား၍ သုံးကြိမ်တိုင် ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ ဆက်လက်ပျက်ကွက်ပါက ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်သည် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၃၀။ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး သုံးလကြိုတင်၍ ဆက်လက်စမ်းသပ်တိုင်းတာလိုသည့် ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၂၅ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၁၆) ဖြင့် လည်းကောင်း၊ နည်းဥပဒေ ၂၆ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ ပုံစံ (၁၇) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၂၇ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၁၈) ဖြင့်လည်းကောင်း သတ်မှတ်ချက်များကို ပြည့်စုံစွာ ဖော်ပြ၍ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ဧရိယာသည် သတ်မှတ်ထားသည့် အတိုင်း တစ်ဆက်တစ်စပ်တည်း ဖြစ်ရမည်။ ခွင့်ပြုမိန့် သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင် လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့်လိုခြင်းမရှိဟု မှတ်ယူရမည်။

၃၁။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းမှ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

(က) လျှောက်ထားသူသည် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) လျှောက်ထားသူ၏ အဆိုပြု စမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း၊

(ဂ) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၃၂။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် လည်းကောင်း မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက် မပါဘဲဖြစ်စေ တစ်ကြိမ်လျှင် သက်တမ်း ၁ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ထိုသို့ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရာတွင် ကနဦး ခွင့်ပြုမိန့် သက်တမ်း အပါအဝင် စုစုပေါင်း ၅ နှစ်အထိ တိုးမြှင့်ပေးနိုင်သည်၊

(ခ) ဦးစီးဌာနသည် နည်းဥပဒေ ၂၆ အရထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့် ဖြစ်စေ၊ ပြင်ဆင်ချက် မပါဘဲဖြစ်စေ တစ်ကြိမ်လျှင် သက်တမ်း ၁ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ထိုသို့ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရာတွင် ကနဦးခွင့်ပြုမိန့် သက်တမ်းအပါအဝင် စုစုပေါင်း ၅ နှစ်အထိ တိုးမြှင့်ပေးနိုင်သည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၂၇ အရ ထုတ်ပေးခဲ့သောခွင့်ပြုမိန့်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ နောက်ထပ်သက်တမ်း **၆ လ** အထိ တစ်ကြိမ်သာသက်တမ်းတိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 11.07.2019>

၃၃။ ဝန်ကြီးဌာနသည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်စမ်းသပ် တိုင်းတာခြင်း သို့မဟုတ် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်သတ္တု အကြီးစား ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း အတွက် ခွင့်ပြုမိန့် ရရှိသူသည် နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ (က) အရ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးပြီးနောက် သတ္တုသိုက်ပမာဏအရ ဆက်လက်၍ စမ်းသပ်တိုင်းတာရန် လိုအပ်ကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် ခွင့်ပြုမိန့်သက်တမ်း ထပ်မံတိုးမြှင့်ပေးရန် ဝန်ကြီးဌာနသို့ ပုံစံ (၁၆) ဖြင့် လျှောက်ထားနိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်မှာ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်လျှင် ၁ နှစ်စီဖြင့် သုံးကြိမ်အထိသာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုရာတွင် မူလခွင့်ပြုကာလနှင့် သက်တမ်းတိုးကာလ စုစုပေါင်းသည် ၈ နှစ်ထက် မပိုစေရ။

<ပြင်ဆင် 11.07.2019>

Myanmar Law Information System (MLIS)

၃၄။ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် သို့မဟုတ် သတ္တုနှင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စားထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရန်အတွက်လည်းကောင်း၊ ကျောက်အလတ်စားနှင့် ဓာတ်သတ္တုအသေးစား ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန်အတွက်လည်းကောင်း ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ သုံးလကြိုတင်လျှောက်ထားမှုမပြုပါက ဆက်လက်လုပ်ကိုင်ခြင်းမရှိဟု မှတ်ယူရမည်။

## အခန်း (၅)

## ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၅။ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၁၉) ဖြင့် လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစားထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု အကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း။

၃၆။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည်-

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တု ဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာ မဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၃၇။ ဝန်ကြီးဌာနသည်-

(က) ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပုံစံ (၁၉) ပါ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိထားသူက ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းများကို ဥပဒေ၊ ဤနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး

Myanmar Law Information System (MLIS)

ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ခွင့်ပြုပေးရမည်၊

(ဂ) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း လုပ်ငန်းလုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်း မရှိသည့် မြေနေရာ သို့မဟုတ် ဘူမိဗေဒ အချက်အလက်များပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော မြေနေရာ ဖြစ်ပါက နည်းဥပဒေ ၃၆ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်၊

(ဃ) နည်းဥပဒေခွဲ (ဂ) အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်၊

(င) နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားမှုနှင့် နည်းဥပဒေခွဲ (ဂ) အရ ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲ တင်ပြစေ ရမည်။

<ပြင်ဆင် 11.07.2019>

၃၈။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁ နှစ် ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ကို ပုံစံ (၂၀) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ) နှင့် (ဃ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ၁ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်၍ ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ကို ပုံစံ (၂၀) ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 11.07.2019>

၃၉။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃၈ အရ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် -

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဌာန်ပြမြေပုံတို့အား မြေပုံညွှန်းများဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် နည်းဥပဒေ ၁၂ ပါ ဧကထက် မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည်၊

(ခ) မူလက ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်၊

(ဂ) မူလ ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုထားသည့် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ် တည်းရှိသည့် လုပ်ကွက်ပြင်ပတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များအရ ဓာတ်သတ္တုဖြစ်ထွန်းမှု ရှိကြောင်း တွေ့ရှိရပါက

Myanmar Law Information System (MLIS)

လွတ်ကင်းမှုရှိသော ဧရိယာအား တိုးချဲ့ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု လျှောက်ထားလာလျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ဆောင်ရွက်ခဲ့မှုအခြေအနေ ဓာတ်သတ္တုဖြစ်ထွန်းမှု အလားအလာ၊ ဓာတ်သတ္တုသိုက်ပမာဏ၊ အရည်အသွေး၊ သတ္တုတွင်း ဘေးကင်းလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနေအထားနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သော အကြောင်းတရားများအပေါ် မူတည်၍ ခွင့်ပြုနိုင်သည်၊

(ဃ) အတည်ပြုထားသည့် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းအစီအစဉ်ကို ပူးတွဲပေးရမည်။

၄၀။ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူက သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်း နိုင်သော ဖြစ်ရပ်များအပါအဝင် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ်သည့်ကာလအတွင်း ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းများကို ဆောင်ရွက်ရန်ပျက်ကွက်ပါက အကြောင်းကြားစာကို တစ်ကြိမ်လျှင် ရက်သတ္တတစ်ပတ် ခန့်စီခြား၍ သုံးကြိမ်တိုင်ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ ဆက်လက် ပျက်ကွက်ပါက ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၄၁။ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက် လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ သက်ဆိုင်သော ဧရိယာအတွက် သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၃၈ အရ ထုတ်ပေးသည့်ခွင့်ပြုမိန့် နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၂၁) ဖြင့် သတ်မှတ်ချက်များကို ပြည့်စုံစွာဖော်ပြ၍ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ဧရိယာသည် သတ်မှတ်ထားသည့်အတိုင်း တစ်ဆက်တစ်စပ်တည်း ဖြစ်ရမည်။ ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်လျှောက်ထားမှု မပြုပါက သက်တမ်း တိုးမြှင့်လိုခြင်း မရှိဟု မှတ်ယူရမည်။

၄၂။ ဝန်ကြီးဌာနမှ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါ အခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

(က) လျှောက်ထားသူသည် ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံ တစ်ရာကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) လျှောက်ထားသူ၏ အဆိုပြုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် လုပ်ငန်းအစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း၊

(ဂ) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန်မသင့်ဟု ယူဆခြင်း။

၄၃။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင် ဝန်ကြီးဌာနသည် နည်းပဒေ ၃၈၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၃၈၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် လည်းကောင်း မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့် ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲ ဖြစ်စေ သာမန်အားဖြင့် ၁ နှစ် သက်တမ်းသတ်မှတ်ပြီး တစ်ကြိမ်သာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။



Myanmar Law Information System (MLIS)

<ပြင်ဆင် 11.07.2019>

၄၄။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၄၃ အရ ခွင့်ပြုမိန့် သက်တမ်းတိုးပေးပြီးနောက် ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် လိုအပ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုမိန့်ရရှိသူမှ ထပ်မံလျှောက်ထားလာပါက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁ နှစ် သတ်မှတ်ပြီး တစ်ကြိမ်သာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုရာတွင် မူလခွင့်ပြုကာလနှင့် သက်တမ်းတိုးကာလ စုစုပေါင်းသည် ၃ နှစ်ထက် မပိုစေရ။

<ပြင်ဆင် 11.07.2019>

၄၅။ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် သို့မဟုတ် သတ္တုနှင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စားထုတ်လုပ်ရန် ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး သုံးလ ကြိုတင်၍ လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ သုံးလ ကြိုတင်လျှောက်ထားမှု မပြုပါက ဆက်လက်လုပ်ကိုင်လိုခြင်းမရှိဟု မှတ်ယူရမည်။

## အခန်း (၆)

## ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၆။ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၂၂) ဖြင့် လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစားထုတ်လုပ်ခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု အကြီးစားထုတ်လုပ်ခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်ခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း လုပ်ငန်း ခွင့်ပြုမိန့်ရရှိထားသော နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် စမ်းသပ်တိုင်းတာထားသည့် ဘူမိဗေဒအစီရင်ခံစာအရ သတ္တုသိုက်ပမာဏနှင့် အရည်အသွေးအပေါ် မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖက်စပ်လုပ်ငန်းအဖြစ် ကူးပြောင်း လုပ်ကိုင်မည့် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ခြင်း။

၄၇။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည်-

Myanmar Law Information System (MLIS)

(က) ပုဂ္ဂိုလ် တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေဧရိယာ မဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၄၈။ ဝန်ကြီးဌာနသည်-

(က) ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပုံစံ (၂၂) ပါ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိထားသူက ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း လုပ်ငန်းများကို ဥပဒေ၊ ဤနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တုအကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် စိစစ်၍ ခွင့်ပြုပေးရမည်၊

(ဂ) ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရေးလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း လုပ်ငန်းလုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသည့် မြေနေရာဖြစ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်သော သတ္တုသိုက်ပမာဏတွက်ချက်ထားသည့် ဘူမိဗေဒအစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေး လုပ်ငန်းအစီရင်ခံစာအား တရားဝင်တင်ပြနိုင်ပါက နည်းဥပဒေ ၄၇ ပါ သတ်မှတ်ချက်များ နှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာလျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဦးစားပေးစိစစ်ရွေးချယ်ရမည်၊

(ဃ) ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရေးလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူက ဆက်လက်ဆောင်ရွက်လိုခြင်းမရှိသည့် မြေနေရာ သို့မဟုတ် ဘူမိဗေဒအချက်အလက်များပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့်စပ်လျဥ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၄၇ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ယှဉ်ပြိုင်မှု နည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်၊

(င) နည်းဥပဒေခွဲ (ဂ) နှင့် (ဃ) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်၊

(စ) နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားမှုနှင့် နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) တို့အရ ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာရေးဆွဲတင်ပြစေရမည်။

<ပြင်ဆင် 11.07.2019>

၄၉။ ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်အရ ဆောင်ရွက်ခဲ့ပြီး ယင်းလုပ်ကွက်ဧရိယာအတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဓာတ်သတ္တုကို တွေ့ရှိပြီးနောက် ဥပဒေ အရ သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအရသော်လည်းကောင်း လွှဲပြောင်းရယူထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဓာတ်သတ္တု အကြီးစားထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လို၍ ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၂၂) ဖြင့် လျှောက်ထားပါက မူလခွင့်ပြုမိန့်ရရှိသူက လျှောက်ထားသကဲ့သို့ မှတ်ယူရမည်။

၅၀။ လုပ်ကွက်စိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၄၆ နှင့် နည်းဥပဒေ ၄၉ တို့အရ လျှောက်ထားချက်တွင် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး ဝန်ကြီးဌာနသို့ တွေ့ရှိချက်အစီရင်ခံစာ တင်ပြရမည်-

(က) အကြီးစားထုတ်လုပ်ရန် အဆိုပြုအစီအစဉ်တွင်-

(၁) ဓာတ်သတ္တု အရင်းအမြစ်များအား အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးအသုံးပြုရန် အစီအစဉ်များ ဖော်ပြပါရှိခြင်း၊

(၂) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အစီအစဉ်များ ဖော်ပြ ပါရှိရမည်။

(ခ) အဆိုပြုဧရိယာသည် ထုတ်လုပ်မှုအတွက် လိုအပ်သော ဧရိယာထက်မများခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ရရှိနိုင်သောကုန်ပစ္စည်းများ ဝယ်ယူရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း ရရှိရေးဆိုင်ရာ အဆိုပြုချက်သည် ကျေနပ်ဖွယ်ရာရှိခြင်း၊

(ဃ) စမ်းသပ်တိုင်းတာရေး အစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး အစီရင်ခံစာတို့အရ လုံလောက်သော သတ္တုသိုက်ပမာဏနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်မှုရှိခြင်း။

၅၁။ လုပ်ကွက်စိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၄၆ နှင့် နည်းဥပဒေ ၄၉ တို့အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက်ကို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားသူအား ယင်း၏ ကုန်ကျ စရိတ်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်စေနိုင်သည်-

(က) လျှောက်လွှာတွင် အဆိုပြုထားသော ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်း အမှန်တကယ်စီးပွားဖြစ် ထုတ်လုပ်နိုင်မည့် အစီအစဉ်များကို ကျွမ်းကျင်သူများဖြင့် စိစစ်ခြင်း၊

(ခ) ဝန်ကြီးဌာနမှ အကြောင်းကြားစာတွင် သီးသန့်ဖော်ပြထားသည့် လျှောက်ထားချက်နှင့် သက်ဆိုင်သော သို့မဟုတ် လျှောက်ထားချက်အရ ပေါ်ပေါက်လာသော အခြားကိစ္စရပ်များအတွက် စိစစ်၍ တွေ့ရှိချက်များ ပြန်လည်တင်ပြခြင်း၊

(ဂ) ဓာတ်သတ္တုထွက်ရှိရာဒေသမှဒေသခံများအတွက် လူမှုရေးတာဝန်ယူဆောင်ရွက်မှုလုပ်ငန်း၊ အများပြည်သူများ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံများနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ သဘောထားရယူခြင်း။

<ပြင်ဆင် 11.07.2019>

၅၂။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၄၆၊ နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဃ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တု အမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ်မူတည်၍ ၁၅ နှစ် အထက်မှ နှစ် ၅၀ အထိ

Myanmar Law Information System (MLIS)

သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၂၃) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၄၆၊ နည်းဥပဒေခွဲ (ဂ) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေး အဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုအမျိုးအစားနှင့်လုပ်ငန်းပမာဏအပေါ်မူတည်၍ ၁၅ နှစ်အထက်မှ နှစ် ၅၀ အထိ သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်ပြီး ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၂၃) ဖြင့် ထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ပုံစံ (၂၃) ဖြင့် ထုတ်ပေးသည့် အပေါ် တူးဖော်ရမည့်သတ္တုသိုက်၏ ခန့်မှန်းသက်တမ်းကာလသည် နှစ် ၅၀ ထက် လျော့နည်းပါက ယင်းကာလကိုသာ ခွင့်ပြုမိန့်သက်တမ်းအဖြစ် သတ်မှတ်ရမည်။

<ပြင်ဆင် 11.07.2019>

၅၃။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၅၂ အရ ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် ထုတ်ပေးရာတွင်-

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဌာန်ပြမြေပုံ တို့အား မြေပုံညွှန်းများဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် နည်းဥပဒေ ၁၂ ပါ ဧက ထက်မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည်၊

(ခ) မူလက ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်၊

(ဂ) မူလ ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုထားသည့် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း ရှိသည့် လုပ်ကွက်ပြင်ပတွင် ဘူမိဗေဒဆိုင်ရာအချက်အလက်များအရ ဓာတ်သတ္တုဖြစ်ထွန်းမှုရှိကြောင်း တွေ့ရှိရပါက လွတ်ကင်းမှုရှိသော ဧရိယာအား တိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု လျှောက်ထားလာ လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ဆောင်ရွက်ခဲ့မှု အခြေအနေ ဓာတ်သတ္တုဖြစ်ထွန်းမှု အလားအလာ၊ ဓာတ်သတ္တုသိုက်ပမာဏ၊ အရည်အသွေး၊ သတ္တုတွင်း ဘေးကင်းလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနေအထားနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင် သော အကြောင်းတရားများအပေါ်မူတည်၍ ခွင့်ပြုနိုင်သည်၊

(ဃ) အတည်ပြုထားသည့် ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်ကို ပူးတွဲပေးရမည်။

၅၄။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင် သော ဖြစ်ရပ်များအပါအဝင် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ်သည့်ကာလအတွင်း ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ပါက အကြောင်းကြားစာကို တစ်ကြိမ်လျှင် ရက်သတ္တတစ်ပတ် ခန့်စီခြား၍ သုံးကြိမ်တိုင် ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ ဆက်လက် ပျက်ကွက်ပါက ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက် လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး တစ်နှစ်ကြိုတင်၍ ဆက်လက်ဆောင်ရွက် လိုသည့် ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းနှင့်စပ်လျဉ်း၍ သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၅၂ အရ ထုတ်ပေးသည့်

ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၂၄) ဖြင့် သတ်မှတ်ချက်များကို ပြည့်စုံစွာ ဖော်ပြ၍ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ဧရိယာသည် သတ်မှတ်ထားသည့်အတိုင်း တစ်ဆက်တစ်စပ်တည်းဖြစ်ရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ ၁ နှစ်ကြိုတင်လျှောက်ထားမှုမပြုပါက သက်တမ်းတိုးမြှင့်လိုခြင်းမရှိဟု မှတ်ယူရမည်။

၅၆။ ဝန်ကြီးဌာနမှ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါ အခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

(က) လျှောက်ထားသူသည် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုဧရိယာအတွင်း ထုတ်လုပ်မှုလုပ်ငန်းများကို သင့်တင့် သော နှုန်းဖြင့် တိုးတက်အောင် လုပ်ကိုင်မှုမရှိခြင်း၊

(ဂ) ထုတ်လုပ်ရန် သင့်တော်သော သတ္တုသိုက်လက်ကျန်မရှိခြင်း၊

(ဃ) လျှောက်ထားသူ၏ အဆိုပြု ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း၊

(င) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၅၇။ ဝန်ကြီးဌာနသည်-

(က) ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရေးအတွက် ငြင်းပယ်ရန် ရည်ရွယ်ပါက ထိုသို့ ငြင်းပယ်လိုသော အခြေခံအကြောင်းအချက်များကို ဖော်ပြလျက် ယင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်၊ ခိုင်လုံသော ကျိုးကြောင်းဖော်ပြချက်ဖြင့် သတ်မှတ်ရက်မတိုင်မီ ရှင်းလင်းတင်ပြစေရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) လျှောက်ထားသူက သတ်မှတ်ရက်မတိုင်မီ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း မရှိလျှင် သို့မဟုတ် ခိုင်လုံသော ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြခြင်းမရှိလျှင် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်ရမည်။

၅၈။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင် ဝန်ကြီးဌာနသည် နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် လည်းကောင်း၊ နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့်လည်းကောင်း မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ တစ်ကြိမ်လျှင် ၅ နှစ် ထက်မပိုဘဲ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 11.07.2019>

၅၉။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ယင်း၏ ခွင့်ပြုလုပ်ကွက်ဧရိယာကို တစ်ဆက်တစ်စပ်တည်းဧရိယာ သို့မဟုတ် ဘူမိဗေဒအနေအထားအရ ဆက်စပ်မှုရှိသော ဧရိယာများတွင်

တိုးချဲ့ခွင့်ပြုရန်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ လုပ်ကွက်ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ် တစ်ပိုင်းကို ပြန်လည်အပ်နှံရန်သော်လည်းကောင်း ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၆၀။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၅၉ နှင့်အညီ လုပ်ကွက်ဧရိယာတိုးချဲ့ခွင့်ပြုရန် နည်းဥပဒေ ၄၆ နှင့်အညီ လျှောက်ထားလာမှုအား ခွင့်ပြုမိန့်ထုတ်ပေးရန် နည်းဥပဒေ ၄၇ နှင့် နည်းဥပဒေ ၅၀ တို့နှင့်အညီ စိစစ်၍ နည်းဥပဒေ ၅၂ အရ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်၊

(ခ) နည်းဥပဒေ ၅၉ အရ လျှောက်ထားသော တိုးချဲ့ခွင့်ပြုရန်လုပ်ကွက်ဧရိယာမှာ မြန်မာ့သတ္တုတွင်း ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ခွင့်မပြုနိုင်သော ဧရိယာနှင့် အကျုံးဝင်နေလျှင် တိုးချဲ့ရန် လျှောက်ထားချက်ကို ခွင့်မပြုရ၊

(ဂ) နည်းဥပဒေ ၅၉ အရ လျှောက်ထားသော ခွင့်ပြုမိန့်ပါ လုပ်ကွက်ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်အပ်နှံရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လုပ်ကွက်စိစစ်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်၊

(ဃ) ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူက ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် သတ္တုသိုက်များ ပြုန်းတီးစေမည့် နည်းစနစ်များကို ကျင့်သုံးလုပ်ကိုင်နေကြောင်း စိစစ်တွေ့ရှိပါက ဝန်ကြီးဌာနက သတ်မှတ်ပေးသည့်ကာလအတွင်း ယင်းသို့ ကျင့်သုံးလုပ်ကိုင်မှုကို အဘယ်ကြောင့် မရပ်ဆိုင်းသင့်ကြောင်း၊ အကျိုးအကြောင်းဖော်ပြလျက် ရှင်းလင်းတင်ပြရန် ခွင့်ပြုမိန့်ရရှိသူထံ အကြောင်းကြားရမည်၊

(င) ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူက ပြုန်းတီးသော ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှုလုပ်ကိုင်နည်းကို ကျင့်သုံးလုပ်ကိုင်မှု မရှိကြောင်း ဝန်ကြီးဌာနမှ ကျေနပ်လောက်သည် အထိ နည်းဥပဒေခွဲ (ဃ) ပါ သတ်မှတ်ကာလအတွင်း ရှင်းလင်းတင်ပြရန် ပျက်ကွက်လျှင် သော် လည်းကောင်း၊ ယင်း၏ ကျင့်သုံးလုပ်ကိုင်မှုများသည် မမှန်ကန်ကြောင်း လုံလောက်သည့် အထောက်အထားရှိလျှင် သော်လည်းကောင်း ထိုကျင့်သုံးလုပ်ကိုင်မှုများကို ကာလသတ်မှတ်၍ ရပ်ဆိုင်းရန် ညွှန်ကြားနိုင်သည်၊

(စ) ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူက နည်းဥပဒေခွဲ (င) အရ ထုတ်ပြန်သည့် ညွှန်ကြားချက်အတိုင်း လိုက်နာခြင်း မရှိပါက ခွင့်ပြုမိန့်ကို အချိန်ကာလသတ်မှတ်၍ ရပ်ဆိုင်းနိုင်သည် သို့မဟုတ် ပယ်ဖျက်နိုင်သည်။

**အခန်း (၇)**

**ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း**

၆၁။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အလတ်စား ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၂၅) ဖြင့် လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

၆၂။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ကို အလတ်စားထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၂၆) ဖြင့် လျှောက်ထားရမည်။

၆၃။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည်-

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တု ဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာမဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၆၄။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည်-

(က) ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းများကို ပုံစံ (၂၅) နှင့် ပုံစံ (၂၆) တို့ပါ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိထားသူက ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းများကို ဥပဒေ၊ ဤနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ခဲ့ပြီး သတ္တုနှင့် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းအလတ်စား ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ နည်းဥပဒေ ၆၁ အရ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် စိစစ်၍ ခွင့်ပြုပေးရမည်၊

(ဂ) ကျောက် စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိထားသူက စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းများကို ဥပဒေ၊ ဤနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ခဲ့ပြီး ကျောက် အလတ်စားထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ နည်းဥပဒေ ၆၂ အရ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် စိစစ်၍ ခွင့်ပြုပေး ရမည်၊

(ဃ) ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရေးလုပ်ငန်းအတွက် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့် မြေနေရာသည် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်း မရှိသည့် မြေနေရာဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်သော သတ္တုသိုက်ပမာဏတွက်ချက်ထားသည့် ဘူမိဗေဒအစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းအစီရင်ခံစာအား တရားဝင်တင်ပြနိုင်ပါက နည်းဥပဒေ ၆၃ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာလျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းကို ဦးစားပေး စိစစ်ရွေးချယ်ရမည်၊

(င) ဓာတ်သတ္တုအလတ်စား ထုတ်လုပ်ရေးလုပ်ငန်းအတွက် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့် မြေနေရာသည် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သူက ဆက်လက်ဆောင်ရွက်လိုခြင်းမရှိသည့် မြေနေရာ သို့မဟုတ် ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီး

Myanmar Law Information System (MLIS)

သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၆၃ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ယှဉ်ပြိုင်မှု နည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်၊

(စ) နည်းဥပဒေခွဲ (ဃ) နှင့် (င) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်၊

(ဆ) နည်းဥပဒေခွဲ (ခ) သို့မဟုတ် (ဂ) တို့အရ လျှောက်ထားမှုနှင့် နည်းဥပဒေခွဲ (ဃ) သို့မဟုတ် (င) တို့အရ ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာရေးဆွဲတင်ပြစေရမည်။

<ပြင်ဆင် 11.07.2019>

၆၅။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းကို ခွင့်ပြုမိန့်အရ ဆောင်ရွက်ခဲ့ပြီး ယင်းလုပ်ကွက်ဧရိယာအတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဓာတ်သတ္တုကို တွေ့ရှိပြီးနောက် ဥပဒေအရသော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအရသော်လည်းကောင်း လွှဲပြောင်းရယူထားသည့် ပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းက ဓာတ်သတ္တုအလတ်စား ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်လို၍ ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၂၅) ဖြင့်လည်းကောင်း၊ ဦးစီးဌာနသို့ ပုံစံ (၂၆) ဖြင့်လည်းကောင်း လျှောက်ထားပါက မူလခွင့်ပြုမိန့်ရရှိသူက လျှောက်ထားသကဲ့သို့ မှတ်ယူရမည်။

၆၆။ လုပ်ကွက်စိစစ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနလုပ်ကွက်စိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၆၁၊ နည်းဥပဒေ ၆၂ နှင့် နည်းဥပဒေ ၆၅ တို့အရ လျှောက်ထားချက်တွင် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသို့ တွေ့ရှိချက်အစီရင်ခံစာ တင်ပြရမည်-

(က) အလတ်စားထုတ်လုပ်ရန် အဆိုပြုအစီအစဉ်တွင်-

(၁) ဓာတ်သတ္တု အရင်းအမြစ်များအား အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး အသုံးပြုရန် အစီအစဉ်များ ဖော်ပြပါရှိခြင်း၊

(၂) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုအစီအစဉ်များ ဖော်ပြ ပါရှိရမည်၊

(ခ) အဆိုပြုဧရိယာသည် ထုတ်လုပ်မှုအတွက် လိုအပ်သော ဧရိယာထက်မများခြင်း၊

(ဂ) စမ်းသပ်တိုင်းတာရေးအစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး အစီရင်ခံစာတို့အရ လုံလောက်သော သတ္တုသိုက်ပမာဏနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မှုရှိခြင်း။

၆၇။ လုပ်ကွက်စိစစ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနလုပ်ကွက်စိစစ်ရေးအဖွဲ့တို့သည် နည်းဥပဒေ ၆၁၊ နည်းဥပဒေ ၆၂ နှင့် နည်းဥပဒေ ၆၅ တို့အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက်ကို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားသူအား ယင်း၏ ကုန်ကျစရိတ်ဖြင့် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်စေနိုင်သည်-

(က) လျှောက်လွှာတွင် အဆိုပြုထားသော ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်း အမှန်တကယ်စီးပွားဖြစ် ထုတ်လုပ်နိုင်မည့်အစီအစဉ်များကို ကျွမ်းကျင်သူများဖြင့် စိစစ်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အကြောင်းကြားစာတွင် သီးသန့်ဖော်ပြထားသည့် လျှောက်ထားမှုနှင့် သက်ဆိုင်သော သို့မဟုတ် လျှောက်ထားချက်အရ ပေါ်ပေါက်လာသော အခြားကိစ္စရပ်များအတွက် စိစစ်၍ တွေ့ရှိချက်များပြန်လည်တင်ပြခြင်း၊

(ဂ) ဓာတ်သတ္တုထွက်ရှိရာဒေသမှဒေသခံများအတွက် လူမှုရေးတာဝန်ယူမှုဆောင်ရွက်မှုလုပ်ငန်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ အများပြည်သူများနှင့်အကြိုညှိနှိုင်းဆွေးနွေးခြင်း။

<ပြင်ဆင် 11.07.2019>

၆၈။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၆၁ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၀ နှစ် အထက်မှ ၁၅ နှစ်အထိ သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်ပြီး ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၂၇) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၆၂ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ဦးစီးဌာနလုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ကို လုပ်ငန်းပမာဏအပေါ်မူတည်၍ ၁၀ နှစ် အထက်မှ ၁၅ နှစ်အထိ သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်ပြီး ကျောက်အလတ်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၂၈)ဖြင့် ထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ပုံစံ (၂၇) နှင့် ပုံစံ (၂၈) တို့ဖြင့် ထုတ်ပေးသည့်အပေါ် တူးဖော်ရမည့် သတ္တုသိုက်၏ ခန့်မှန်းသက်တမ်းကာလသည် ၁၅ နှစ်အောက် လျော့နည်းပါက ယင်းကာလကိုသာ ခွင့်ပြုမိန့် သက်တမ်းအဖြစ် သတ်မှတ်ရမည်။

၆၉။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၆၈၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့် ထုတ်ပေးရာတွင် -

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဍာန်ပြ မြေပုံတို့အား မြေပုံညွှန်းများ ဖော်ပြလျက်ခွင့်ပြုမိန့်တစ်ခုအတွက် နည်းဥပဒေ ၁၂ ပါ ဧက ထက် မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည်၊

(ခ) မူလက ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်၊

(ဂ) မူလ ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရန် ခွင့်ပြုထားသည့် လုပ်ကွက်နှင့်တစ်ဆက်တစ်စပ်တည်း ရှိသည့် လုပ်ကွက်ပြင်ပတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များအရ ဓာတ်သတ္တုဖြစ်ထွန်းမှုရှိကြောင်း တွေ့ရှိရပါက လွတ်ကင်းမှုရှိသော ဧရိယာအား တိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလျှောက်ထားလာ လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၏ ဓာတ်သတ္တု အလတ်စား ထုတ်လုပ်ရန် ဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဓာတ်သတ္တုဖြစ်ထွန်းမှု အလားအလာ၊ ဓာတ်သတ္တုသိုက်ပမာဏ၊ အရည်အသွေး၊ သတ္တုတွင်း ဘေးကင်းလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနေအထားနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သော အကြောင်းတရားများအပေါ် မူတည်၍ ခွင့်ပြုနိုင်သည်၊

(ဃ) အတည်ပြုထားသည့် ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရေးလုပ်ငန်းအစီအစဉ်ကို ပူးတွဲ ပေးရမည်။

၇၀။ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင်သောဖြစ်ရပ်များအပါအဝင် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့်အညီ သတ်မှတ်သည့် ကာလအတွင်း ဓာတ်သတ္တုအလတ်စား ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ပါက အကြောင်းကြားစာကို တစ်ကြိမ်လျှင် ရက်သတ္တတစ်ပတ် ခန့်စီခြား၍ သုံးကြိမ်တိုင် ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ ဆက်လက်ပျက်ကွက်ပါက ဓာတ်သတ္တု အလတ်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက်လုပ်ကိုင် လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးခြောက်လကြိုတင်၍ ဆက်လက်ဆောင်ရွက်လိုသည့် ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းနှင့် စပ်လျဉ်း၍ သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၆၈၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၂၉) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၆၈၊ နည်းဥပဒေခွဲ (ခ) အရထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ ပုံစံ (၃၀) ဖြင့်လည်းကောင်း၊ သတ်မှတ်ချက်များကို ပြည့်စုံစွာ ဖော်ပြ၍ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ဧရိယာသည် သတ်မှတ်ထားသည့်အတိုင်း တစ်ဆက်တစ်စပ်တည်း ဖြစ်ရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ ခြောက်လကြိုတင်လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့်လိုခြင်းမရှိဟု မှတ်ယူရမည်။

၇၂။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနမှ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

(က) လျှောက်ထားသူသည် ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ စည်းကမ်း တစ်စုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရန် ခွင့်ပြုဧရိယာအတွင်း ထုတ်လုပ်မှုလုပ်ငန်းများကို သင့်တင့်သော နှုန်းဖြင့် တိုးတက်အောင်လုပ်ကိုင်မှု မရှိခြင်း၊

(ဂ) ထုတ်လုပ်ရန်သင့်တော်သော သတ္တုသိုက်လက်ကျန်မရှိခြင်း၊

(ဃ) လျှောက်ထားသူ၏ အဆိုပြု ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရေးလုပ်ငန်း အစီအစဉ်သည် ပြည့်စုံမှုမရှိခြင်း၊

(င) နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့်ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၇၃။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည်-

(က) ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရေးအတွက် ငြင်းပယ်ရန် ရည်ရွယ်ပါက ထိုသို့ ငြင်းပယ်လိုသော အခြေခံအကြောင်းအချက်များကို ဖော်ပြလျက် ယင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်၊ ခိုင်လုံသော ကျိုးကြောင်းဖော်ပြချက်ဖြင့် သတ်မှတ်ရက်မတိုင်မီ ရှင်းလင်းတင်ပြရန်၊ လျှောက်ထားသူထံ အကြောင်းကြားရမည်၊

Myanmar Law Information System (MLIS)

(ခ) လျှောက်ထားသူက သတ်မှတ်ရက်မတိုင်မီ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း မရှိလျှင် သို့မဟုတ် ခိုင်လုံသောကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြခြင်း မရှိလျှင် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်ရမည်။

၇၄။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင် ဝန်ကြီးဌာနသည် နည်းဥပဒေ ၆၈၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ဦးစီးဌာနသည် နည်းဥပဒေ ၆၈၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကိုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘော တူညီချက်ဖြင့်လည်းကောင်း မူလခွင့်ပြုမိန့်ကို စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲ ဖြစ်စေ တစ်ကြိမ်လျှင် သက်တမ်း ၂ နှစ် ထက်မပိုစေဘဲ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

၇၅။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည်-

(က) ခဲတွင်းသတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ္တုသိုက်များ ပြုန်းတီးစေမည့်နည်းစနစ်များကို ကျင့်သုံးလုပ်ကိုင်နေကြောင်း စိစစ်တွေ့ရှိပါက ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက သတ်မှတ်ပေးသည့် ကာလအတွင်း ယင်းသို့ ကျင့်သုံးလုပ်ကိုင်မှုကို အဘယ်ကြောင့် မရပ်ဆိုင်းသင့်ကြောင်း အကျိုးအကြောင်းဖော်ပြလျက် ရှင်းလင်းတင်ပြရန် ခွင့်ပြုမိန့်ရရှိသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာပါ သတ်မှတ်ကာလအတွင်း ပြုန်းတီးသော ခဲတွင်းသတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှု လုပ်ကိုင်နည်းကို ကျင့်သုံးလုပ်ကိုင်မှုမရှိကြောင်း ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနမှ ကျေနပ်လောက်သည်အထိ ရှင်းလင်းတင်ပြရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ ယင်း၏ကျင့်သုံး လုပ်ကိုင်မှုများသည် မမှန်ကန်ကြောင်း လုံလောက်သည့် အထောက်အထားရှိလျှင် သော်လည်းကောင်း ထိုကျင့်သုံးလုပ်ကိုင်မှုများကို သတ်မှတ်ထားသည့် ကာလအတွင်း ရပ်ဆိုင်းရန် ညွှန်ကြားနိုင်သည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထုတ်ပြန်သည့် ညွှန်ကြားချက်အတိုင်း လိုက်နာခြင်း မရှိပါက ခွင့်ပြုမိန့်ကို အချိန်ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၇၆။ တစ်ဆက်တစ်စပ်တည်းဧရိယာ သို့မဟုတ် အနီးအနားဧရိယာများတွင် ခဲတွင်းသတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူများ၏ ထုတ်လုပ်မှုလုပ်ငန်းများအားလုံး သို့မဟုတ် အချို့ကို ပေါင်းစပ်ပေးခြင်းအားဖြင့် ခဲတွင်းသတ္တုထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အကျိုးရှိမည်ဟု ဝန်ကြီးဌာနက ယူဆပါက ယင်းတို့အား သတ်မှတ်သည့် အချိန်တွင် ပေါင်းစပ်လုပ်ကိုင်ရန် ညွှန်ကြားနိုင်သည်။

## အခန်း (၈)

## ခဲတွင်းသတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

Myanmar Law Information System (MLIS)

၇၇။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အသေးစားထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လို သည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၃၁) ဖြင့်လျှောက်ထားရမည်။

၇၈။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက် အသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၃၂) ဖြင့် လျှောက်ထားရမည်။

၇၉။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၃၃) ဖြင့် လျှောက်ထားရမည်။

၈၀။ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်ရရှိထားပြီး ဘူမိဗေဒအစီရင်ခံစာ အရ သတ္တုသိုက်ပမာဏနှင့် အရည်အသွေးအပေါ် မူတည်၍ ယင်းတို့၏ ထုတ်လုပ်မှု လုပ်ငန်းအချို့ သို့မဟုတ် လုပ်ငန်းအားလုံးပေါင်းစပ်၍ အသေးစားထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်လိုပါ က နည်းဥပဒေ ၇၇၊ နည်းဥပဒေ ၇၈ နှင့် နည်းဥပဒေ ၇၉ တို့နှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားနိုင်သည်။

၈၁။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည်-

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ် အတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေဧရိယာ မဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၈၂။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည်-

(က) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းများကို ပုံစံ (၃၁)၊ ပုံစံ (၃၂) နှင့် ပုံစံ (၃၃) တို့ပါ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိထားသူက စမ်းသပ် တိုင်းတာခြင်း လုပ်ငန်းများကို ဥပဒေ၊ ဤနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တုအသေးစား ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် စိစစ်၍ ခွင့်ပြုပေးရမည်၊

(ဂ) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရေးလုပ်ငန်းအတွက် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားလာသည့်အခါ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း လုပ်ငန်းလုပ်ကိုင်ခဲ့သူက

Myanmar Law Information System (MLIS)

ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသည့် မြေနေရာဖြစ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်သော သတ္တုသိုက်ပမာဏ တွက်ချက်ထားသည့် ဘူမိဗေဒအစီရင်ခံစာအား တရားဝင်တင်ပြနိုင်ပါက နည်းဥပဒေ ၈၁ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာလျှောက်ထားသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းကို ဦးစားပေးစိစစ်ရွေးချယ်ရမည်၊

(ဃ) ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရေးလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာ အတွက် တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားလာသည့်အခါ ဓာတ်သတ္တုစမ်းသပ် တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူက ဆက်လက်ဆောင်ရွက်လိုခြင်း မရှိသည့် မြေနေရာ သို့မဟုတ် ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၈၁ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ယှဉ်ပြိုင်မှု နည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်၊

(င) နည်းဥပဒေခွဲ (ဂ) နှင့် (ဃ) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပွင့်လင်းမြင်သာမှု ရှိစွာ ဆောင်ရွက်ရမည်၊

(စ) နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားမှုနှင့် နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) တို့အရ ရွေးချယ်ခံရသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြစေရမည်။

<ပြင်ဆင် 11.07.2019>

၈၃။ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်အရ ဆောင်ရွက်ခဲ့ပြီး ယင်းလုပ်ကွက်ဧရိယာအတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဓာတ်သတ္တုကိုတွေ့ရှိပြီးနောက် ဥပဒေအရ သော်လည်းကောင်း၊ ခွင့်ပြုမိန့် ပါ စည်းကမ်းချက်များအရသော်လည်းကောင်း လွှဲပြောင်းရယူထားသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းက ဓာတ်သတ္တု အသေးစားထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လို၍ ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ ပုံစံ (၃၁) သို့မဟုတ် ပုံစံ (၃၂) သို့မဟုတ် ပုံစံ (၃၃) ဖြင့်လျှောက်ထားပါက မူလခွင့်ပြုမိန့်ရရှိသူက လျှောက်ထားပြီးသကဲ့သို့ မှတ်ယူရမည်။

၈၄။ လုပ်ကွက်စိစစ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနလုပ်ကွက်စိစစ်ရေးအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၇၇၊ နည်းဥပဒေ ၇၈၊ နည်းဥပဒေ ၇၉၊ နည်းဥပဒေ ၈၀ နှင့် နည်းဥပဒေ ၈၃ တို့အရ လျှောက်ထားချက်တွင် အောက်ပါ အချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ တွေ့ရှိချက် အစီရင်ခံစာ တင်ပြရမည်-

(က) အသေးစားထုတ်လုပ်ရန် အဆိုပြုအစီအစဉ်တွင်-

(၁) ဓာတ်သတ္တု အရင်းအမြစ်များအား အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး အသုံးပြုရန် အစီအစဉ်များ ဖော်ပြပါရှိခြင်း၊

(၂) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အစီအစဉ်များ ဖော်ပြပါရှိရမည်၊

(ခ) အဆိုပြုဧရိယာသည် ထုတ်လုပ်မှုအတွက် လိုအပ်သော ဧရိယာထက်မများခြင်း၊

Myanmar Law Information System (MLIS)

(ဂ) စမ်းသပ်တိုင်းတာရေး အစီရင်ခံစာအရ လုံလောက်သော သတ္တုသိုက်ပမာဏနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မှုရှိခြင်း။

၈၅။ လုပ်ကွက်စိစစ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနလုပ်ကွက် စိစစ်ရေးအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့တို့သည် နည်းဥပဒေ ၇၇၊ နည်းဥပဒေ ၇၈၊ နည်းဥပဒေ ၇၉၊ နည်းဥပဒေ ၈၀ နှင့် နည်းဥပဒေ ၈၃ တို့အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက်ကို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားသူအား ယင်း၏ ကုန်ကျစရိတ်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်စေနိုင်သည်-

(က) လျှောက်လွှာတွင် အဆိုပြုထားသော ခဲတံသတ္တုထုတ်လုပ်မှုလုပ်ငန်း အမှန်တကယ်စီးပွားဖြစ် ထုတ်လုပ်နိုင်မည့် အစီအစဉ်များကို ကျွမ်းကျင်သူများဖြင့် စိစစ်ခြင်း၊

(ခ) သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းက အကြောင်းကြားစာတွင် သီးသန့်ဖော်ပြထားသည့် လျှောက်ထားမှုနှင့်သက်ဆိုင်သော သို့မဟုတ် လျှောက်ထားချက်အရ ပေါ်ပေါက်လာသော အခြား ကိစ္စရပ်များအတွက် စိစစ်၍ တွေ့ရှိချက်များ ပြန်လည်တင်ပြခြင်း၊

(ဂ) ခဲတံသတ္တုထွက်ရှိရာဒေသအတွက် လူမှုရေးတာဝန်ယူဆောင်ရွက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အများပြည်သူများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြိုညှိနှိုင်း ဆွေးနွေးခြင်း။

<ပြင်ဆင် 11.07.2019>

၈၆။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည်-

(က) နည်းဥပဒေ ၇၇ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက် အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ခဲတံသတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၀ နှစ်အထိ သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်ပြီး ခဲတံသတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၃၄) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၇၈ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ဦးစီးဌာနလုပ်ကွက် စိစစ်ရေးအဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၀ နှစ်အထိ သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ကျောက် အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၃၅) ဖြင့် ထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေ ၇၉ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ခဲတံသတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ်မူတည်၍ ၁၀ နှစ်အထိ သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ခဲတံသတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၃၆) ဖြင့် ထုတ်ပေးရမည်၊

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ပုံစံ (၃၄)၊ (၃၅) နှင့် (၃၆) တို့ဖြင့် ထုတ်ပေးသည့်အပေါ် တူးဖော်ရမည့်သတ္တုသိုက်၏ ခန့်မှန်းသက်တမ်းကာလသည် ၁၀ နှစ်အောက် လျော့နည်းပါက ယင်းကာလကိုသာ ခွင့်ပြုမိန့်သက်တမ်းအဖြစ် သတ်မှတ်ရမည်။

<ပြင်ဆင် 11.07.2019>

Myanmar Law Information System (MLIS)

၈၇။ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့် ထုတ်ပေးရာတွင်-

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဌာန်ပြမြေပုံတို့အား မြေပုံညွှန်းများဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် နည်းဥပဒေ ၁၂ ပါ ဧကထက် မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည်၊

(ခ) မူလက ခွင့်ပြုမိန့် ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်၊

(ဂ) မူလ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုထားသည့် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း ရှိသည့် လုပ်ကွက်ပြင်ပတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များအရ ဓာတ်သတ္တုဖြစ်ထွန်းမှုရှိကြောင်း တွေ့ရှိရပါက လွတ်ကင်းမှုရှိသော ဧရိယာအား တိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလျှောက်ထားလာ လျှင် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၏ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ဆောင်ရွက်ခဲ့မှု အခြေအနေ ဓာတ်သတ္တုဖြစ်ထွန်းမှု အလားအလာ၊ ဓာတ်သတ္တုသိုက်ပမာဏ၊ အရည်အသွေး၊ သတ္တုတွင်း ဘေးကင်းလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု အနေအထားနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင် သော အကြောင်းတရားများအပေါ်မူတည်၍ ခွင့်ပြုနိုင်သည်၊

(ဃ) အတည်ပြုထားသည့် ဓာတ်သတ္တု အသေးစားထုတ်လုပ်ရေးလုပ်ငန်းအစီအစဉ်ကို ပူးတွဲပေးရမည်။

၈၈။ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင်သော ဖြစ်ရပ်များအပါအဝင် ခိုင်လုံသော အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့်အညီ သတ်မှတ်သည့်ကာလအတွင်း ဓာတ်သတ္တုအသေးစားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ပါက အကြောင်းကြားစာကို တစ်ကြိမ်လျှင် ရက်သတ္တတစ်ပတ် ခန့်စီခြား၍ သုံးကြိမ်တိုင် ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ ဆက်လက် ပျက်ကွက်ပါက ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၈၉။ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက် လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ ဆက်လက် ဆောင်ရွက်လိုသည့် ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းနှင့်စပ်လျဉ်း၍ သက်တမ်း တိုးမြှင့်ပေးရန် နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၃၇) ဖြင့် လည်းကောင်း၊ နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ ပုံစံ (၃၈) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၈၆၊ နည်းဥပဒေ ခွဲ (ဂ) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့သို့ ပုံစံ (၃၉) ဖြင့်လည်းကောင်း သတ်မှတ်ချက်များကို ပြည့်စုံစွာဖော်ပြ၍ လျှောက်ထား ရမည်။ ယင်းသို့ လျှောက်ထားရာတွင် ဧရိယာသည် သတ်မှတ်ထားသည့်အတိုင်း တစ်ဆက် တစ်စပ်တည်း ဖြစ်ရမည်။ ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလ ကြိုတင်လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့်လိုခြင်း မရှိဟု မှတ်ယူရမည်။

၉၀။ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းမှ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

Myanmar Law Information System (MLIS)

(က) လျှောက်ထားသူသည် ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာ ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုဧရိယာအတွင်း ထုတ်လုပ်မှုလုပ်ငန်းများကို သင့်တင့်သောနှုန်းဖြင့် တိုးတက်အောင် လုပ်ကိုင်မှုမရှိခြင်း၊

(ဂ) ထုတ်လုပ်ရန် သင့်တော်သော သတ္တုသိုက်လက်ကျန်မရှိခြင်း၊

(ဃ) လျှောက်ထားသူ၏အဆိုပြု ဓာတ်သတ္တု အသေးစားထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်သည် ပြည့်စုံမှုမရှိခြင်း၊

(င) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့်ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၉၁။ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည်-

(က) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရေးအတွက် ငြင်းပယ်ရန် ရည်ရွယ်ပါက ထိုသို့ငြင်းပယ်လိုသော အခြေခံအကြောင်းအချက်များကို ဖော်ပြလျက် ယင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သောပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်၊ ခိုင်လုံသော ကျိုးကြောင်းဖော်ပြချက်ဖြင့် သတ်မှတ်ရက်မတိုင်မီ ရှင်းလင်းတင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) လျှောက်ထားသူက သတ်မှတ်ရက်မတိုင်မီ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း မရှိလျှင် သို့မဟုတ် ခိုင်လုံသော ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြခြင်း မရှိလျှင် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်ရမည်။

၉၂။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင်-

(က) နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (က) အရထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် မူလ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ တစ်ကြိမ်လျှင် သက်တမ်း ၂ နှစ်ထက် မပိုစေဘဲ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့် ပေးနိုင်သည်၊

(ခ) နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက် မပါဘဲဖြစ်စေ တစ်ကြိမ်လျှင် သက်တမ်း ၂ နှစ်ထက် မပိုစေဘဲ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့် ပေးနိုင်သည်၊

(ဂ) နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (ဂ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ တစ်ကြိမ်လျှင် သက်တမ်း ၂ နှစ်ထက် မပိုစေဘဲ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့် ပေးနိုင်သည်။

၉၃။ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည်-

(က) ဓာတ်သတ္တု တူးဖော်မှုနှင့် ဆက်စပ်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ္တုသိုက်များ ပြုန်းတီးစေမည့် နည်းစနစ်များကို ကျင့်သုံးလုပ်ကိုင်နေကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက

Myanmar Law Information System (MLIS)

သတ်မှတ်ပေးသည့်ကာလအတွင်း ယင်းသို့ ကျင့်သုံးလုပ်ကိုင်မှုကို အဘယ်ကြောင့်မရပ်ဆိုင်းသင့်ကြောင်း အကျိုးအကြောင်းဖော်ပြလျက် ရှင်းလင်းတင်ပြရန် ခွင့်ပြုမိန့် ရရှိသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာပါ သတ်မှတ်ကာလအတွင်း ပြန်းတီးသော ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှု လုပ်ကိုင်နည်းကို ကျင့်သုံးလုပ်ကိုင်မှု မရှိကြောင်း သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းမှ ကျေနပ်လောက်သည်အထိ ရှင်းလင်းတင်ပြရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ယင်း၏ ကျင့်သုံးလုပ်ကိုင်မှုများသည် မမှန်ကန်ကြောင်း လုံလောက်သည့် အထောက်အထားရှိလျှင် သော်လည်းကောင်း ထိုကျင့်သုံးလုပ်ကိုင်မှုများကို သတ်မှတ်ထားသည့်ကာလ အတွင်းရပ်ဆိုင်းရန် ညွှန်ကြားနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထုတ်ပြန်သည့် ညွှန်ကြားချက်အတိုင်း လိုက်နာခြင်း မရှိပါက ခွင့်ပြုမိန့်ကို အချိန်ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၉၄။ တစ်ဆက်တစ်စပ်တည်း ဧရိယာ သို့မဟုတ် အနီးအနား ဧရိယာများတွင် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူများ၏ ထုတ်လုပ်မှုလုပ်ငန်းများအားလုံး သို့မဟုတ် အချို့ကို ပေါင်းစပ်ပေးခြင်းအားဖြင့် ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အကျိုးရှိမည်ဟု သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းမှ ယူဆပါက ယင်းတို့အား သတ်မှတ်သည့်အချိန်တွင် ပေါင်းစပ်လုပ်ကိုင်ရန် ညွှန်ကြားနိုင်သည်။

## အခန်း (၉)

## ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၉၅။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ ကျန်ဓာတ်သတ္တုများကို လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်လိုသည့် နိုင်ငံသားသည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၄၀) ဖြင့် လျှောက်ထားရမည်။

၉၆။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ခွင့်ပြုမိန့်ကို ၁ နှစ် သက်တမ်းသတ်မှတ်၍ ပုံစံ (၄၁) ဖြင့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်-

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ် အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာမဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း၊

(ဂ) လျှောက်ထားသူမှာ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်၌ ပါရှိသော စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ခြင်း။

၉၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၉၆ အရ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင်-

Myanmar Law Information System (MLIS)

(က) ခွင့်ပြုသော ဧရိယာသည် ခွင့်ပြုမိန့်တစ်ခုအတွက် အောက်ဖော်ပြပါ ဧရိယာထက် မပိုစေရ-

(၁) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဖြစ်လျှင် ဝ.ဝ၂ စတုရန်းကီလိုမီတာ (၅ ဧက)၊

(၂) ရွှေနှင့် အခြားအဖိုးတန် သတ္တုမှအပ အခြားသတ္တုနှင့် အလှဆင်ကျောက်ဖြစ်လျှင် ဝ.ဝ၁၂ စတုရန်းကီလိုမီတာ (၃ ဧက)၊

(၃) ရွှေနှင့်အခြားအဖိုးတန်သတ္တုဖြစ်လျှင် ဝ.ဝဝ၄ စတုရန်းကီလိုမီတာ (၁ ဧက)၊

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုရာတွင် အိမ်ထောင်စုတစ်စုလျှင် လုပ်ကွက်တစ်ကွက်ထက် မပိုစေရ၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဌာန၊ အဖွဲ့အစည်းက သတ်မှတ်ပေးသည့်အတိုင်း လိုက်နာကျင့်သုံးရမည်။ <ပြင်ဆင် 11.07.2019>

၉၈။ ဓာတ်သတ္တု လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး နှစ်လ ကြိုတင်၍ ပုံစံ (၄၀) ဖြင့် ခွင့်ပြုမိန့်အသစ် ပြန်လည်လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ နှစ်လ ကြိုတင်၍ လျှောက်ထားမှု မပြုပါက ဆက်လက်လုပ်ကိုင်လိုခြင်း မရှိဟု မှတ်ယူရမည်။

## အခန်း (၁၀)

## ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၉၉။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှအပ အောက်ဖော်ပြပါလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၄၂) ဖြင့် လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ဆင့်တက်ပြုပြင်ခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု အကြီးစား ဆင့်တက်ပြုပြင်ခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ဆင့်တက်ပြုပြင်ခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို အလတ်စား ဆင့်တက်ပြုပြင်ခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အသေးစား ဆင့်တက်ပြုပြင်ခြင်း။

၁၀၀။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှအပ နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည်-

(က) အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၄၃) ဖြင့် လျှောက်ထားရမည်-

(၁) ကျောက် အလတ်စား ဆင့်တက်ပြုပြင်ခြင်း၊



Myanmar Law Information System (MLIS)

(၂) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ကို အသေးစား ဆင့်တက်ပြုပြင်ခြင်း။

(ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့မှအပ ကျန်ဓာတ်သတ္တုများအား အသေးစားနှင့် လက်လုပ်လက်စား ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၄၄) ဖြင့် လျှောက်ထားရမည်။

၁၀၁။ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့အရ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရန် လျှောက်ထားရာတွင်-

(က) ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် အဆိုပြုအစီအစဉ်တွင်-

(၁) လိုအပ်သော ဓာတ်သတ္တုကုန်ကြမ်းအတွက် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း ခွင့်ပြုမိန့်ရရှိသူထံမှသာ ရရှိနိုင်သည့် အထောက်အထား ပါရှိရမည်၊

(၂) ဓာတ်သတ္တုအရင်းအမြစ်များအား အရည်အသွေးအားဖြင့် လည်းကောင်း၊ တန်ဖိုးအားဖြင့် လည်းကောင်း အဆင့်မြှင့်တင်မည့် နည်းစဉ်များ ဖော်ပြပါရှိရမည်၊

(၃) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အစီအစဉ်များ ဖော်ပြပါရှိရမည်၊

(၄) တည်ဆဲ အလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ မြန်မာနိုင်ငံသားများအား ခန့်ထားခြင်းနှင့် လေ့ကျင့်ပေးခြင်းတို့အတွက် ပြည့်စုံစွာ ပါဝင်ရမည်။

(ခ) အဆိုပြုဧရိယာသည် မြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကင်းရှင်းပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် သင့်တော်မည့်မြေဧရိယာ ဖြစ်ရမည်၊

(ဂ) ဓာတ်သတ္တုဆင့်တက်ပြုပြင်မှုလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်ရန် နည်းပညာ၊ ကျွမ်းကျင်မှု၊ စွမ်းရည်နှင့် အတွေ့အကြုံရှိရမည်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံခန့်ခွဲသည့် တည်ဆဲဥပဒေများနှင့် ကိုက်ညီရမည်၊

(င) လျှောက်ထားသူမှာ ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်၌ ပါရှိသော စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြထားပြီးဖြစ်ရမည်၊

(ဆ) ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ခန့်မှန်းခြေရင်းနှီးမြှုပ်နှံမှု၊ ကုန်ကျစရိတ်၊ မျှော်မှန်းသည့်ဝင်ငွေနှင့် ငွေသားစီးဆင်းမှုဖော်ပြချက်များ ပါဝင်ရမည်၊

(ဇ) ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်လွှာကို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းများကို လျှောက်ထားသူ၏ ကုန်ကျစရိတ်ဖြင့် စိစစ်ဆောင်ရွက်ရမည်။

၁၀၂။ ဝန်ကြီးဌာနသည်-

Myanmar Law Information System (MLIS)

(က) နည်းဥပဒေ ၉၉၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တု အမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ်မူတည်၍ ၁၅ နှစ်အထက်မှ နှစ် ၅၀ အထိ သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ဓာတ်သတ္တုအကြီးစားဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၅) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၉၉၊ နည်းဥပဒေခွဲ (ဂ) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေး အဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုအမျိုးအစားနှင့်လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၅ နှစ် အထက်မှ  နှစ် ၅၀ အထိ သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ဓာတ်သတ္တုအကြီးစားဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၅) ဖြင့် ထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေ ၉၉၊ နည်းဥပဒေခွဲ (ဃ) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေး အဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုအမျိုးအစားနှင့်လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၀ နှစ် အထက်မှ ၁၅ နှစ် အထိ သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ဓာတ်သတ္တုအလတ်စား ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၅) ဖြင့် ထုတ်ပေးရမည်၊

(ဃ) နည်းဥပဒေ ၉၉၊ နည်းဥပဒေခွဲ (င) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေး အဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုအမျိုးအစားနှင့်လုပ်ငန်းပမာဏအပေါ် မူတည်၍ ၅နှစ် အထက်မှ ၁၀ နှစ် အထိ သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ဓာတ်သတ္တုအသေးစား ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၅) ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 11.07.2019>

၁၀၃။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၁၀၀၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန သဘောတူညီချက်ဖြင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ ၁၀ နှစ် အထက်မှ ၁၅ နှစ် အထိ လည်းကောင်း သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်၍ ကျောက် ဆင့်တက် ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၆) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၁၀၀၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ ၅ နှစ် အထက်မှ ၁၀ နှစ် အထိ လည်းကောင်း သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်၍ ကျောက် ဆင့်တက် ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၆) ဖြင့် ထုတ်ပေးရမည်။

Myanmar Law Information System (MLIS)

၁၀၄။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၀၀၊ နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘော ထားရယူ၍ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့မှအပ ကျန်ဓာတ်သတ္တုများအား အသေးစားဆင့်တက် ပြုပြင်ခြင်း လုပ်ငန်းပမာဏအပေါ် မူတည်၍ ၅ နှစ်မှ ၁၀ နှစ်အထိ လည်းကောင်း၊ လက်လုပ်လက်စား ဆင့်တက်ပြုပြင်ခြင်းကို သက်တမ်း ၁ နှစ်စီဖြင့်လည်းကောင်း ဓာတ်သတ္တုဆင့်တက် ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၇) ဖြင့် ထုတ်ပေးရမည်။

<ပြင်ဆင် 11.07.2019>

၁၀၅။ ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူက သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ အပါအဝင် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ခွင့်ပြုမိန့်ပါ စည်းကမ်းချက် များနှင့်အညီ သတ်မှတ်သည့်ကာလအတွင်း ဓာတ်သတ္တုဆင့်တက်ပြုပြင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ပါက အကြောင်းကြားစာကို တစ်ကြိမ်လျှင် ရက်သတ္တတစ်ပတ်ခန့်စီ ခြား၍ သုံးကြိမ်တိုင် ပေးပို့ပြီးနောက် ရက်ပေါင်း ၃၀ ဆက်လက် ပျက်ကွက်ပါက ဓာတ်သတ္တုဆင့်တက် ပြုပြင်ရန် ခွင့်ပြုမိန့်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၆။ ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၁၀၂ အရထုတ်ပေးသည့် ခွင့်ပြုမိန့်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၄၈) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၁၀၃ အရထုတ်ပေးသည့် ခွင့်ပြုမိန့်များနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ ပုံစံ (၄၉) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၁၀၄ အရထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၅၀) ဖြင့် လည်းကောင်း သတ်မှတ်ချက်များကို ပြည့်စုံစွာဖော်ပြ၍ လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ သုံးလကြိုတင်လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့်လိုခြင်း မရှိဟုမှတ်ယူရမည်။

၁၀၇။ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းမှ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

(က) လျှောက်ထားသူသည် ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) လျှောက်ထားသူ၏ အဆိုပြု ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် အစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း၊

(ဂ) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၁၀၈။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည်ဟု ယူဆလျှင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၀၂၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၁၀၂၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏သဘောတူညီချက်ဖြင့်လည်းကောင်း

Myanmar Law Information System (MLIS)

မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲ ဖြစ်စေ တစ်ကြိမ်လျှင်သက်တမ်း ၅ နှစ် ထက် မပိုစေဘဲ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်၊

(ခ) ဦးစီးဌာနသည် နည်းဥပဒေ ၁၀၃ အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက် မပါဘဲ ဖြစ်စေ တစ်ကြိမ်လျှင်သက်တမ်း ၂ နှစ် ထက် မပိုစေဘဲ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၀၄ အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲ ဖြစ်စေ ဓာတ်သတ္တုအသေးစား ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့် အတွက်တစ်ကြိမ်လျှင် သက်တမ်း ၂ နှစ်ထက် မပိုစေဘဲ ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 11.07.2019>

## အခန်း (၁၁)

## ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၀၉။ ဓာတ်သတ္တု ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှအပ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင် လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၅၁) ဖြင့် လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစားရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုအကြီးစားရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အကြီးစား ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုနှင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း အလတ်စားရောင်း ချခြင်းနှင့် ဝယ်ယူခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အသေးစားရောင်းချခြင်းနှင့် ဝယ်ယူခြင်း။

၁၁၀။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှအပ နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည်-

(က) အောက်ပါလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၅၂) ဖြင့် လျှောက်ထားရမည်-

(၁) ကျောက်ကို အလတ်စားရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(၂) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ကို အသေးစားရောင်း ချခြင်းနှင့် ဝယ်ယူခြင်း။

(ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုမှအပ ကျန်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ် ကိုင်လိုပါက

Myanmar Law Information System (MLIS)

ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချ ထားပေး ရေးအဖွဲ့သို့ ပုံစံ (၅၃) ဖြင့် လျှောက်ထားရမည်။

၁၁၁။ နည်းဥပဒေ ၁၀၉ နှင့် နည်းဥပဒေ ၁၁၀ တို့အရ ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းကို လုပ်ကိုင်ရန် လျှောက်ထားရာတွင်-

(က) ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုအစီအစဉ်တွင်-

(၁) လိုအပ်သော ဓာတ်သတ္တုနှင့် စပ်လျဉ်း၍ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူက တရားဝင်ထုတ်လုပ်ခြင်း သို့မဟုတ် ဆင့်တက်ပြုပြင် ထားသည့် ဓာတ်သတ္တုဖြစ်ကြောင်းအထောက်အထားပါရှိရမည်၊

(၂) သိုလှောင်ထားရှိမည့် မြေ၊ အဆောက်အအုံနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်း၍ သင့်တော် သည့် နေရာဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်၌ပါ ရှိသော စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

၁၁၂။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၀၉၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက် ကိုလုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ နည်းဥပဒေ ၁၀၉၊ နည်းဥပဒေခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ လျှောက်ထားသည့် ခွင့်ပြုမိန့် ကိုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့်လည်းကောင်း ၃ နှစ်ထက်မပိုသော ခွင့်ပြုမိန့်သက်တမ်းအတွက် စည်းကမ်းချက်များသတ်မှတ်၍ ပုံစံ (၅၄) ဖြင့် ထုတ်ပေးနိုင်သည်၊

(ခ) ဦးစီးဌာနသည် နည်းဥပဒေ ၁၁၀၊ နည်းဥပဒေခွဲ (က) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ဦးစီးဌာနလုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ၃ နှစ်ထက် မပိုသောခွင့်ပြုမိန့်သက်တမ်းအတွက် စည်းကမ်းချက်များသတ်မှတ်၍ ပုံစံ(၅၅) ဖြင့် ထုတ်ပေးနိုင်သည်၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၁၀၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ၃ နှစ်ထက်မပိုသော ခွင့်ပြုမိန့်သက်တမ်းအတွက် စည်းကမ်းချက်များသတ် မှတ်၍ ပုံစံ (၅၆) ဖြင့် ထုတ်ပေးနိုင်သည်။

<ပြင်ဆင် 11.07.2019>

၁၁၃။ (က) ဓာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုးဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးသုံးလ ကြိုတင်၍ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၁၁၂၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့် နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ ပုံစံ (၅၇) ဖြင့် လည်းကောင်း၊ နည်းဥပဒေ ၁၁၂၊ နည်းဥပဒေခွဲ (ခ) အရထုတ်ပေးသည့် ခွင့်ပြုမိန့် နှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ ပုံစံ (၅၈) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၁၁၂၊ နည်းဥပဒေခွဲ (ဂ) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၅၉)

Myanmar Law Information System (MLIS)

ဖြင့် လည်းကောင်းလျှောက်ထားရ မည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ သုံးလ ကြိုတင်လျှောက်ထားမှုမပြုပါက သက်တမ်းတိုးမြှင့် လိုခြင်းမရှိဟု မှတ်ယူရမည်၊

(ခ) သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး နည်းဥပဒေ ၁၁၂ ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍တစ်ကြိမ်လျှင် ၃ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

## အခန်း (၁၂)

## ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ် ထက်ပိုမို၍ လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၁၄။ အောက်ပါလုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ (၆၀) ဖြင့် လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့်ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း တို့ကို ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင် ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(စ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေး စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့တွင် အနည်းဆုံး လုပ်ငန်းသုံးရပ်ကို တစ်ပေါင်းတည်း လုပ်ကိုင်ခြင်း။

၁၁၅။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုလုပ်ငန်း တစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားမှု အပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ရမည်-

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာ မဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၁၁၆။ ဝန်ကြီးဌာနသည်-

(က) ဓာတ်သတ္တုလုပ်ငန်း တစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်ရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပုံစံ (၆၀) ပါ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှု ရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တု လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်ရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာ ကိုတစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားလာပါက လျှောက်ထားသည့် မြေနေရာသည် ဒေသန္တရဘူမိဗေဒဆိုင်ရာ အချက်အလက်များ ရှာဖွေလေ့လာခြင်းမပြုရသေးသည့် မြေဧရိယာဖြစ်ပါက နည်းဥပဒေ ၁၁၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာလျှောက် ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဦးစားပေးခွင့်ပြုရေး စိစစ်ရွေးချယ်ရမည်၊

(ဂ) ဓာတ်သတ္တုလုပ်ငန်း တစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်ရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာ ကိုတစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပိုမို၍ လျှောက်ထားသည့် မြေနေရာသည် ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၁၁၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် ခွင့်ပြုနိုင်ရေး စိစစ် ရွေးချယ်ရမည်၊

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များ နှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်၊

(င) နည်းဥပဒေခွဲ (ခ) သို့မဟုတ် (ဂ) တို့အရရွေးချယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံး လုပ်နည်းများနှင့်အညီ လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအလိုက် စီမံကိန်းအဆို ပြုလွှာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ရေးဆွဲတင်ပြစေရမည်။

<ပြင်ဆင် 11.07.2019>

၁၁၇။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို လုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်အမျိုး

Myanmar Law Information System (MLIS)

အစား၊ ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်ပြီး ခွင့်ပြုမိန့်ကို ပုံစံ (၆၁) ဖြင့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (ဂ)၊ (ဃ)၊ (င)နှင့် (စ) တို့အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကိုလုပ်ကွက်စိစစ်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်အမျိုးအစား၊ ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏ အပေါ်မူတည်၍ သက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ခွင့်ပြုမိန့်ကို ပုံစံ (၆၁) ဖြင့် ထုတ်ပေးရ မည်။

<ပြင်ဆင် 11.07.2019>

၁၁၈။ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းဟူသော လုပ်ငန်းတို့တွင် တစ်ရပ်ထက် ပိုမိုသော လုပ်ငန်းများကို လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့လျှောက် ထားရမည်။ ယင်းလျှောက်ထားချက်သည် အောက်တွင်ဖော်ပြထားသည့် သက်ဆိုင်ရာ နည်းဥပဒေများ ပါ ပြဋ္ဌာန်းချက်များနှင့် အသီးသီးသက်ဆိုင်စေရမည်-

(က) ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်းအတွက် နည်းဥပဒေ ၁၅၊ နည်းဥပဒေ ၁၆၊ နည်းဥပဒေ ၁၇၊ နည်းဥပဒေ ၁၈၊

(ခ) ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်းအတွက် နည်းဥပဒေ ၃၀၊ နည်းဥပဒေ ၃၁၊ နည်းဥပဒေ ၃၂၊ နည်းဥပဒေ ၃၃၊

(ဂ) ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်း အတွက် နည်းဥပဒေ ၄၁၊ နည်းဥပဒေ ၄၂၊ နည်းဥပဒေ ၄၃၊ နည်းဥပဒေ ၄၄၊

(ဃ) ဓာတ်သတ္တု အကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်းအတွက် နည်းဥပဒေ ၅၅၊ နည်းဥပဒေ ၅၆၊ နည်းဥပဒေ ၅၇၊ နည်းဥပဒေ ၅၈၊

(င) ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်းအတွက် နည်းဥပဒေ ၇၁၊ နည်းဥပဒေ ၇၂၊ နည်းဥပဒေ ၇၃၊ နည်းဥပဒေ ၇၄၊

(စ) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်းအတွက် နည်းဥပဒေ ၈၉၊ နည်းဥပဒေ ၉၀၊ နည်းဥပဒေ ၉၁၊ နည်းဥပဒေ ၉၂၊

(ဆ) ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်းအတွက် နည်းဥပဒေ ၁၀၆၊ နည်းဥပဒေ ၁၀၇၊ နည်းဥပဒေ ၁၀၈၊

(ဇ) ဓာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ခြင်း အတွက် နည်းဥပဒေ ၁၁၃။

## အခန်း (၁၃)

## ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

Myanmar Law Information System (MLIS)

၁၁၉။ ခဲတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ခ) ရှာဖွေရေးဧရိယာအတွင်း ခွင့်ပြုမိန့်နှင့်သက်ဆိုင်သည့် ခဲတ်သတ္တုကိုသာ ရှာဖွေရေးလုပ်ငန်းများ ကိုဆောင်ရွက်ရမည်၊

(ဂ) ခွင့်ပြုမိန့် ထုတ်ပေးထားသည့် ဧရိယာအတွင်း ခဲတ်သတ္တုရှာဖွေရေးလုပ်ငန်းများကို ခွင့်ပြုမိန့်ထုတ် ပေးသည့် နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း စတင်လုပ်ဆောင်ရမည်၊

(ဃ) ခဲတ်သတ္တုရှာဖွေရေးလုပ်ငန်းကို မစတင်မီနှင့် မရပ်ဆိုင်းမီ သက်ဆိုင်ရာ နယ်မြေဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ကွက်စီစစ်ချထားပေးရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့် အရာရှိထံ မိမိ၏လုပ်ငန်းစီမံချက်ပါ အစီအစဉ်ကိုကြိုတင် အသိပေးအကြောင်းကြားရမည်၊

(င) ရှာဖွေရေးဧရိယာအတွင်းနှင့် ယင်းဧရိယာနှင့် ဆက်နွယ်သည့် လုပ်ငန်းအတွက် စာချုပ်တွင် သတ်မှတ်ထားသည့်နည်းစနစ်နှင့်အညီခွင့်ပြုမိန့်ပါ သတ်မှတ်ထားသည့် အသုံးစရိတ်ထက်မနည်း သုံးစွဲရ မည် သို့မဟုတ် သီးခြားသဘောတူထားသည့် နည်းလမ်းအတိုင်းသုံးစွဲရမည်၊

(စ) ခွင့်ပြုမိန့်ပါသတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာနှင့် လိုအပ်သည့်အချက်အလက် အထောက် အထားများကို သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ တင်ပြရမည်၊

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများတွင် သတ်မှတ်ပါရှိ သည့်အတိုင်း မြန်မာနိုင်ငံသားများအား အလုပ်သမားအဖြစ်ခန့်ထားခြင်း နှင့်လေ့ကျင့်သင်ကြားပေးခြင်း တို့ကို ဆောင်ရွက်ရမည်၊

(ဇ) ဆက်သွယ်အကြောင်းကြားနိုင်ရန် လိပ်စာ အပြောင်းအလဲရှိပါက သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ ချက်ချင်းအကြောင်းကြားရမည်၊

(ဈ) ခွင့်ပြုမိန့် ထုတ်ပေးထားသည့် ရှာဖွေရေးဧရိယာအတွင်း ခဲတ်သတ္တု ရှာဖွေရန် အခွင့်အရေးကို လုပ်ပိုင်ခွင့်အဖြစ် ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်၊

(ည) ရှာဖွေရေး ဧရိယာအတွင်းမှ ခဲတ်သတ္တု တစ်မျိုးမျိုးကို ခဲတ်ခွဲစမ်းသပ်ရန်၊ အရည်အသွေး စစ်ဆေးရန် သို့မဟုတ် စစ်ဆေးမှုများ ပြုလုပ်ရန်အတွက်မှတစ်ပါး သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့ အစည်း၏ စာဖြင့် ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းမပြုရ၊

(ဋ) အစုရှယ်ယာ အပြောင်းအလဲရှိလျှင်ဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ဝင်များ အပြောင်းအလဲရှိလျှင်ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အချိန်မီ အကြောင်းကြားရမည်၊

(ဌ) ခွင့်ပြုမိန့်ပါ ရှာဖွေရေးလုပ်ငန်းများ ပြီးမြောက်နိုင်ပါက အစီရင်ခံစာနှင့်အတူ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရန် သတ်မှတ်ချက်နှင့်အညီ အနည်းဆုံး သုံးလ ကြိုတင်၍ လျှောက်ထားနိုင်သည်။
<ပြင်ဆင် 11.07.2019>

Myanmar Law Information System (MLIS)

၁၂၀။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် နည်းဥပဒေ ၁၁၉ အရ ဆောင်ရွက်ရန်ရှိသည့် မည်သည့်တာဝန်တစ်ခုခုကို မဆိုကန့်သတ်ခြင်း၊ လျှော့ပေါ့ခြင်း၊ ပြောင်းလဲခြင်း၊ ခြွင်းချက်ဖြင့်ဆိုင်းငံ့ခြင်း သို့မဟုတ် ခြွင်းချက်မပါဘဲ ဆိုင်းငံ့ခြင်း ပြုလုပ်နိုင်သည်။

၁၂၁။ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသော ဧရိယာအတွင်း မြေအောက်၊ ရေအောက်ကြမ်းပြင် သို့မဟုတ် မြေနေရာတစ်ခုလုံးတွင်တည်ရှိနေသော ခွင့်ပြုမိန့်ပါ ဓာတ်သတ္တုကို ရှာဖွေရန်နှင့် ယင်းမြေနေရာ၏ ဓာတ်သတ္တုတည်စွဲမှုအနေအထားကို စစ်ဆေးရန် ဤနည်း ဥပဒေများနှင့် ခွင့်ပြုမိန့်ပါစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်။

## အခန်း (၁၄)

## ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၂၂။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ခ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်းများအား အတည်ပြုထားသည့် လုပ်ငန်းအစီအစဉ်နှင့် အညီဆောင်ရွက်ရမည်၊

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ဧရိယာအတွင်း ဓာတ်သတ္တု စမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို ခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း စတင်လုပ်ဆောင်ရမည်၊

(ဃ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်းကို မစတင်မီနှင့် မရပ်ဆိုင်းမီ သက်ဆိုင်ရာနယ်မြေဒေသ ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့က တာဝန်ပေးအပ်ထားသော အရာရှိထံသို့ မိမိ၏ လုပ်ငန်းစီမံချက်ပါ အစီအစဉ်ကို ကြိုတင်အသိပေး အကြောင်းကြားရမည်၊

(င) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ပါနည်းစနစ်နှင့်အညီ ကျွံသုံးစွဲမည့် အသုံးစရိတ် ထက်မနည်းသုံးစွဲရမည်၊

(စ) ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာနှင့် လိုအပ်သည့် အချက်အလက်အထောက် အထားများကို သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ တင်ပြရမည်၊

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများတွင် သတ်မှတ်ပါရှိ သည့် အတိုင်း မြန်မာနိုင်ငံသားများအား အလုပ်သမားအဖြစ်ခန့်ထားခြင်းနှင့် လေ့ကျင့်သင်ကြားပေး ခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဇ) ဆက်သွယ်အကြောင်းကြားနိုင်ရန် လိပ်စာအပြောင်းအလဲရှိပါက သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ ချက်ချင်းအကြောင်းကြားရမည်၊

(ဈ) စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်နှင့်သက်ဆိုင်သော ဓာတ်သတ္တုကိုဖြစ်စေ၊ အခြားဓာတ်သတ္တု ကိုဖြစ်စေ သတ္တုတွင်းတစ်ခုထူထောင်ပြီး ဓာတ်သတ္တုထုတ်လုပ်နိုင်သည့် ပမာဏအထိတွေ့ရှိလျှင် ယင်း သို့တွေ့ရှိကြောင်းကို

Myanmar Law Information System (MLIS)

သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ စတင်တွေ့ရှိပြီး ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားရမည်။

သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်း၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ည) သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်း၏ သီးခြားခွင့်ပြုချက်ရရှိထားခြင်း မရှိလျှင်ခွင့်ပြု ထားသည့် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးဧရိယာ၏ ဧရိယာအချို့ကို ၁ နှစ်တာကာလ ကုန်ဆုံးပြီး တိုင်း ပြန်လည်အပ်နှံရမည်၊

(ဋ) စမ်းသပ်တိုင်းတာရေး လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းလိုသော ဖြည့်စွက်ချက်များကို သက်ဆိုင် ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ အချိန်အခါအလိုက် အကြောင်းကြားရမည်ဖြစ်ပြီး သဘောတူညီမှ သာလျှင် ထိုဖြည့်စွက်ချက်များမှာ တရားဝင်အတည်ဖြစ်သည်ဟု မှတ်ယူခြင်းခံရမည်၊

(ဌ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးအစီရင်ခံစာနှင့် အချက်အလက်များကို သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ ပြည့်စုံစွာတင်ပြရမည်။

၁၂၃။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည် မှတ်ပုံတင်ထားသည့် လိပ်စာနေရာတွင် အောက်ဖော်ပြပါ စမ်းသပ်တိုင်းတာရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းများအပါအဝင် သက်ဆိုင်ရာခွင့်ပြု သည့်ဌာန၊ အဖွဲ့အစည်းက ကျေနပ်လက်ခံနိုင်သည့် မှန်ကန်ပြည့်စုံသော မှတ်တမ်းများထားရှိရမည်-

(က) တူးဖောက်ထားသည့် လွန်တွင်းများ၊ အစမ်းတွင်းများ၊ မြောင်းများနှင့် တူးဖောက်ပြီး ကလိုင်များ ၏ မှတ်တမ်းအသေးစိတ်များ၊

(ခ) ဖောက်ထွင်းပြီးသည့် ကျောက်ထပ်လွှာနမူနာနှင့် မှတ်တမ်းအသေးစိတ်များ၊

(ဂ) တွေ့ရှိသောဓာတ်သတ္တုနမူနာများနှင့် မှတ်တမ်းအသေးစိတ်များ၊

(ဃ) ဘူမိဓာတုဗေဒ သို့မဟုတ် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များ၊ စမ်းသပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ် အချက်အလက်များ၊ အသေးစိတ် ဘူမိဗေဒမြေပုံ၊ ဒေသန္တရဘူမိဗေဒမြေပုံ၊

(င) စမ်းသပ်ရန်လုပ်ငန်းကိစ္စ အလို့ငှာရယူထားသည့် ဓာတ်သတ္တုများ၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အဖြေများ၊

(စ) သတ္တုတွင်းအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ ဘူမိဗေဒ၊ စာရင်းအင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် ပညာရှင်များက ပြုစုထားသော သက်ဆိုင်ရာအစီရင်ခံစာများ၊

(ဆ) နည်းဥပဒေခွဲ (က) မှ (င) အထိ ထိန်းသိမ်းထားသည့် မှတ်တမ်းများ၏ ဘူမိဗေဒ ဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊

(ဇ) ခန့်ထားသောပုဂ္ဂိုလ်များ၏ အရေအတွက်နှင့်အသေးစိတ်အချက်အလက်များ၊

(ဈ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းနှင့်ဆက်နွှယ်နေသော အခြားလုပ်ကိုင်ဆောင်ရွက်မှုများ၊

(ည) သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက အခါအားလျော်စွာ သတ်မှတ်ထားသည့် အခြား ကိစ္စရပ်များ။

၁၂၄။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည် နည်းဥပဒေ ၁၂၃ ပါ မှတ်တမ်းမိတ္တူများ ကို ထိုမှတ်တမ်းများအရ ပြုစုသည့်အစီရင်ခံစာများနှင့်အတူ အနည်းဆုံးသုံးလလျှင် တစ်ကြိမ်သက်ဆိုင် ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ တင်ပြရမည်။

Myanmar Law Information System (MLIS)

၁၂၅။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် နည်းဥပဒေ ၁၂၃ ပါ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်ပေးနိုင်သည်။

၁၂၆။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသောဧရိယာအတွင်း မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင် ဖြစ်စေ တည်ရှိနေသော ဓာတ်သတ္တုများ၏ အရွယ်အစား၊ ပုံသဏ္ဍာန်၊ အရည်အသွေး၊ ပမာဏတို့ကို သတ်မှတ် နိုင်ရန်နှင့် သိရှိနိုင်ရန်အတွက် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်၊

(ခ) စမ်းသပ်တိုင်းတာရေးဧရိယာသို့ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်များကဖြစ်စေ တာဝန်ပေးအပ် ထားသည့် ကန်ထရိုက်တာများ သို့မဟုတ် လုပ်သားများဖြစ်စေ လိုအပ်သောယာဉ်၊ ယန္တရား၊ စက်ပစ္စည်း ကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အတူ ဝင်ရောက်ခွင့်ရှိသည်၊

(ဂ) စမ်းသပ်တိုင်းတာရေးဧရိယာသို့ဝင်ရောက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာနနှင့် အစိုးရ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် လိုအပ်သည့်လမ်းများဖောက်လုပ်ခွင့်၊ တံတားများ၊ ဆိပ်ခံတံတား များ၊ လုပ်ငန်းသဘောအရ လိုအပ်သောအခြားအခြေခံအဆောက်အအုံများ တည်ဆောက်ခွင့်ရှိသည်၊

(ဃ) စမ်းသပ်တိုင်းတာရေးဧရိယာတွင် ဘူမိဗေဒ၊ ဘူမိရူပဗေဒ၊ ဘူမိဓာတုဗေဒ ဆိုင်ရာလေ့လာခြင်း၊ လွန်တူးဖော်ခြင်း၊ အစမ်းလိုဏ်ဂူတူးဖော်ခြင်း၊ အစမ်းမြောင်းရှည်တူးဖော်ခြင်း၊ အစမ်းကျင်း တူးဖော်ခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် နမူနာကောက်ယူခြင်း၊ နမူနာဓာတ်ခွဲစမ်းသပ်ခြင်း၊ သတ္တုသားပါဝင်မှု၊ အရည်အသွေးနှင့် သတ္တုသိုက်တန်ချိန် ပမာဏစိစစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

(င) စမ်းသပ်တိုင်းတာရေး ဧရိယာအတွင်းမှ ဓာတ်သတ္တုတစ်မျိုးမျိုးကို ဓာတ်ခွဲစမ်းသပ်ရန်၊ အရည် အသွေးစစ်ဆေးရန် သို့မဟုတ် စစ်ဆေးမှုများ ပြုလုပ်ရန်အတွက်မှတစ်ပါး သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်း၏စာဖြင့် ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း မပြုရ၊

(စ) အစုရှယ်ယာအပြောင်းအလဲရှိလျှင်ဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ဝင်များ အပြောင်းအလဲရှိလျှင်ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အချိန်မီ အကြောင်းကြားရမည်။

## အခန်း (၁၅)

## ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၂၇။ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ခ) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများအား အတည်ပြုထားသည့် လုပ်ငန်းအစီ အစဉ်နှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ဧရိယာအတွင်း ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်း များကို ခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်းစတင်လုပ်ဆောင်ရမည်။

(ဃ) ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းကို မစတင်မီနှင့် မရပ်ဆိုင်းမီ သက်ဆိုင်ရာ နယ်မြေဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အရာရှိထံသို့ မိမိ၏လုပ်ငန်းစီမံချက်ပါ အစီအစဉ်ကို ကြိုတင်အသိပေးအကြောင်းကြားရမည်၊

(င) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ပါနည်းစနစ်နှင့်အညီ ကျခံသုံးစွဲရမည့် အသုံးစရိတ်ထက်မနည်းစေဘဲသုံးစွဲရမည်၊

(စ) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရေး အစီရင်ခံစာနှင့် အချက်အလက်များကို ဝန်ကြီးဌာနသို့ ပြည့်စုံစွာတင်ပြရမည်၊

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများတွင် သတ်မှတ်ပါရှိ သည့်အတိုင်း မြန်မာနိုင်ငံသားများအား အလုပ်သမားအဖြစ်ခန့်ထားခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း တို့ကို ဆောင်ရွက်ရမည်၊

(ဇ) ဆက်သွယ်အကြောင်းကြားနိုင်ရန် လိပ်စာ အပြောင်းအလဲရှိပါက ဝန်ကြီးဌာနသို့ချက်ချင်း အကြောင်းကြားရမည်။

၁၂၈။ ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူသည် မှတ်ပုံတင်ထားသည့် လိပ်စာ နေရာတွင် ဝန်ကြီးဌာနသို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးထားသည့် သက်ဆိုင်ရာဦးစီးဌာနမှ ကျေနပ် လက်ခံနိုင်သည့် မှန်ကန်ပြည့်စုံသော အောက်ဖော်ပြပါ ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးဆိုင်ရာ မှတ်တမ်း များထားရှိရမည်-

(က) တူးဖော်ထားသည့် လွန်တွင်းများ၊ အစမ်းတွင်းများ၊ မြောင်းများနှင့် တူးဖော်ပြီးကလိုင်များ ၏မှတ်တမ်းအသေးစိတ်များ၊

(ခ) ဖောက်ထွင်းပြီးသည့် ကျောက်ထပ်လွှာနမူနာနှင့် မှတ်တမ်းအသေးစိတ်များ၊

(ဂ) တွေ့ရှိသောဓာတ်သတ္တုနမူနာများနှင့် မှတ်တမ်းအသေးစိတ်များ၊

(ဃ) ဘူမိဓာတုဗေဒ သို့မဟုတ် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များ၊ စမ်းသပ်မှုဆိုင်ရာဒစ်ဂျစ်တယ် အချက်အလက်များ၊ အသေးစိတ်ဘူမိဗေဒမြေပုံ၊ ဒေသန္တရဘူမိဗေဒမြေပုံ၊

(င) စမ်းသပ်ရန်လုပ်ငန်းကိစ္စအလို့ငှာ စမ်းသပ်ရန် ရယူထားသည့် ဓာတ်သတ္တုများ၏ ဓာတ်ခွဲစမ်း သပ်စစ်ဆေးခြင်း အဖြေများ၊

(စ) သတ္တုတွင်း အင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ ဘူမိဗေဒ၊ စာရင်းအင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် ပညာရှင်များ၏ သက်ဆိုင်ရာ အစီရင်ခံစာများ၊

(ဆ) (သ-၂) အဆင့် သတ္တုသိုက်တန်ချိန်ပမာဏ တွက်ချက်မှုနှင့် ဇယားများ၊

(ဇ) ခန့်ထားသော အလုပ်သမား၊ ဝန်ထမ်းများ၏ အရေအတွက်နှင့် အသေးစိတ်အချက်အလက်များ၊

(ဈ) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းနှင့် ဆက်နွယ်နေသော အခြားလုပ်ကိုင်ဆောင်ရွက်မှု များ၊

(ည) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် အခြားကိစ္စရပ်များ။

၁၂၉။ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) နည်းဥပဒေ ၁၂၈ အရ ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့်အချက်အလက်များကို ဝန်ကြီးဌာနက အာဏာအပ်နှင်းထားသော အရာရှိအား အချိန်မရွေးစစ်ဆေးခွင့်ပြုရမည်၊

Myanmar Law Information System (MLIS)

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာလိုအပ်၍ တောင်းခံလျှင် နည်းဥပဒေ ၁၂၈ အရ ထိန်းသိမ်းထား ရှိသော မှတ်တမ်းနှင့်အချက်အလက်များ၏ မိတ္တူမှန်ကို အခမဲ့ပေးပို့ရမည်။

၁၃၀။ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူသည် နည်းဥပဒေ ၁၂၈ ပါ မှတ်တမ်း မိတ္တူများကို ထိုမှတ်တမ်းများအရ ပြုစုသည့် အစီရင်ခံစာများနှင့်အတူ အနည်းဆုံးသုံးလလျှင်တစ်ကြိမ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသို့ တင်ပြရမည်။

၁၃၁။ ဝန်ကြီးဌာန သို့မဟုတ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် နည်းဥပဒေ ၁၂၈ ပါ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်ပေးနိုင်သည်။

၁၃၂။ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသော ဧရိယာအတွင်း မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင် ဖြစ်စေတည်ရှိနေသော ဓာတ်သတ္တုများ၏ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေး၊ ပမာဏတို့ကို သတ်မှတ်နိုင်ရန်နှင့် သိရှိနိုင်ရန်အတွက် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်၊

(ခ) ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး ဧရိယာသို့ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်များက ဖြစ်စေ တာဝန်ပေးအပ်ထားသည့် ကန်ထရိုက်တာများ သို့မဟုတ် လုပ်သားများ ဖြစ်စေလိုအပ်သော ယာဉ်၊ ယန္တရား၊ စက်ပစ္စည်းကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့်အတူ ဝင်ရောက်ခွင့်ရှိသည်၊

(ဂ) ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး ဧရိယာသို့ ဝင်ရောက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရ ဌာနနှင့် အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် လိုအပ်သည့် လမ်းများဖောက်လုပ်ခွင့်၊ တံတားများ၊ ဆိပ်ခံတံတားများ၊ လုပ်ငန်းသဘောအရ လိုအပ်သော အခြားအခြေခံအဆောက်အအုံများ တည်ဆောက်ခွင့်ရှိသည်၊

(ဃ) ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးဧရိယာတွင် လွန်တွင်းတူးဖော်ခြင်း၊ ကလိုင်ပြုလုပ်ခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးနှင့် ဆက်နွှယ်နေသည့်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်၊

(င) ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးဧရိယာအတွင်းမှ ဓာတ်သတ္တုတစ်မျိုးမျိုးကို ဓာတ်ခွဲစမ်းသပ်ရန်၊ အရည်အသွေးစစ်ဆေးရန် သို့မဟုတ် စစ်ဆေးမှုများပြုလုပ်ရန်အတွက်မှ တစ်ပါးဝန်ကြီးဌာန၏ စာဖြင့် ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်း ပေးခြင်းမပြုရ၊

(စ) အစုရှယ်ယာ အပြောင်းအလဲရှိလျှင်ဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ဝင်များ အပြောင်းအလဲရှိလျှင်ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အချိန်မီ အကြောင်းကြားရမည်။

**အခန်း (၁၆)**

**ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ**

၁၃၃။ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိသူသည်-



Myanmar Law Information System (MLIS)

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ နည်းစနစ်နှင့်အညီ ခွင့်ပြုထားသော ဓာတ်သတ္တုကို ထုတ်လုပ်ရမည်၊

(ဂ) အတည်ပြုထားသော သတ္တုတွင်းထူထောင်ရေးနှင့် ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်း အစီအစဉ်နှင့် အညီခွင့်ပြုထားသော ဓာတ်သတ္တုကို တူးဖော်ရမည်၊

(ဃ) ဝန်ကြီးဌာနမှ အခါအားလျော်စွာ လိုအပ်ချက်အရသတ်မှတ်ထားသည့် ဓာတ်သတ္တုအကြီးစားထုတ် လုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြရမည်၊

(င) ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ၌ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် နည်းလမ်းမှန်ကန် သော ဓာတ်သတ္တုတူးဖော်မှုဖြစ်ရေးတို့အတွက် ဆောင်ရွက်ရမည်၊

(စ) သတ္တုတွင်းထူထောင်ရေးနှင့် ဓာတ်သတ္တုထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်တွင် ပါရှိသော ထုတ်လုပ်မှုစတင်ရန် သတ်မှတ်ထားသောနေ့ မကျော်လွန်မီ ထုတ်လုပ်မှုကို စတင်ရမည်။ ထုတ်လုပ်မှုကို စတင်လိုသည့်အခါ သို့မဟုတ် ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုသည့်အခါ ဝန်ကြီးဌာနသို့ ကြိုတင် အကြောင်းကြားရမည်၊

(ဆ) ဝန်ကြီးဌာန၏ ခွင့်ပြုသည့် ဧရိယာအားလုပ်ကွက်နယ်နိမိတ် တိုင်းတာသတ်မှတ်စိုက်ထူခြင်း လုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ကျခံရမည်၊

(ဇ) ဓာတ်သတ္တုတူးဖော် ထုတ်လုပ်ပြီးစီးခဲ့သော ဧရိယာများတွင် သတ္တုတွင်းပိတ်သိမ်းမှုအစီအစဉ်ပါ အတိုင်းမြေပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန် အစီအစဉ်ပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်၊

(ဈ) ဆက်သွယ်အကြောင်းကြားနိုင်ရန် လိပ်စာ အပြောင်းအလဲရှိပါက ဝန်ကြီးဌာန၊ သက်ဆိုင်ရာဦးစီး ဌာနနှင့် လုပ်ငန်းဌာနများသို့ ချက်ချင်းအကြောင်းကြားရမည်၊

(ည) ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရာတွင် စက်ယန္တရားနှင့် စက်ကိရိယာများ၊ စက်ပစ္စည်းများကို နောက်ဆက်တွဲ (က) နှင့်အညီ အသုံးပြုခွင့်ရှိသည်၊

(ဋ) တားမြစ်ကန့်သတ်ထားသော ဓာတုပစ္စည်းနှင့်ဓာတ်ဆေးများကို တည်ဆဲဥပဒေများအရ သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ဆောင်ရွက်ခြင်းနှင့် သုံးစွဲခြင်းပြုရမည်၊

၁၃၄။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် မှတ်ပုံတင်ထားသည့် လိပ်စာနေရာတွင် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှတာဝန်ပေးထားသည့် သက်ဆိုင်ရာလုပ်ငန်းဌာနမှ ကျေနပ်လက်ခံ နိုင်သည့် မှန်ကန်ပြည့်စုံသော အောက်ဖော်ပြပါ အကြီးစားထုတ်လုပ်ရေးဆိုင်ရာမှတ်တမ်းများထား ရှိရမည်-

(က) တူးဖောက်ထားသည့် လွန်တွင်းများ၊ အစမ်းတွင်းများ၊ မြောင်းများနှင့် တူးဖောက်ပြီး ကလိုင်များ ၏မှတ်တမ်းအသေးစိတ်များ၊

(ခ) ဖောက်ထွင်းပြီးသည့် ကျောက်ထပ်လွှာနမူနာနှင့်မှတ်တမ်း အသေးစိတ်များ၊

(ဂ) တွေ့ရှိသော ဓာတ်သတ္တုနမူနာများနှင့် မှတ်တမ်းအသေးစိတ်များ၊

Myanmar Law Information System (MLIS)

(ဃ) ဘူမိဓာတုဗေဒ သို့မဟုတ် ဘူမိရူပဗေဒ ဆိုင်ရာအချက်အလက်များ၊ စမ်းသပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်အချက်အလက်များ၊ အသေးစိတ်ဘူမိဗေဒမြေပုံ၊ ဒေသန္တရဘူမိဗေဒမြေပုံ၊

(င) စမ်းသပ်ရန်လုပ်ငန်းကိစ္စ အလို့ငှာ ရယူထားသည့် ဓာတ်သတ္တုများ၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အဖြေများ၊

(စ) သတ္တုတွင်းအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ ဘူမိဗေဒ၊ စာရင်းအင်း၊ ပတ်ဝန်းကျင်ထိန်း သိမ်းရေးစသည့် ပညာရှင်များ၏ သက်ဆိုင်ရာ အစီရင်ခံစာများ၊

(ဆ) ခန့်ထားသော အလုပ်သမား၊ ဝန်ထမ်းများ၏အရေအတွက်နှင့် အသေးစိတ်အချက်အလက်များ၊

(ဇ) ဓာတ်သတ္တုအကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်နွယ်နေသော အခြားလုပ်ကိုင်ဆောင်ရွက် မှုများ၊

(ဈ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်ထားသည့် အခြားကိစ္စရပ်များ။

၁၃၅။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) နည်းဥပဒေ ၁၃၄အရ ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့် အချက်အလက်များကို ဝန်ကြီးဌာနက အာဏာအပ်နှင်းထားသော အရာရှိအား အချိန်မရွေး စစ်ဆေးခွင့်ပြုရမည်၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာ လိုအပ်၍ တောင်းခံလျှင် နည်းဥပဒေ ၁၃၄ အရ ထိန်းသိမ်းထားရှိ သောမှတ်တမ်းနှင့် အချက်အလက်များ၏ မိတ္တူမှန်ကို အခမဲ့ပေးပို့ရမည်။

၁၃၆။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ရေးဧရိယာတွင် တည်ရှိနေသော ခွင့်ပြုထားသည့် ဓာတ်သတ္တုများကို ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်၊

(ခ) တူးဖော်ရေးဧရိယာသို့ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်များကဖြစ်စေ တာဝန်ပေးအပ်ထား သည့်ကန်ထရိုက်တာများ သို့မဟုတ် လုပ်သားများကဖြစ်စေ လိုအပ်သော ယာဉ်၊ ယန္တရား၊ စက်ပစ္စည်းကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့်အတူ ဝင်ရောက်ခွင့်ရှိသည်၊

(ဂ) တူးဖော်ရေးဧရိယာသို့ ဝင်ရောက်နိုင်ရန် တည်ရှိပြီးလမ်းများ၊ တံတားများ၊ ဆိပ်ခံတံတားများကို ဥပဒေနှင့်အညီ အသုံးပြုခွင့်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်း များ၏ ခွင့်ပြုချက်ဖြင့် လိုအပ်သည့်လမ်းများဖောက်လုပ်ခွင့်၊ တံတားများ၊ ဆိပ်ခံတံတားများ၊ လုပ်ငန်း သဘောအရ လိုအပ်သော အခြားအခြေခံအဆောက်အအုံများတည်ဆောက်ခွင့်ရှိသည်၊

(ဃ) တူးဖော်ရေးဧရိယာတွင် ဓာတ်သတ္တုထုတ်လုပ်ရေးအတွက် လိုအပ်သည့်တည်ဆောက်မှု လုပ်ငန်း များဆောင်ရွက်ခွင့်ရှိသည်၊

(င) လုပ်ငန်းဆောင်ရွက်မှု အခြေအနေအရလိုအပ်ပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ပြည်ပမှ နည်းပညာများရယူခြင်း၊ ပညာရှင်များခေါ်ယူငှားရမ်းသုံးစွဲခြင်း ပြုနိုင်သည်၊

(စ) အစုရှယ်ယာအပြောင်းအလဲရှိလျှင်ဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ဝင်များ အပြောင်းအလဲရှိလျှင်ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အချိန်မီအ ကြောင်းကြားရမည်၊

Myanmar Law Information System (MLIS)

(ဆ) ထုတ်လုပ်ရရှိသည့် ခဲတ်သတ္တုထုတ်ကုန်များအား ပြည်တွင်း၌ ရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်။

## အခန်း (၁၇)

## ခဲတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

၁၃၇။ ခဲတ်သတ္တုအလတ်စား ထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါစည်းကမ်းများကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါနည်းစနစ်နှင့်အညီ ခွင့်ပြုထားသော ခဲတ်သတ္တုကိုထုတ်လုပ်ရမည်၊

(ဂ) အတည်ပြုထားသော သတ္တုတွင်းထူထောင်ရေးနှင့် ခဲတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်း အစီအစဉ်နှင့်အညီ ခွင့်ပြုထားသောခဲတ်သတ္တုကို တူးဖော်ရမည်၊

(ဃ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနမှ လိုအပ်ချက်အရ အခါအားလျော်စွာသတ်မှတ်ထားသော ခဲတ်သတ္တုအလတ်စားထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များကို တင်ပြရမည်၊

(င) ခဲတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ၌ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် နည်းလမ်းမှန်ကန် သော ခဲတ်သတ္တုတူးဖော်မှုဖြစ်ရေးတို့အတွက် ဆောင်ရွက်ရမည်၊

(စ) သတ္တုတွင်းထူထောင်ရေးနှင့် ခဲတ်သတ္တုထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်တွင်ပါရှိသော ထုတ်လုပ်မှုစတင်ရန် သတ်မှတ်ထားသောနေ့ မကျော်လွန်မီ ထုတ်လုပ်မှုကိုစတင်ရမည်။ ထုတ်လုပ်မှုကို စတင်လိုသည့်အခါ သို့မဟုတ် ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုသည့်အခါ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားရမည်၊

(ဆ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုသည့်ဧရိယာအား လုပ်ကွက်နယ်နိမိတ် တိုင်းတာသတ်မှတ် စိုက်ထူခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ကျခံရမည်။

(ဇ) ခဲတ်သတ္တုတူးဖော်ထုတ်လုပ်ပြီးစီးခဲ့သော ဧရိယာများတွင် သတ္တုတွင်းပိတ်သိမ်းမှုအစီအစဉ် ပါအတိုင်းပြန်လည်မြေဖို့ခြင်း၊ သစ်ပင်များ ပြန်လည်စိုက်ပျိုးရန် အစီအစဉ် ပြုလုပ်ခြင်းနှင့် မြေပြင်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်၊

(ဈ) ဆက်သွယ် အကြောင်းကြားနိုင်ရန် လိပ်စာ အပြောင်းအလဲရှိပါက ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်၊

(ည) ခဲတ်သတ္တု တူးဖော်ထုတ်လုပ်ရာတွင် စက်ယန္တရားနှင့် စက်ကိရိယာများ၊ စက်ပစ္စည်းများကို နောက်ဆက်တွဲ (က) နှင့်အညီ အသုံးပြုခွင့်ရှိသည်၊

(ဋ) တားမြစ်ကန့်သတ်ထားသော ခဲတုပစ္စည်းနှင့် ခဲတ်ဆေးများကို တည်ဆဲဥပဒေများအရ သတ်မှတ် ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ဆောင်ရွက်ခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

Myanmar Law Information System (MLIS)

၁၃၈။ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် မှတ်ပုံတင်ထားသည့် လိပ်စာနေရာ တွင် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးထားသည့် သက်ဆိုင်ရာ လုပ်ငန်းမှ ကျေနပ်လက်ခံနိုင်သည့် မှန်ကန်ပြည့်စုံသော အောက်ဖော်ပြပါ အလတ်စား ထုတ်လုပ်ရေး ဆိုင်ရာ မှတ်တမ်းများထားရှိရမည်-

(က) တူးဖောက်ထားသည့် လွန်တွင်းများ၊ အစမ်းတွင်းများ၊ မြောင်းများနှင့် တူးဖောက်ပြီး ကလိုင်များ၏ မှတ်တမ်းအသေးစိတ်များ၊

(ခ) ဖောက်ထွင်းပြီးသည့် ကျောက်ထပ်လွှာနမူနာနှင့်မှတ်တမ်းအသေးစိတ်များ၊

(ဂ) တွေ့ရှိသော ဓာတ်သတ္တုနမူနာများနှင့် မှတ်တမ်းအသေးစိတ်များ၊

(ဃ) ဘူမိဓာတုဗေဒ သို့မဟုတ် ဘူမိရူပဗေဒ ဆိုင်ရာအချက်အလက်များ၊ စမ်းသပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်အချက်အလက်များ၊ အသေးစိတ်ဘူမိဗေဒမြေပုံ၊ ဒေသန္တရဘူမိဗေဒမြေပုံ၊

(င) စမ်းသပ်ရန်လုပ်ငန်းကိစ္စအလို့ငှာ စမ်းသပ်ရန် ရယူထားသည့် ဓာတ်သတ္တုများ၏ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်း အဖြေများ၊

(စ) သတ္တုတွင်းအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ ဘူမိဗေဒ၊ စာရင်းအင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် ပညာရှင်များ၏ သက်ဆိုင်ရာ အစီရင်ခံစာများ၊

(ဆ) ခန့်ထားသောအလုပ်သမား၊ ဝန်ထမ်းများ၏ အရေအတွက်နှင့် အသေးစိတ်အချက်အလက်များ၊

(ဇ) ဓာတ်သတ္တုအလတ်စားထုတ်လုပ်ခြင်းနှင့် ဆက်နွှယ်နေသော အခြားလုပ်ကိုင်ဆောင်ရွက်မှုများ၊

(ဈ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှတာဝန်ပေးထားသည့် သက်ဆိုင်ရာ လုပ်ငန်းကအခါအားလျော်စွာသတ်မှတ်ထားသည့် အခြားကိစ္စရပ်များ။

၁၃၉။ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိသူသည်-

(က) နည်းဥပဒေ ၁၃၈ အရ ထိန်းသိမ်းထားရှိသော စာအုပ်များကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးထားသည့် သက်ဆိုင်ရာလုပ်ငန်းက အာဏာအပ်နှင်းထားသော အရာရှိအား အချိန်မရွေးစစ်ဆေးခွင့်ပြုရမည်၊

(ခ) ဝန်ကြီးဌာန သို့မဟုတ်ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးထားသည့် သက်ဆိုင်ရာ လုပ်ငန်းက အခါအားလျော်စွာ လိုအပ်၍ တောင်းခံလျှင် နည်းဥပဒေ ၁၃၈ အရ ထိန်းသိမ်းထားရှိသော စာအုပ်များနှင့် မှတ်တမ်းများ၏ ဓာတ်ပုံမိတ္တူများကို အခမဲ့ပေးပို့ရမည်။

၁၄၀။ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ရေးဧရိယာတွင် တည်ရှိနေသော ခွင့်ပြုထားသည့် ဓာတ်သတ္တုများကို ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်၊

(ခ) တူးဖော်ရေးဧရိယာသို့ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်များကဖြစ်စေ တာဝန်ပေးအပ်ထား သည့် ကန်ထရိုက်တာများ သို့မဟုတ် လုပ်သားများကဖြစ်စေ လိုအပ်သော ယာဉ်၊ ယန္တရား၊ စက်ပစ္စည်း ကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့်အတူ ဝင်ရောက်ခွင့်ရှိသည်၊

Myanmar Law Information System (MLIS)

(ဂ) တူးဖော်ရေးဧရိယာသို့ ဝင်ရောက်နိုင်ရန် တည်ရှိပြီးလမ်းများ၊ တံတားများ၊ ဆိပ်ခံတံတားများကို ဥပဒေနှင့်အညီ အသုံးပြုခွင့်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်း များ၏ ခွင့်ပြုချက်ဖြင့် လိုအပ်သည့်လမ်းများ၊ ဖောက်လုပ်ခွင့်၊ တံတားများ၊ ဆိပ်ခံတံတားများ၊ လုပ်ငန်း သဘောအရ လိုအပ်သော အခြားအခြေခံအဆောက်အအုံများတည်ဆောက်ခွင့်ရှိသည်၊

(ဃ) တူးဖော်ရေးဧရိယာတွင် ဓာတ်သတ္တု ထုတ်လုပ်ရေးအတွက် လိုအပ်သည့် တည်ဆောက်မှုလုပ်ငန်း များ ဆောင်ရွက်ခွင့်ရှိသည်၊

(င) လုပ်ငန်းဆောင်ရွက်မှုအခြေအနေအရ လိုအပ်ပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ပြည်ပမှ နည်းပညာများရယူခြင်း၊ ပညာရှင်များ ခေါ်ယူငှားရမ်း သုံးစွဲခြင်းပြုနိုင်သည်၊

(စ) အစုရှယ်ယာ အပြောင်းအလဲရှိလျှင်ဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ဝင်များ အပြောင်းအလဲရှိလျှင် ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အချိန်မီ အကြောင်းကြားရမည်၊

(ဆ) ထုတ်လုပ်ရရှိသည့် ဓာတ်သတ္တုထုတ်ကုန်များအား ပြည်တွင်း၌ရောင်းချခြင်းနှင့်ပြည်ပသို့ တင်ပို့ ရောင်းချခြင်းလုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်။

## အခန်း (၁၈)

## ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၄၁။ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ နည်းစနစ်နှင့်အညီ ခွင့်ပြုထားသော ဓာတ်သတ္တုကို ထုတ်လုပ်ရမည်၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်း အစီအစဉ်နှင့်အညီ ခွင့်ပြုထားသော ဓာတ်သတ္တုကိုတူးဖော် ရမည်၊

(ဃ) သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းမှ အခါအားလျော်စွာ သတ်မှတ်ထားသော ဓာတ်သတ္တု အသေးစားထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များကို တင်ပြရမည်၊

(င) ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ၌ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် နည်းလမ်းမှန်ကန် သော ဓာတ်သတ္တုတူးဖော်မှုဖြစ်ရေးတို့အတွက် ဆောင်ရွက်ရမည်၊

(စ) သတ္တုတွင်းထူထောင်ရေးနှင့် ဓာတ်သတ္တုထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်တွင် ပါရှိသော ထုတ်လုပ်မှုစတင်ရန် သတ်မှတ်ထားသောနေ့ မကျော်လွန်မီ ထုတ်လုပ်မှုကို စတင်ရမည်။ ထုတ်လုပ်မှုကို စတင်လိုသည့်အခါ သို့မဟုတ် ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုသည့်အခါ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့ အစည်းသို့ ကြိုတင်အကြောင်းကြားရမည်၊

(ဆ) သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုသည့် ဧရိယာအားလုပ်ကွက်နယ်နိမိတ်တိုင်း တာသတ်မှတ် စိုက်ထူခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ကျခံရမည်၊

Myanmar Law Information System (MLIS)

(ဇ) ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်း တစ်ခုကို မစတင်မီနှင့် မရပ်ဆိုင်းမီ သက်ဆိုင်ရာနယ်မြေဒေသရှိ အုပ်ချုပ်ရေးအဖွဲ့ အစည်းများနှင့် သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းက တာဝန်ပေးအပ်ထား သော တာဝန်ခံထံသို့ကြိုတင်အသိပေးအကြောင်းကြားရမည်၊

(ဈ) ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရာတွင် စက်ယန္တရားနှင့်စက်ကိရိယာများ၊ စက်ပစ္စည်းများကို နောက်ဆက်တွဲ (က) နှင့်အညီ အသုံးပြုခွင့်ရှိသည်၊

(ည) တားမြစ်ကန့်သတ်ထားသော ဓာတုပစ္စည်းနှင့် ဓာတ်ဆေးများကို တည်ဆဲဥပဒေများအရ သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ဆောင်ရွက်ခြင်းနှင့်သုံးစွဲခြင်းပြုရမည်။

၁၄၂။ ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ရေး ဧရိယာတွင် တည်ရှိနေသော ခွင့်ပြုထားသည့် ဓာတ်သတ္တုများကို ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်၊

(ခ) တူးဖော်ရေးဧရိယာသို့ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်များကဖြစ်စေ တာဝန်ပေးအပ်ထား သည့် ကန်ထရိုက်တာများ သို့မဟုတ် လုပ်သားများက ဖြစ်စေလိုအပ်သော ယာဉ်၊ ယန္တရားများ၊ စက်ပစ္စည်းကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့်အတူ ဝင်ရောက်ခွင့်ရှိသည်၊

(ဂ) တူးဖော်ရေးဧရိယာသို့ ဝင်ရောက်နိုင်ရန် တည်ရှိပြီး လမ်းများ၊ တံတားများ၊ ဆိပ်ခံတံတားများကို ဥပဒေနှင့်အညီအသုံးပြုခွင့်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရ အဖွဲ့အစည်း များ၏ ခွင့်ပြုချက်ဖြင့် လိုအပ်သည့် လမ်းများဖောက်လုပ်ခွင့်၊ တံတားများ၊ ဆိပ်ခံတံတား များ၊ လုပ်ငန်းသဘောအရ လိုအပ်သော အခြားအခြေခံအဆောက်အအုံများ တည်ဆောက်ခွင့်ရှိသည်၊

(ဃ) တူးဖော်ရေးဧရိယာတွင် ဓာတ်သတ္တုထုတ်လုပ်ရေးအတွက် လိုအပ်သည့် ထူထောင်မှု လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်၊

(င) ထုတ်လုပ်ရရှိသည့် ဓာတ်သတ္တုထုတ်ကုန်များအား ပြည်တွင်း၌ ရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်၊

(စ) အစုရှယ်ယာအပြောင်းအလဲရှိလျှင်ဖြစ်စေ၊ ဒါရိုက်တာအဖွဲ့ဝင်များ အပြောင်းအလဲရှိလျှင် ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အချိန်မီ အကြောင်းကြားရမည်၊

(ဆ) လုပ်ငန်းဆောင်ရွက်မှုအခြေအနေအရ လိုအပ်ပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှ နည်းပညာများရယူခြင်း၊ ပညာရှင်များခေါ်ယူငှားရမ်းသုံးစွဲခြင်း ပြုနိုင်သည်။

## အခန်း (၁၉)

## ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ၏တာဝန်နှင့်အခွင့်အရေးများ

၁၄၃။ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

Myanmar Law Information System (MLIS)

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ခ) ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရာတွင် စက်ယန္တရားနှင့် စက်ကိရိယာများ၊ စက်ပစ္စည်းများကို နောက်ဆက်တွဲ (က) နှင့်အညီသာလျှင် အသုံးပြုရမည်၊

(ဂ) တားမြစ်ကန့်သတ်ထားသော ဓာတုပစ္စည်းနှင့်ဓာတ်ဆေးများကို တည်ဆဲဥပဒေများအရ သတ်မှတ်ထားသောစည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ဆောင်ရွက်ခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

၁၄၄။ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ရေးဧရိယာတွင်တည်ရှိနေသော ဓာတ်သတ္တုများကို ခွင့်ပြုမိန့်ပါ စည်းကမ်းများနှင့်အညီ တစ်ဦးတည်းလုပ်ပိုင်ခွင့်ရှိသည်၊

(ခ) တူးဖော်ရေးဧရိယာသို့ မိမိကိုယ်တိုင်ဖြစ်စေ၊ လုပ်သားများကဖြစ်စေ လိုအပ်သော ယာဉ်၊ စက်ပစ္စည်းကိရိယာများနှင့်အတူ ဝင်ရောက်ခွင့်ရှိသည်၊

(ဂ) တူးဖော်ရေးဧရိယာသို့ ဝင်ရောက်နိုင်ရန် တည်ရှိပြီး လမ်းများ၊ တံတားများ၊ ဆိပ်ခံတံတားများကို ဥပဒေနှင့်အညီ အသုံးပြုခွင့်ရှိသည်၊

(ဃ) ထုတ်လုပ်ရရှိသည့် ဓာတ်သတ္တုထုတ်ကုန်များအား ပြည်တွင်း၌ရောင်းချခြင်း လုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်။

**အခန်း (၂၀)**

**ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ**

၁၄၅။ ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ ဆင့်တက်ပြုပြင်ခြင်းနည်းစဉ်ကို အသုံးပြုရမည်၊

(ဂ) တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသော ဓာတုပစ္စည်းများ၊ ဓာတ်ဆေးများကို အသုံးပြုရမည်၊

(ဃ) ဓာတ်သတ္တုဆင့်တက်ပြုပြင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၄၆။ ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) ဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များအရ သတ်မှတ် ထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်၊

(ခ) တည်ဆဲဥပဒေများနှင့်အညီ ဓာတုပစ္စည်းများ၊ ဓာတ်ဆေးများကို သုံးစွဲလိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံသို့ တင်ပြ၍ သီးခြားခွင့်ပြုချက်ရယူနိုင်သည်၊

(ဂ) ခေတ်မီနည်းပညာအရ စက်ပစ္စည်းများကို ဝယ်ယူတင်သွင်းရန် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးရေးအတွက် ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ တင်ပြနိုင် သည်။



Myanmar Law Information System (MLIS)

## အခန်း (၂၁)

## ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၏တာဝန်နှင့် အခွင့် အရေးများ

၁၄၇။ ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့် ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါစည်းကမ်းများကို လိုက်နာရမည်၊

(ခ) သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းကအခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းတို့ကို လုပ်ဆောင်ရမည်၊

(ဂ) ဝယ်ယူသည့် ဓာတ်သတ္တုများနှင့်စပ်လျဉ်း၍ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ် ထားကြောင်း သို့မဟုတ် ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူက ဆင့်တက်ပြုပြင် ထားသည့် ဓာတ်သတ္တုဖြစ်ကြောင်း အထောက်အထားရယူရမည်၊

(ဃ) ဓာတ်သတ္တုများ သယ်ဆောင်ရာတွင် လည်းကောင်း၊ ဓာတ်သတ္တုများ သိုလှောင်ထားရှိမည့် မြေနေရာနှင့် အဆောက်အအုံများသည် လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် ဘေး အန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အလေးပေးဆောင်ရွက်ရမည်။

၁၄၈။ ဓာတ်သတ္တုရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်၊

(ခ) သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းကအခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များ နှင့် အညီ အခွင့်အရေးများကို ခံစားခွင့်ရှိသည်၊

(ဂ) ဓာတ်သတ္တုဆင့်တက်ပြုပြင်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော ဓာတ်သတ္တုများအား ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၂၂)

## ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့တွင် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ငန်းများကို လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၏တာဝန်နှင့် အခွင့်အရေးများ

၁၄၉။ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတို့တွင် လုပ်ငန်းတစ်ရပ်ထက်ပိုမို ၍လုပ်ငန်းများကို လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါစည်းကမ်းများကိုလိုက်နာရမည်၊

(ခ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းတစ်ရပ် ထက်ပိုမိုသော လုပ်ငန်းများကို လုပ်ကိုင်ခြင်း ဖြစ်ပါက ဤနည်းဥပဒေများ၏ အခန်း (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၀) နှင့် (၂၁) တို့ပါ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများကို ခံစားခွင့်ရှိသည်၊

(ဂ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ဓာတ်သတ္တု အလတ်စား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်း တစ်ရပ်ထက်ပိုမို၍ လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပါက ဤနည်းဥပဒေများ၏ အခန်း (၁၃)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၂၀) နှင့် (၂၁) တို့ပါ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များကို လိုက်နာရမည် ဖြစ်ပြီး အခွင့်အရေးများကို ခံစားခွင့်ရှိသည်၊

(ဃ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဓာတ်သတ္တုအသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း တစ်ရပ်ထက်ပိုမို၍ လုပ်ငန်းလုပ်ကိုင် ခြင်းဖြစ်ပါက ဤနည်းဥပဒေများ၏ အခန်း (၁၃)၊ (၁၄)၊ (၁၈)၊ (၂၀) နှင့် (၂၁) တို့ပါ ခွင့်ပြုမိန့်ရရှိ သူ၏တာဝန်များကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများကို ခံစားခွင့်ရှိသည်၊

(င) ဓာတ်သတ္တုရှာဖွေခြင်း စမ်းသပ်တိုင်းတာခြင်းနှင့် ဓာတ်သတ္တုအသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတို့တွင် အနည်းဆုံးလုပ်ငန်းသုံး ရပ်ကို တစ်ပေါင်းတည်း လုပ်ကိုင်ခြင်းဖြစ်ပါက ဤနည်းဥပဒေများ၏ အခန်း (၁၃)၊ (၁၄)၊ (၁၈)၊ (၂၀) နှင့် (၂၁) တို့ပါ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများကို ခံစားခွင့်ရှိသည်၊

(စ) ဓာတ်သတ္တုရှာဖွေခြင်းလုပ်ငန်းမှ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းသို့ လည်းကောင်း၊ ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းမှ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းသို့လည်းကောင်း၊ ဖြစ်မြောက် နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းမှ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းသို့လည်းကောင်း ကူးပြောင်းလုပ် ကိုင်လိုသည့်အခါ ယင်းသို့ လုပ်ကိုင်ခြင်းမပြုမီ အနည်းဆုံးသုံးလကြိုတင်၍ လုပ်ကိုင် လိုသည့်ဧရိယာကို ဖော်ပြလျှောက်ဝန်ကြီးဌာနသို့ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြောင်းကြားရမည်။

## အခန်း (၂၃)
## ဓာတ်သတ္တုထုတ်လုပ်ရန် မြေနှင့်ရေသုံးစွဲခွင့်

၁၅၀။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားရှိခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီမှုရ ယူပြီး နှစ်ဖက်သဘောတူညီသော လျော်ကြေးငွေ သို့မဟုတ် နစ်နာကြေးကို ပေးဆောင်ပြီးမှသာ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊



Myanmar Law Information System (MLIS)

(ခ) နိုင်ငံတော်ပိုင်လုပ်ငန်း သို့မဟုတ် နိုင်ငံတော်အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက နည်းဥပဒေခွဲ (က)အရ ညှိနှိုင်းသော်လည်း သဘောတူညီချက်မရရှိလျှင် ယင်းကိစ္စ ကိုသက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ တင်ပြရမည်။ သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းကခွင့်ပြုမိန့်ပါမြေသည် ဓာတ်သတ္တုစီးပွားဖြစ်ထုတ်လုပ်နိုင်မည့် မြေဖြစ်ကြောင်း စိစစ် တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ မြေအသုံးပြုခွင့် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၅၁။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် ခွင့်ပြုမိန့်နှင့် သက်ဆိုင် သော မြေနှင့်စပ်လျဉ်း၍-

(က) ဓာတ်သတ္တုတူးဖော်မှုမှတစ်ပါး အများပြည်သူအကျိုးငှာ သီးသန့်ထားရှိသော မြေဖြစ်ပါက သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်း၏စာဖြင့် သဘောတူညီချက်ကို ရယူရမည်၊

(ခ) အောက်ပါအနေအထားတွင်ရှိသော မြေဖြစ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာမြေ ပိုင်ရှင်၊ မြေကိုလက်ဝယ်ရှိသူ သို့မဟုတ် မြေပိုင်ရှင်၏ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့် သဘော တူညီချက်ကို ရယူရမည်၊

(၁) လူနေအိမ်၊ အဆောက်အအုံ သို့မဟုတ် လူနေအိမ်ဆောက်လုပ်ရန် မြေနေရာမှ မီတာ ၂၀၀ အကွာအဝေးအတွင်းရှိမြေ၊

(၂) စိုက်ပျိုးရန်ပြုပြင်ထားသော သို့မဟုတ် သီးနှံစိုက်ပျိုးထားသော မြေနေရာနှင့် မီတာ ၁၀၀ အတွင်းရှိ မြေ၊

(၃) ဆည်မြောင်း၊ ရေကန်၊ ရေလှောင်တမံ၊ အခြားရေသိုလှောင်ရာ မြေနေရာမှ မီတာ ၂၀၀ အတွင်း ရှိမြေ၊

(ဂ) အောက်ပါအနေအထားတွင်ရှိသော မြေဖြစ်ပါက ယင်းမြေနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်း၏စာဖြင့် သဘောတူညီချက်ကို ရယူရမည်-

(၁) မီးရထားလမ်း ဖောက်လုပ်ရန်အတွက် သီးသန့်ထားသော မြေ သို့မဟုတ် ထိုသို့ သီးသန့်ထား သောမြေ နယ်နိမိတ်မှ မီတာ ၅၀ အကွာအဝေး အတွင်းရှိမြေ၊

(၂) မြို့နယ်နယ်နိမိတ်အတွင်း သို့မဟုတ် မြို့နယ်နိမိတ်၏ မီတာ ၂၀၀ အကွာအဝေးအတွင်းရှိမြေ၊

(၃) လမ်း၊ လမ်းမကြီး သို့မဟုတ် လေယာဉ်ကွင်းပါဝင်သောမြေ၊

(၄) လျှပ်စစ်ဓာတ်အားလိုင်း၊ ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်း သို့မဟုတ် ဆည်မြောင်း မြေနေရာနှင့် ပတ်သက်သည့်မြေ၊

(၅) ဘာသာရေးကိစ္စရပ်များအတွက် သီးသန့်ထားသော မြေဧရိယာ၏မီတာ ၂၀၀ အတွင်းရှိမြေ၊

(၆) ကမ်းလွန်ဒေသဖြစ်ပြီး ငါးမွေးမြူသည့် ဧရိယာ သို့မဟုတ် ငါးနှင့် ပုစွန်သားဖောက်သည့်နေရာ၊

(၇) ကမ်းလွန်ဒေသဖြစ်ပြီး ပုလဲထုတ်လုပ်သည့် မုတ်ကောင်များဖမ်းယူ၍ မွေးမြူသည့်နေရာ၊

(၈) ကမ်းလွန်ဒေသဖြစ်ပြီး အပန်းဖြေအနားယူသည့် ပင်လယ်ကမ်းခြေဒေသ၊

(၉) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေအရ သတ်မှတ်ကြေညာထားသည့် သဘာဝနယ်မြေ၊

Myanmar Law Information System (MLIS)

(၁၀) ငါးမွေးမြူခြင်းဆိုင်ရာဥပဒေနှင့် ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေများသက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ် လွှတ်တော်များက ပြဋ္ဌာန်းသည့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေနှင့် ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေများအရ သတ်မှတ်ထားသည့် မြေဧရိယာ၊

(၁၁) မြစ်ကမ်းပါးနယ်နိမိတ်မှ မီတာ ၂၀၀ သို့မဟုတ် အမြဲစီးဆင်းနေသည့် ချောင်း၊ ရေကမ်းပါးမှ မီတာ ၁၀၀ အကွာအဝေးအတွင်းရှိမြေ၊

(၁၂) ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် ရှေးဟောင်း အဆောက် အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေတို့အရ ကာကွယ်ထိန်းသိမ်းထားသော မြေဧရိယာ၊

(၁၃) သတ္တုစင်မဟုတ်သည့် ဓာတ်သတ္တုများသိုလှောင်ခြင်းသည် မြို့နှင့်ကျေးရွာနယ်နိမိတ်အတွင်း ရှိမြေ။

(ဃ) သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသောမြေ၊ အစိုးရက စီမံခန့်ခွဲခွင့် ရှိသောမြေဖြစ် ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းတို့၏ သဘောတူညီချက်ကို ကြိုတင် ရယူရမည်။

၁၅၂။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါ လုပ်ငန်းအတွက် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် လိုအပ်ပါက ဦးစီးဌာနသို့ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့ သို့ဖြစ်စေ အောက်ပါအချက်အလက်များကို ဖော်ပြ၍ တင်ပြရမည်-

(က) နေ့စဉ်နှင့် နှစ်စဉ်သုံးစွဲလိုသည့် ရေပမာဏ၊

(ခ) အိမ်သုံးနှင့် ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းသုံးအတွက် လိုအပ်သည့် ရေပမာဏကို ခွဲခြားဖော်ပြချက်၊

(ဂ) ရေသွယ်ရယူခြင်း၊ အသုံးပြုခြင်းတို့နှင့် စပ်လျဉ်းသည့် အခြေပြပုံစံ။

၁၅၃။ ခွင့်ပြုမိန့်ရရှိသူသည် ဦးစီးဌာန၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဖြစ်စေ၊ အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲခွင့်ရရှိပါက ဒေသခံပြည်သူများ၏ ရရှိမြဲဖြစ်သည့် ရေကို ယုတ်လျော့ဆုံးပါးမှုမဖြစ်စေရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို မထိခိုက်စေရေး အလေးဂရုပြု ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာအစိုးရ ဌာနအဖွဲ့အစည်း၏ ကြိုတင်ခွင့်ပြုချက် ရယူ၍ယင်းခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ရေစီးကြောင်းကို ပိတ်ဆို့ခြင်း သို့မဟုတ် ပြောင်းလဲခြင်း မပြုရ။

၁၅၄။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်ပါဧရိယာအတွင်းရှိ အများပြည်သူနှင့် မသက်ဆိုင်သော ရေကို အခမဲ့ထုတ်ယူသုံးစွဲနိုင် သည်။ သို့ရာတွင် မြေအောက်ရေကို တွင်းတူးရယူခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သောရေကို ရယူသုံးစွဲပါက ရေကို စီမံခန့်ခွဲခွင့်ရရှိသည့် ဌာနက သတ်မှတ်ထားချက်များနှင့်အညီ သုံးစွဲရမည်၊

(ဂ) ရေသုံးစွဲမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုများမဖြစ်ပေါ်စေရေးအတွက် တာဝန်ယူရမည်၊

(ဃ) မြေပေါ်ရေ၊ မြေအောက်ရေ အရည်အသွေးထိန်းသိမ်းရမည်။

Myanmar Law Information System (MLIS)

## အခန်း (၂၄)

## ခွင့်ပြုမိန့်ကို လွှဲပြောင်းခြင်းနှင့် ပြန်လည်အပ်နှံခြင်း

၁၅၅။ ခွင့်ပြုမိန့်ရရှိသူက အခြားပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်းသို့ ခွင့်ပြုမိန့်ရရှိသော လုပ်ငန်း လုပ်ကွက်ကို လွှဲပြောင်းလိုပါက ခွင့်ပြုမိန့်ရရှိသူနှင့် လုပ်ငန်းကို လွှဲပြောင်း လက်ခံလိုသူတို့သည်-

(က) လုပ်ငန်းကို လွှဲပြောင်းလုပ်ကိုင်လိုသည့် အကျိုးအကြောင်း အပြည့်အစုံဖော်ပြ၍ ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ အောက်ပါတို့ကို ပူးတွဲ၍ ကြိုတင်လျှောက်ထားရမည်-

(၁) ခွင့်ပြုမိန့် လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)၊

(၂)လွှဲပြောင်းပေးသူအား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်မိတ္တူ။

(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားရာတွင် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့မှာ ကုမ္ပဏီဖြစ်ပါက အောက်ပါတို့ကိုပူးတွဲ၍ ကြိုတင်လျှောက်ထားရမည်-

(၁) ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း မိတ္တူ၊

(၂) ကုမ္ပဏီအစုရှယ်ယာ ခွဲဝေချထားမှုစာရင်းနှင့် ကုမ္ပဏီ၏ဒါရိုက်တာ၊ မန်နေဂျာနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များစာရင်း။

၁၅၆။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၁၅၅ အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ခြင်းပြုနိုင်သည်-

(က) ဥပဒေနှင့် ဤနည်းဥပဒေများအရ ခွင့်ပြုနိုင်သူ မဟုတ်ခြင်း၊

(ခ) ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖောက်ဖျက်ခြင်း၊

(ဂ) နည်းဥပဒေ ၁၅၅ အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားစဉ်က ဖော်ပြခဲ့သည့် အစုရှယ်ယာဝင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မန်နေဂျာနှင့်အုပ်ချုပ်မှု ကိုယ်စားလှယ်များကို အသစ်ထည့်သွင်းခြင်း၊ နုတ်ပယ် ခြင်း သို့မဟုတ် ပြောင်းလဲခြင်း။

၁၅၇။ (က) ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိသည့် လုပ်ငန်းကို အခြားပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်းအားလွှဲပြောင်းလုပ်ကိုင်စေသည့် သဘောဖြင့် အစုရှယ်ယာများကို လွှဲပြောင်းရန်အလို့ငှာ ခွင့်ပြုမိန့်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အစုရှယ်ယာဝင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မန်နေဂျာနှင့် အုပ်ချုပ်မှု ကိုယ်စားလှယ်များကို အသစ်ထည့်သွင်းခြင်း၊ နုတ်ပယ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်လိုပါက ကျိုးကြောင်းဆီလျော်စွာ ဖော်ပြ၍ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့ အစည်းသို့ အောက်ပါတို့ကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်-

(၁) ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမိတ္တူ၊

(၂) ကုမ္ပဏီအစုရှယ်ယာခွဲဝေချထားမှုစာရင်းနှင့် ကုမ္ပဏီ၏ဒါရိုက်တာ၊ မန်နေဂျာနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များစာရင်း။

Myanmar Law Information System (MLIS)

(ခ) သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေခွဲ (က) အရ တင်ပြလျှောက် ထားချက်ကို စိစစ်ပြီး မှတ်တမ်းတင်ထားရမည်။

၁၅၈။ (က) ခွင့်ပြုမိန့်ကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၁၅၆ အရ ခွင့်ပြုမိန့်ကို လွှဲပြောင်းခြင်းအတွက် ခွင့်ပြုချက်ထုတ်ပေးသည့်အခါတွင်သော်လည်းကောင်း၊ နည်းဥပဒေ ၁၅၇ အရ ခွင့်ပြုမိန့်ရရှိသည့် လုပ်ငန်းကို အခြားပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်းအား လွှဲပြောင်းလုပ်ကိုင်စေသည့် သဘောဖြင့် အစုရှယ်ယာများကို လွှဲပြောင်းရန်အလို့ငှာ အစုရှယ်ယာဝင်များ နှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ မန်နေဂျာနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များကို အသစ်ထည့်သွင်းခြင်း၊ နုတ်ပယ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်လျှင်သော်လည်းကောင်း လွှဲပြောင်းခကို ဥပဒေအရ ထုတ်ပြန်မည့် လုပ်ထုံးလုပ်နည်းပါလုပ်ငန်းအမျိုးအစား အလိုက်သတ်မှတ်နှုန်းထားများကို ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ် ထားသည့် ငွေစာရင်းသို့ ပေးသွင်းရမည်၊

(ခ) ခွင့်ပြုမိန့်ရရှိသည့် ပုဂ္ဂိုလ်၊ အစုရှယ်ယာဝင် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်၊ မန်နေဂျာနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များသေဆုံးခြင်း၊ ရူးသွပ်ခြင်း၊ မသန်စွမ်းခြင်း၊ သာသနာ့ဘောင် သို့ ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသည့် လုပ်ငန်းကို အခြားပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့ အစည်းအား လွှဲပြောင်းလုပ်ကိုင်စေသည့် သဘောဖြင့် အစုရှယ်ယာများကို လွှဲပြောင်းခြင်း မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ လုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်ခြင်းမရှိသည့်အတွက် ထိုသူ၏အမွေဆက်ခံသူ သို့မဟုတ် အခြားပုဂ္ဂိုလ် တစ်ဦးဦးက ခွင့်ပြုမိန့်ရရှိသူ အမည်လွှဲပြောင်းပေးရန် လျှောက်ထားမှုတွင် ထိုသူ၏ အမွေဆက်ခံသူမှာ ခွင့်ပြုမိန့်ရရှိနိုင်သော အရည်အချင်းပြည့်စုံသူဖြစ်ပါက သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် ၎င်းအားခွင့်ပြုမိန့်ရသူအမည်ကို လွှဲပြောင်းပေး နိုင်သည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုမိန့်ရသူ အမည်ကို လွှဲပြောင်းပေးခြင်းအတွက် ဥပဒေအရ ထုတ်ပြန်မည့် လုပ်ထုံးလုပ်နည်းပါ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်နှုန်းထားများကို ထပ်မံ ပေးဆောင် စေရန်မလို။

၁၅၉။ မူလခွင့်ပြုမိန့် လျှောက်ထားစဉ်က တင်ပြခဲ့သည့် အစုရှယ်ယာဝင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ကို အသစ်ထည့်သွင်းခြင်း၊ နုတ်ပယ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ခြင်းသည် ခွင့်ပြုမိန့်ကို လွှဲပြောင်းခြင်း ဖြစ်သည်ဟု မှတ်ယူခြင်းခံရမည်ဖြစ်ပြီး သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော လွှဲပြောင်းခကို ပေးသွင်းရမည်။

၁၆၀။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းကခွင့်ပြုမိန့်လွှဲပြောင်းခြင်းကို နည်းဥပဒေ ၁၅၆ အရ ခွင့်ပြုမိန့်ထုတ်ပေးလျှင် လွှဲပြောင်းခြင်းကို လက်ခံရယူသူသည် လွှဲပြောင်းပေးသူနှင့် သဘောတူညီချက် အရ ခွင့်ပြုမိန့်လွှဲပြောင်းခြင်းမပြုမီက ခွင့်ပြုမိန့်အရ လွှဲပြောင်းပေးသူအပေါ် ကျရောက်သည့် ရပိုင်ခွင့်၊ ကြွေးမြီနှင့်ပေးရန် တာဝန်များကို ဆက်လက်တာဝန်ခံရမည်။ အကယ်၍ ထိုသို့လွှဲ ပြောင်းပေးသူနှင့် သဘောတူညီချက်မရှိလျှင် အဆိုပါလွှဲပြောင်းပေးသူအပေါ် ကျရောက်သည့် ရပိုင်ခွင့်၊ ကြွေးမြီနှင့် ပေးရန် တာဝန်များကို လွှဲပြောင်းသူနှင့် လက်ခံသူ နှစ်ဦးစလုံးပူးတွဲတာဝန်ရှိစေရမည်။

၁၆၁။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်စည်းကမ်းချက်များအရ ခွင့်ပြုမိန့်ပါ လုပ်ကွက်ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ် ပိုင်းကို ပြန်လည်အပ်နှံနိုင်သည်။ ယင်းသို့ပြန်လည်အပ်နှံလိုကြောင်းကို သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ အနည်းဆုံးသုံးလ ကြိုတင်အကြောင်းကြားရမည့်အပြင် ပြန်အပ်သော လုပ်ကွက်ဧရိယာ အတွက် အထောက်အထားလက်မှတ်စာရွက်စာတမ်းများကို ပေးအပ်ရမည်။ ထို့ပြင် ပြန်အပ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက ချမှတ်သည့် စည်းကမ်းများကိုလည်း လိုက်နာရမည်၊

(ခ) ခွင့်ပြုလုပ်ကွက် ဧရိယာအားပြန်အပ်ခြင်းမှာ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့် ခွင့်ပြုချက်အထောက်အထား လက်မှတ်ကိုရမှ အတည်ဖြစ်သည်၊

(ဂ) ခွင့်ပြုမိန့်နှင့်သက်ဆိုင်သော လုပ်ကွက်ဧရိယာကို ပြန်အပ်ရာတွင် ပြန်အပ်သည့်နေ့မတိုင်မီအထိ ယင်းလုပ်ကွက် ဧရိယာနှင့်သက်ဆိုင်သော ဆောင်ရွက်ရန် တာဝန် သို့မဟုတ် ဝတ္တရားတို့ကို ဆက်လက် ဆောင်ရွက်ရမည်၊

(ဃ) လုပ်ကွက်ဧရိယာ ပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

၁၆၂။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၁၆၁ အရ ပြန်အပ်ခြင်းအတွက် ခွင့်ပြုချက်အထောက်အထားလက်မှတ်ကို ထုတ်ပေးပြီးသည့်အခါ-

(က) လုပ်ကွက်ဧရိယာတစ်ခုလုံးနှင့် သက်ဆိုင်သည့် ပြန်အပ်ခြင်းဖြစ်လျှင် ခွင့်ပြုမိန့်ကို ဖျက်သိမ်း ရမည်၊

(ခ) လုပ်ကွက်ဧရိယာ၏ တစ်စိတ်တစ်ပိုင်းနှင့် သက်ဆိုင်သည့် ပြန်အပ်ခြင်းဖြစ်လျှင်ခွင့်ပြုမိန့်ကို သင့်လျော်သလို ပြင်ဆင်ရမည်။

## အခန်း (၂၅)

## သဘောတူ စာချုပ်များချုပ်ဆိုခြင်း

၁၆၃။ (က) ဝန်ကြီးဌာနသည် မိမိဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူး ချုပ် သို့မဟုတ် သတ္တုတွင်းလုပ်ငန်းများ၏ ဦးဆောင်ညွှန်ကြားရေးမှူး တစ်ဦးဦးအား မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့်မဆို ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက် နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစား ထုတ်လုပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့်ပြုနိုင်သည်၊

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် မိမိစီမံခန့်ခွဲမှုအောက်ရှိဌာန၏ တာဝန်ခံအရာရှိ တစ်ဦးဦးအား မည်သည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းနှင့်မဆို အသေးစား ထုတ်လုပ်ခြင်း ဆိုင်ရာသဘောတူစာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့် ပြုနိုင်သည်။

၁၆၄။ မည်သည့် ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းမဆို ဝန်ကြီးဌာနအောက်ရှိနိုင်ငံတော်ပိုင် လုပ်ငန်းတစ်ခုခု နှင့် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းဆိုင်ရာ ဖက်စပ်စာချုပ်များကို ဤနည်းဥပဒေများနှင့်အညီ ချုပ်ဆိုဆောင်ရွက်နိုင်သည်။



Myanmar Law Information System (MLIS)

၁၆၅။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း လုပ်ကိုင်ဆောင်ရွက်လိုသူသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စီမံခန့်ခွဲမှုအောက်ရှိဌာန တစ်ခုခုနှင့် ဖက်စပ် စာချုပ်များကို ဤနည်းဥပဒေများနှင့်အညီ ချုပ်ဆိုဆောင်ရွက်နိုင်သည်။

၁၆၆။ စာချုပ်များချုပ်ဆိုရာတွင် လေလံစနစ် သို့မဟုတ် ချမှတ်ထားသော အချက်အလက်များနှင့် စည်းကမ်းများကို အခြေခံ၍ ညှိနှိုင်းခြင်းတို့ဖြင့် ချုပ်ဆိုဆောင်ရွက်နိုင်သည်။

## အခန်း (၂၆)

## သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြား အခကြေးငွေများ သတ်မှတ်ခြင်း

၁၆၇။ ခွင့်ပြုမိန့်ရရှိသူသည် မိမိသတ္တုတွင်းအားကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်အလို့ငှာ သတ်မှတ် အရည် အချင်းနှင့်ပြည့်စုံသည့် အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာတစ်ဦးကို ခန့်ထားရမည်။ ယင်းအထွေ ထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာ၏ ဆောင်ရွက်ချက်သည် ခွင့်ပြုမိန့်ရရှိသူ၏ ဆောင်ရွက်ချက်ဖြစ် သည်ဟု မှတ်ယူရမည်။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံလျှင် မိမိကိုယ်တိုင် အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာ အဖြစ်ဆောင်ရွက်နိုင်သည်။

၁၆၈။ ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ကျန်းမာရေးနှင့် လူမှုဝန်ထမ်းလုပ်ငန်းများအတွက်မှတစ်ပါး သတ္တုတွင်း၏ မြေအောက်လုပ်ကွက်စခန်းများတွင် အမျိုးသမီးကို အလုပ်ခန့်ထားခြင်းမပြုရ။

၁၆၉။ ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် အလုပ်ခန့်ထားရာတွင် ကျန်းမာကြောင်းနှင့် အသက် ၁၈ နှစ်ပြည့်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပေး ထားသော လက်မှတ်ရရှိသူများကို အလုပ်သမားဥပဒေများနှင့်အညီ ခန့်ထားရမည်။

၁၇၀။ (က) သတ္တုတွင်းစစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် သတ္တုတွင်းစစ်ဆေးရေးအရာရှိနှင့် ခွင့်ပြုမိန့် ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာတို့အကြားတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မွေးစာရင်းအထောက်အထားမရှိ၍ အသက် ၁၈ နှစ်ပြည့်၊ မပြည့် အငြင်းပွားသည့်ကိစ္စ၌ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနမှ ဆရာဝန်၏ အဆုံးအဖြတ်ကို ရယူရမည်၊

(ခ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်၏ အဆုံးအဖြတ်သည် ဤနည်းဥပဒေ အလို့ငှာ ထိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အသက်အတွက် အပြီးသတ်အထောက်အထားဖြစ်စေရမည်။

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် သတ္တုတွင်းတစ်ခုတွင် အောက်ပါအတိုင်းစီစဉ် ဆောင် ရွက်ထားရှိရမည်-

(၁) အလုပ်သမား (၅၀) အောက် ရှိပါက အရေးပေါ် ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း လက်မှတ်ရရှိထားသူ (၁) ဦးထားရှိပေးခြင်း၊

(၂) အလုပ်သမား (၅၀) နှင့် အထက်ရှိပါက အရေးပေါ် အခြေအနေများတွင် ပြုစုကုသရန်အတွက် အရေးပေါ် ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း လက်မှတ်ရရှိထားသူ (၁) ဦးနှင့် အချိန်ပိုင်းသူနာပြု (၁) ဦးထားရှိပေးခြင်း၊

(၃) အလုပ်သမား (၁၀၀) နှင့် အထက်ရှိပါက အရေးပေါ် ရှေးဦးသူနာပြုစုခြင်းသင်တန်းဆင်း လက်မှတ်ရရှိထားသူ (၁) ဦး၊ သူနာပြု (၁) ဦးနှင့် အချိန်ပိုင်းဆရာဝန် (၁) ဦးထားရှိပေးခြင်း။

၁၇၁။ (က) ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် သတ္တုတွင်းများတွင် အလုပ်ခန့်ထားသူအားလုံးအတွက် ပုံစံ (၆၂) ပါအတိုင်းအလုပ်လုပ်သူများ မှတ်ပုံတင် စာရင်းစာအုပ်ထား ရှိရမည်၊

(ခ) သတ္တုတွင်းများတွင် မြေပေါ်၌ အလုပ်လုပ်ကိုင်သူများအတွက် ပုံစံ (၆၃) ဖြင့်လည်းကောင်း၊ မြေအောက်၌အလုပ်လုပ်ကိုင်သူများအတွက်ပုံစံ (၆၄) ဖြင့်လည်းကောင်း၊ အလုပ်လုပ်သူများ မှတ်ပုံတင် စာရင်းစာအုပ် ထားရှိရမည်။ အလုပ်လုပ်နေသည့် အချိန်၌ သတ္တုတွင်းမြေပေါ်တွင်ဖြစ်စေ၊ မြေအောက်၌ ဖြစ်စေ အလုပ်လုပ်နေသည့် အလုပ်လုပ်သူများ၏ အမည်ကို ယင်းစာရင်းစာအုပ်တွင် မပျက်မကွက် ဖော်ပြရမည်။

၁၇၂။ ခဲတတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် သတ္တုတွင်းတစ်ခု၌ အလုပ်လုပ်ကိုင်သည့် အလုပ်သမားတစ်ဦးဦးကို-

(က) ပြဋ္ဌာန်းထားသော သာမန်နာရီများထက်ပို၍ အလုပ်ခိုင်းစေပါက သာမန်ပေးရမည့်အခနှုန်း၏ နှစ်ဆပေးရမည့်အပြင် ရှားပါးစရိတ် ရရှိနေလျှင်လည်း အချိန်ပိုလုပ်ရသည့်နေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်းရထိုက်စေရမည်၊

(ခ) အများပြည်သူ အလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရလျှင် ထိုအလုပ်သမားအားသက်ဆိုင်ရာ အခြေခံအခကြေးငွေကို သော်လည်းကောင်း၊ အခြေခံလစာငွေကို သော်လည်းကောင်း၊ ထိုနေ့အတွက် ပေးမြဲနှုန်း၏ နှစ်ဆရထိုက်စေရမည့်အပြင် ရှားပါးစရိတ် ရရှိနေလျှင် ထိုနေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်း ရထိုက်စေရမည်။ အများပြည်သူ အလုပ်ပိတ်ရက် တစ်ရက်သည် ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့်ဖြစ်စေ၊ အခြားအများပြည်သူ အလုပ်ပိတ်ရက်နှင့်ဖြစ်စေ တိုက်ဆိုင်နေလျှင် အခြားနေ့တစ်နေ့ကို အများပြည်သူအလုပ်ပိတ်ရက် အဖြစ်ဖြင့် ပြောင်းလဲ၍ခွင့်မပြုရ။ ထိုသို့ တိုက်ဆိုင် သည့် အလုပ်ပိတ်ရက်ကို အများပြည်သူအလုပ်ပိတ်ရက် ဖြစ်သည်ဟု ယူဆရမည်။

၁၇၃။ အလုပ်သမားများကို ပစ္စည်းအချိုးအရလုပ်ခပေးပါက ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ဤနည်းဥပဒေအလို့ငှာ ထိုအလုပ်သမားများ၏ပျမ်းမျှလုပ်ခ ရငွေနှုန်းထား နှင့်တူညီနိုင်သမျှ ပစ္စည်းအချိုးကို သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်သည့် ပစ္စည်းအချိုးသည် ဤနည်းဥပဒေအလို့ငှာ ယင်းအလုပ်သမား၏ လုပ်ခနှုန်းဟုမှတ်ယူရမည်။

## အခန်း (၂၇)

## သတ္တုတွင်း၏ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန် နာရီများသတ်မှတ်ခြင်း

၁၇၄။ ခဲတတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည်-

Myanmar Law Information System (MLIS)

(က) မည်သူကိုမျှ သတ္တုတွင်းတစ်ခုတွင် ရက်သတ္တပတ် တစ်ပတ်အတွင်း ၅ ရက်ထက်ပို၍ အလုပ်လုပ် ကိုင်စေခြင်း မပြုရ၊

(ခ) သတ္တုတွင်းတစ်ခုတွင်ခန့်ထားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သာမန်အားဖြင့် တစ်နေ့လျှင် ၈ နာရီထက်ပို၍ လည်းကောင်း၊ ရက်သတ္တပတ် တစ်ပတ်လျှင် နာရီ ၄၀ ထက်ပို၍လည်းကောင်း အလုပ်လုပ်ကိုင်စေခြင်းမပြုရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ၊ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရသော် လည်းကောင်း၊ အလုပ်လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့် သော်လည်းကောင်း၊ တစ်ရက်ပတ်လုံးစဉ်ဆက်မပြတ်လုပ်ရန် လိုအပ်ပါက ရက်သတ္တပတ် တစ်ပတ်လျှင် ၄၈ နာရီ လုပ်ကိုင်ရန်ခွင့်ပြုနိုင်သည်။ ထိုသို့ လုပ်ကိုင်ရာတွင် ရက်သတ္တပတ် အလုပ်ချိန် နာရီ ၄၀ ထက်ပို၍ လုပ်ကိုင် ရသော အလုပ်ချိန် ၈ နာရီကို အချိန်ပိုကာလ အဖြစ် သတ်မှတ်ရမည်၊

(ဂ) သတ္တုတွင်းတစ်ခု၏ မြေပေါ်၌ ခန့်ထားသည့် အလုပ်သမားတစ်ဦး၏ တစ်နေ့အလုပ်ချိန်ကို ၎င်း၏အလုပ်နားချိန် အပါအဝင် ၁၀ နာရီထက်မပိုစေရန် စီစဉ်ရမည်။ ထိုသူအား တစ်နေ့အတွက် အလုပ်လုပ်သည့် ကာလ အပိုင်းအခြားများကို သတ်မှတ်ရာ၌ မည်သည့်ကာလအပိုင်းအခြားမျှ ငါးနာရီထက်ပို၍ တစ်ဆက်တည်းအလုပ်မလုပ်စေရ။ ထို့ပြင် မည်သည့် အလုပ်သမားကိုမျှ အနည်းဆုံး တစ်နာရီ နားစေရန် အားလပ်ချိန်မရသေးမီ ငါးနာရီထက်ပို၍ တစ်ဆက်တည်း အလုပ်မလုပ်စေရ၊

(ဃ) သတ္တုတွင်းတစ်ခု၏ မြေအောက်၌ လုပ်ကိုင်ရသည့် အလုပ်ကို မည်သည့်နေ့တွင်မဆို ၈ နာရီထက် ပို၍ လုပ်ကိုင်ခြင်းမပြုစေရ။ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ အဆိုင်းစနစ်ကို စီစဉ်ကျင့်သုံးနိုင်သည်။ ယင်းသို့ကျင့်သုံးရာတွင် အဆိုင်းစနစ်အရ အဆိုင်းတစ်ဆိုင်းအားအလုပ်ချိန်ကို ၈ နာရီထက်ပို၍ ကျော်လွန်သတ်မှတ်ခြင်းမပြုရ။ အနည်းဆုံးအလုပ်နားချိန် ၁ နာရီမရှိလျှင် ၅ နာရီ ထက်ပို၍ အလုပ်လုပ်ခြင်း မပြုစေရ၊

(င) သတ္တုတွင်းတွင် ခန့်ထားခြင်းခံရသော မည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ ယင်းနှင့် သက်ဆိုင်သော မှတ်တမ်း၌ ဖော်ပြထားသော အချိန်ပိုင်းအတွင်းမှအပ သတ္တုတွင်း၏ မြေအောက် မည်သည့်နေရာကိုမျှ ဝင်ခွင့်မပြုရ၊

(စ) အဆိုင်းစနစ်ကို ကျင့်သုံးပြီး အဆိုင်းအလုပ်သမားတစ်ဦးအား သန်းခေါင်ယံကို ကျော်လွန်ပြီးအလုပ် လုပ်ကိုင်စေလျှင် ယင်း၏ နောက်လာမည့်နေ့သည် အဆိုင်းစနစ်အတွက် သတ်မှတ်ထားသော အလုပ်ချိန်ကုန်ဆုံးသောအချိန်ထိ ၂၄ နာရီကာလဟု မှတ်ယူခြင်းခံရမည့်အပြင် သန်းခေါင်ချိန်ကျော် လွန်ပြီး လုပ်ကိုင်ခဲ့သော အလုပ်များကို ပြီးခဲ့သည့်ရက်တွင် ထည့်သွင်းရမည်၊

(ဆ) အလုပ်လုပ်သူများ တစ်ဆိုင်းစနစ် အလုပ်ချိန် အသိပေးအကြောင်းကြားစာကို ပုံစံ ၆၅ ဖြင့်လည်း ကောင်း၊ အလှည့်ကျအဆိုင်းစနစ် ရက်သတ္တပတ် တစ်ပတ် အလုပ်ချိန် အသိပေး အကြောင်းကြားစာကို ပုံစံ ၆၆ ဖြင့်လည်းကောင်း၊ သတ္တုတွင်း၏ မြေပေါ်၊ မြေအောက် အလုပ်စတင်ချိန်၊ ၎င်းအပြင် အဆိုင်းစနစ်ဖြင့် အလုပ်လုပ်ရန် ရည်ရွယ်လျှင် အဆိုင်းအသီးသီးအတွက် အလုပ်စတင်ချိန်၊ အလုပ်ပြီး ဆုံးသည့်အချိန် တို့ကို ဖော်ပြသည့် အသိပေးအကြောင်းကြားသည့် နို့တစ်စာတစ်စောင်ကို သတ္တုတွင်းရုံး ရှေ့တွင် ကပ်ထားရမည့်အပြင် ၎င်းနို့တစ်စာတစ်စောင်စီ၏ မိတ္တူကို စစ်ဆေးရေးအရာရှိချုပ် ထံပေးပို့ရမည်၊

(ဇ) နည်းဥပဒေခွဲ (ဆ) တွင်ရည်ညွှန်းထားသည့် နို့တစ်စာကို လုပ်ငန်းမစတင်မီ ၇ ရက်ထက်မနည်း ကြိုတင်၍ကပ်ထားရမည်၊



Myanmar Law Information System (MLIS)

(ဈ) သတ္တုတွင်းတွင် ယေဘုယျအားဖြင့် လုပ်ငန်းအမျိုးအစား ပြောင်းလဲလုပ်ကိုင်စေရန် ရည်ရွယ်လျှင် သက်ဆိုင်ရာမှတ်ပုံတင်စာရင်းစာအုပ်များ၌ ဦးစွာပြောင်းလဲရမည်။ ထိုသို့ပြောင်းလဲခြင်းကို လုပ်ငန်းပြောင်းလဲဆောင်ရွက်စေခြင်းမပြုမီ ၇ ရက်ထက်မနည်း ကြိုတင်၍ အသိပေးအကြောင်းကြားစာ ကို ပုံစံ (၆၇) ဖြင့်ပြင်ဆင်ပြီးသတ္တုတွင်းရုံး အပြင်ဘက် ကြော်ငြာဘုတ်တွင် ကြိုတင်၍အသိပေး အကြောင်းကြား ရမည်။ အလားတူ ယင်းနို့တစ်စာ၏ မိတ္တူကို သက်ဆိုင်ရာစစ်ဆေးရေးအရာရှိနှင့် စစ်ဆေးရေးအရာရှိချုပ်တို့ထံ ၇ ရက်ထက်မနည်းကြိုတင်၍ပေးပို့ရမည်၊

(ည) မည်သူကိုမျှ နည်းဥပဒေခွဲ (ဆ) အရ အသိပေးအကြောင်းကြားသည့် နို့တစ်စာနှင့် အညီမှတစ်ပါး သတ္တုတွင်း၌ အလုပ်လုပ်ကိုင်စေခြင်းမပြုရ၊

(ဋ) အလုပ်လုပ်ရသည့် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့မရောက်မီ ၃ ရက် သို့မဟုတ် ကျရောက်ပြီး ၃ ရက်အတွင်း အနားပေးရက်တစ်ရက်ကို မရရှိသူအား သတ္တုတွင်းတစ်ခု၌ စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့၌ အလုပ်လုပ်ခွင့်မပြုရ၊

(ဌ) နည်းဥပဒေခွဲ (ဋ) တွင် ဖော်ပြထားသည့်အတိုင်း အနားပေးရက်ကို ခွင့်မပြုနိုင်ပါက အစားထိုးအနားပေးရက်ကို ထိုအလုပ်သမား ခံစားခွင့်ရှိသည့် နားရက်များအတိုင်း ထိုသူအား အလုပ်ပိတ်ရက်များ ရသင့်သည့် ပြက္ခဒိန်လ အတွင်းတွင်ဖြစ်စေ၊ နောင်လာမည့် ပြက္ခဒိန်၏ တစ်လအတွင်းတွင်ဖြစ်စေ၊ မိမိဆုံးရှုံးသောအလုပ်ပိတ်ရက် အရေအတွက်နှင့်ညီမျှသော အစားပေးသည့် အလုပ်ပိတ်ရက်များကို ခွင့်ပြုရမည်၊

(ဍ) စနေနေ့၊ တနင်္ဂနွေနေ့ သို့မဟုတ် အစားထိုးအနားပေးရက် (စောရာရက်) မတိုင်မီသတ္တုတွင်း၌ ထိုအစားထိုးအနားပေးရက်ကို နို့တစ်စာဖြင့် ယင်းနေ့မတိုင်ခင် အနည်းဆုံး၂၄ နာရီ ကြိုတင်၍ အသိပေးရမည်၊

(ဎ) အလုပ်သမား တစ်ဦးသည် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တွင် လုပ်ကိုင်ရပါက အဆိုပါ အလုပ်လုပ်ကိုင်ရသည့် နေ့မတိုင်မီ သုံးရက်အနက် တစ်ရက်ရက်တွင် ဖြစ်စေ၊ သို့တည်းမဟုတ် ထိုသို့ အလုပ်လုပ်ကိုင်ရသည့် နောက်သုံးရက်အနက် တစ်ရက်ရက်တွင်ဖြစ်စေ၊ အလုပ်ပိတ်ရက် တစ်ရက်ကို ခံစားခွင့်ပြုရမည်။ စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တွင် လုပ်ကိုင်ရလျှင် ထိုသို့ လုပ်ကိုင်ရသည့်နေ့ မတိုင်မီသုံးရက်အနက် တစ်ရက်ရက်တွင် အလုပ်ပိတ်ရက်ရပြီး ဖြစ်ပါက အဆိုပါ စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တွင် အလုပ်လုပ်ကိုင်ရသည့် အလုပ်ချိန်ကို ထိုအလုပ်သမား၏ ရက်သတ္တပတ် အလုပ်လုပ် သည့်အချိန် တွက်ချက်ရန် အလို့ငှာ၊ လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ထည့်သွင်းတွက်ချက်ရမည်။

၁၇၅။ နည်းဥပဒေ ၁၇၄ တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ သတ္တုတွင်းတွင် ဘေးအန္တရာယ်နှင့် အလုပ် သမားများ၏ အန္တရာယ်ကျရောက်နိုင်သည့် အရေးပေါ်အခြေအနေမျိုး ပေါ်ပေါက်ပါက ခဲတ်သတ္တုထုတ် လုပ်ရန်ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် နည်းဥပဒေ ၁၇၄ ပါ ပြဋ္ဌာန်း ချက်များကို ဆန့်ကျင်၍ အလုပ်သမားကို တာဝန်ပေးနိုင်သည်။ ယင်းကိစ္စကို စစ်ဆေးရေးအရာရှိ သတ္တုတွင်းသို့ လာရောက်စစ်ဆေးလျှင် တင်ပြနိုင်ရန် ချက်ချင်းမှတ်တမ်းတင်ရမည့်အပြင် မှတ်တမ်း မိတ္တူတစ်စောင်ကို စစ်ဆေးရေးအရာရှိချုပ်ထံ သိသာရန် ချက်ချင်းပေးပို့ရမည်။

## အခန်း (၂၈)

## သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုများ ကာကွယ်ရန် စီမံဆောင် ရွက်ခြင်း

၁၇၆။ ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ယင်း၏ကြီးကြပ်မှုအောက်ရှိ သတ္တုတွင်းများတွင် ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှု မှကာကွယ်ရန် လိုအပ်သောအစီအစဉ်များကို ဆောင်ရွက်ရန် ဘေးအန္တရာယ်ကင်းရှင်းရေး မန်နေဂျာ ခန့်ထားရမည်။ အထူးသဖြင့် အောက်ပါတို့ကို စီမံဆောင်ရွက်ထားရှိရမည်-

(က) သတ္တုတွင်းလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် ဆောင်ရွက်မည့်လုပ်ငန်း စီမံချက်များ ရေးဆွဲ၍ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုမိန့်ရရှိပြီး ရက်ပေါင်း ၃၀ အတွင်းတင်ပြခြင်း၊

(ခ) သတ္တုတွင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်၊ စက်မှုနှင့်ဆက်သွယ်ရေးစနစ်အပါအဝင် အခြားလိုအပ် သည့် ပစ္စည်းများပါဝင်သော သတ္တုတွင်းဘေးအန္တရာယ် ကင်းရှင်းရေး ဒီဇိုင်းပြုလုပ် တည်ဆောက်ခြင်း နှင့် ၎င်းဒီဇိုင်းကို သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုမိန့် ရရှိပြီး ရက်ပေါင်း ၃၀ အတွင်း တင်ပြခြင်း၊

(ဂ) သတ္တုတွင်းကို စတင်ခြင်း၊ ထူထောင်ခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လုပ်ငန်းရပ်ဆိုင်းခြင်းတို့ကို ဆောင်ရွက်ရာတွင်အလုပ်သမားများနှင့်အခြားပုဂ္ဂိုလ်များ၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ထိခိုက်မှုမရှိစေဘဲ ၎င်းတို့တာဝန်ကျရာလုပ်ငန်းများကို ဆောင်ရွက်နိုင် စေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင်သို့ ဝင်ရောက်ရာလမ်းကြောင်းများ၏ မြေတည်ငြိမ်မှုရှိအောင်လိုအပ်သည်များ ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(င) မြေအောက်သတ္တုတွင်း၏ အမိုးနှင့်နံရံများ မပြိုကျစေရန်နှင့် သတ္တုတွင်းထဲတွင် ရေလွှမ်းခြင်း၊ ဓာတ်ငွေ့များထွက်ခြင်း၊ ကျောက်မီးသွေးအမှုန့်နှင့် ဓာတ်ငွေ့များ ပေါက်ကွဲခြင်း၊ မြေအောက်တွင်မီး လောင်ခြင်းများမဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်း၊ မြေအောက်သတ္တုတွင်း အတွင်းရှိ အောက်ဆီဂျင် ပမာဏ၊ ဓာတ်ငွေ့ပမာဏနှင့် အမှုန်အမွှားပမာဏများသတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိကို အချိန်မှန် တိုင်းတာစစ်ဆေး၍ မှတ်တမ်းများ ထားရှိခြင်း၊

(စ) သတ္တုတွင်းလုပ်ငန်းမှ ထုတ်လွှတ်သော မီးခိုးနှင့်ဓာတ်ငွေ့များ၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့်မြေစာများ ကြောင့်ဘေးအန္တရာယ်ဖြစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ခြင်း၊

(ဆ) လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ ကိုင်တွယ်ခြင်း၊ ယမ်းဘီလူးနှင့်ဆက်စပ် ပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖောက်ခွဲခြင်းနှင့် အခြားမီးလောင်လွယ်သော ပစ္စည်းများကြောင့် ဘေးအန္တရာယ်မဖြစ်စေရန်ကာကွယ်ခြင်း၊

(ဇ) မြေအောက်သတ္တုတွင်းများတွင် ကောင်းမွန်သော လေလှည့်စနစ်၊ လေပေးစနစ်များဆောင်ရွက်ထား ရှိခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားခြင်း၊

Myanmar Law Information System (MLIS)

(ဈ) သတ္တုတွင်းသုံးပစ္စည်းများ၊ စက်ကိရိယာများ၊ အဆောက်အအုံများအား အချိန်မှန်စစ်ဆေးခြင်းနှင့်ထိန်းသိမ်းပြုပြင်စောင့်ရှောက်ခြင်း၊

(ည) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအလို့ငှာ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(ဋ) မြေအောက်လုပ်ကွက်တိုင်းတွင် ဝင်ပေါက်အပြင် မြေပြင်သို့ထွက်နိုင်သည့် အရေးပေါ်ထွက်ပေါက်ကို အနည်းဆုံး ၂ ပေါက်ထားရှိခြင်း၊

(ဌ) လုပ်ငန်းခွင်တွင် အလုပ်သမားများဘေးအန္တရာယ်တွေ့ကြုံနိုင်ဖွယ်ရာ ရှိ၊ မရှိကို အချိန်မှန်စစ်ဆေးစိစစ်သုံးသပ်ခြင်းနှင့် စစ်ဆေးချက်မှတ်တမ်းထားရှိခြင်း၊

(ဍ) သတ္တုတွင်း၌ အသက်ကယ်ထွက်ပေါက်၊ လေဝင်ပေါက်ထားရှိရမည့်အပြင် ရေ၊ ရိက္ခာ၊ ဆေးဝါးနှင့် ရှေးဦးသူနာပြုစနစ်တို့ကို စီစဉ်ထားရှိခြင်း၊

(ဎ) ထူးထူးခြားခြားဘေးအန္တရာယ်ဖြစ်နိုင်သော လုပ်ကွက်နေရာများတွင် အလုပ်သမားများအား ဘေးအန္တရာယ်ကာကွယ်ပေးနိုင်သည့် လုပ်ငန်းစီမံချက်နှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(ဏ) မီးစတင်လောင်ကျွမ်းခြင်း၊ ပြန်နှံ့ခြင်းနှင့် ပေါက်ကွဲခြင်းအန္တရာယ်များအား တားဆီးကာကွယ်ရန်၊ ကြိုတင်သိရှိရန်နှင့် နှိမ်နင်းရန်အတွက် သတ္တုတွင်း လုပ်ငန်းနှင့် ဆီလျော်သောကြိုတင်ကာကွယ် တားဆီးမှု အစီအစဉ်များထားရှိခြင်း၊

(တ) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်ဘွယ်ရာ အခြေအနေသို့ ရောက်ရှိ သည့်အခါ လုပ်ငန်းများအားရပ်ဆိုင်းပြီး အလုပ်သမားများအား ဘေးကင်းရာနေရာသို့ ရွှေ့ပြောင်းရေး ကိုဆောင်ရွက်ခြင်း။

၁၇၇။ ဓာတ်သတ္တုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် သတ္တုတွင်းတစ်ခုစီ၏ ထူးခြားမှုအပေါ်မူတည်ပြီး ကြိုတင်မျှော်မှန်းနိုင်သော သဘာဝနှင့် လုပ်ငန်းဆိုင်ရာဘေးအန္တရာယ်များအား အရေးပေါ်ကာကွယ်နိုင်မည့်စီမံချက်ကို စီစဉ်ထားရှိရမည်။

၁၇၈။ ခန္ဓာကိုယ်နှင့်ပတ်သက်၍လည်းကောင်း၊ ဓာတုဗေဒ သို့မဟုတ် ဇီဝဗေဒနှင့်ဆိုင်သော ဘေးအန္တရာယ်များနှင့်ပတ်သက်၍လည်းကောင်း၊ အလုပ်ခွင်တွင် ဘေးအန္တရာယ်ရှိနိုင်ပါက ဓာတ်သတ္တု လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည်-

(က) အလုပ်သမားများအား ယင်းတို့၏ အလုပ်နှင့်ဆက်နွယ်သည့် ဘေးအန္တရာယ်နှင့် စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ခြင်း မပြုပါက ကျန်းမာရေးထိခိုက်မှုရှိနိုင်ကြောင်းကို ကြိုတင်အသိပေးထားရမည်၊

(ခ) ဘေးအန္တရာယ်နှင့်တွေ့ကြုံမှုကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို ပပျောက်စေရန် သို့မဟုတ် လျော့နည်းစေရန် သင့်လျော်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်၊

(ဂ) ဘေးအန္တရာယ်ကျရောက်မှု သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေမှုများအား အခြားနည်းလမ်း များဖြင့် လုံလောက်အောင် ကာကွယ်ရန်မဖြစ်နိုင်ပါက အလုပ်သမားများအား သင့်လျော်သော အန္တရာယ် ကာကွယ်ရေးဝတ်စုံ၊ ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းနှင့်အခြား အစီအမံများကို အခမဲ့ပံ့ပိုး ပေးရမည်၊



Myanmar Law Information System (MLIS)

(ဃ) ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအား သင့်လျော်သော ဆေးဝါးကုသမှုခံယူနိုင်ရေး အတွက် ကုသရာနေရာသို့ရောက်ရှိအောင် အမြန်ဆုံး ပို့ဆောင်ပေးရမည်၊

(င) ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအား လူမှုဖူလုံရေးဥပဒေနှင့်အညီ ဆေးဝါးကုသမှုခံယူနိုင်ရန်ဆောင်ရွက်ပေးရမည်။

၁၇၉။ လုပ်ငန်းခွင် ဘေးအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာများနှင့် ရောဂါများဖြစ်ပေါ်လာနိုင်သည့် အတွက် အလုပ်သမားများ အားလုံးအား လူမှုဖူလုံရေးတွင် အကျုံးဝင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ် ပြီး၊ ဖြစ်ပွားလာပါက အလုပ်သမားများအား အခမဲ့ဆေးဝါးကုသမှု ခံယူနိုင်ရေးနှင့် ငွေကြေးအကျိုးခံစား ခွင့်များ ရရှိနိုင်ရေးအတွက် ဓာတ်သတ္တုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် လူမှုဖူလုံရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ပေးရမည်။

၁၈၀။ ဓာတ်သတ္တုလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာ သည်-

(က) အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပြင် လုပ်ငန်းနှင့်သက်ဆိုင်သည့် လိုက်နာရမည့်ညွှန်ကြားချက်များကို နားလည်နိုင်ရန်ရှင်းလင်းပြရမည့်အပြင် လုံလောက်သော လေ့ကျင့်မှုများနှင့် အခါအားလျော်စွာ မွမ်းမံလေ့ကျင့်မှုအစီအစဉ်များကို ဆောင်ရွက်ပေး ရမည်၊

(ခ) သတ္တုတွင်းကို ဘေးအန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်နိုင်ရေးအတွက် အလုပ်အဆိုင်းတိုင်းတွင် ကြီးကြပ်ကွပ်ကဲသည့် ပုဂ္ဂိုလ်များ အလုံအလောက်ခန့်ထားရမည်၊

(ဂ) မည်သည့် အချိန်၌မဆို မြေအောက်လုပ်ငန်းခွင်သို့ ဝင်ရောက်နေသည့် လူပုဂ္ဂိုလ်များ၏အမည်နှင့် ရောက်ရှိမည့်နေရာများကို ဖော်ပြသိရှိနိုင်သည့် စနစ်တစ်ခုကို စီစဉ်ထားရှိရမည်၊

(ဃ) မတော်တဆထိခိုက်မှု သို့မဟုတ် အန္တရာယ်ဖြစ်ပွားပါက ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး သင့်လျော်သောကာကွယ်မှုနှင့် ပြုပြင်မှုလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များထံ အစီရင်ခံတင်ပြရမည်၊

(င) ဓာတ်သတ္တုလုပ်ငန်းကြောင့် ဖြစ်တတ်သော လုပ်ငန်းခွင်ကျန်းမာရေး အန္တရာယ်မှ ကာကွယ်ရန် အလုပ်သမားများကို ပုံမှန်ကျန်းမာရေးစစ်ဆေးသည့်စနစ်ကို ကျင့်သုံးရမည်။

၁၈၁။ ဓာတ်သတ္တုလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာ သည်-

(က) ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းများကို လူနေအိမ်သို့ ယူဆောင်သွားခြင်း၊ လူနေအိမ်အတွင်းထားရှိ ခြင်းမပြုဘဲ ကာကွယ်ရေးဝန်ကြီးဌာန၊ ယမ်းတိုက်မြေနေရာရွေးချယ်ရေးအဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ တည်ဆောက်ထားသော ယမ်းတိုက်အတွင်း၌သာ ထားရှိရမည်၊

(ခ) ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းများကို စာဖြင့် တာဝန်ပေးအပ်ထားသည့် အရည်အချင်း ပြည့်စုံသူ များသို့သာ ထုတ်ပေးရမည့်အပြင် ထိုသူများ၏ အမည်များကိုလည်း သက်ဆိုင်ရာဥပဒေအရ သတ်မှတ် ထားရှိသည့်စာအုပ်တွင် မှတ်သားထားရမည်၊

(ဂ) ဒီတိုနေတာများကို လုံခြုံစွာ သော့ခတ်ထားသော သေတ္တာတွင် ထားရှိရမည်။ ယမ်းဘီလူးနှင့်သော် လည်းကောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်သော်လည်းကောင်း အတူ မထားရှိရ၊ ထို့ပြင် မည်သည့် ဒီတိုနေတာကိုမဆို ချက်ချင်းအသုံးမပြုမီ ယမ်းတောင့်အတွင်းသို့ ထည့်သွင်း၍ မထားရှိရ၊

(ဃ) မိမိ သို့မဟုတ် ဖိုမင်ကခန့်အပ်သည့် ကောင်းစွာအရည်အချင်းပြည့်စုံသူများအား ဖောက်ခွဲမှုလုပ် ငန်း အားလုံးကို ဆောင်ရွက်စေရမည်။ ထိုသူတို့၏ အမည်များကို ယင်းကိစ္စအလို့ငှာထား ရှိမည့် အမည် စာရင်းတွင် မှတ်ပုံတင်သွင်းထားရှိရမည်၊

(င) ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အချက်ပေါင်းမည်မျှ ပေါက်ကွဲ ကြောင်း၊ အချိန်အတွယ်မည်မျှ အသုံးပြုကြောင်း၊ မပေါက်ကွဲသည့် အချက်များ (ရှိလျှင်) မည်မျှဖြစ်ကြောင်းကို ယင်းကိစ္စအလို့ငှာ ထားရှိရမည့်စာအုပ်တွင် နေ့စဉ်မှတ်သားထားရမည်၊

(စ) အသုံးမပြုဖြစ်သည့် ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းအားလုံးကို ယမ်းတိုက်သို့ နှောင့်နှေးခြင်းမရှိဘဲ ပြန်ပို့စေရမည်၊

(ဆ) ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းကို တာဝန်ပေးထားသူတစ်ဦးအား မြေအောက်လုပ်ကွက်တစ်ခုသို့ သယ်ယူစေရာတွင် အလေးချိန် ၂.၅ ကီလိုဂရမ်ထိသာ ထည့်နိုင်သည့် လုံခြုံသော သေတ္တာ၊ ပုံး သို့မဟုတ် လက်ဆွဲအိတ်ဖြင့်သာထည့်၍ သယ်ယူစေရမည်၊

(ဇ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာသေတ္တာ၊ ပုံး သို့မဟုတ် လက်ဆွဲအိတ်များတွင် ထည့်သွင်းယူဆောင်သွားစေသည့်အခါ လုံခြုံခိုင်မြဲစွာယူဆောင်သွားစေရမည်၊

(ဈ) မည်သူမျှ ယမ်းတွင်းအတွင်းသို့ ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းများ ထည့်သွင်းရန် အတွက်ဖြစ်စေ၊ ထိုးသွင်းရန်အတွက်ဖြစ်စေ သံ သို့မဟုတ် သံမဏိ ကိရိယာတန်ဆာကို အသုံးမပြုစေရ။ ထို့ပြင် မည်သည့် ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကိုမျှ ယမ်းတွင်းထဲသို့ ဆောင့်၍မသွင်းစေရ၊

(ည) မြေအောက်လုပ်ကွက်၌ ဖောက်ခွဲခြင်း တစ်စုံတစ်ရာကိုမပြုလုပ်မီ အနီးနားရှိလူများအား ကြိုတင် အသိပေးမှုပြုရမည့်အပြင် ယင်းဖောက်ခွဲခြင်းကို ပြုလုပ်တော့မည့်နေရာသို့ ဝင်ရောက်နိုင်သည့် အဝင်ဝ အရပ်ရပ်၌လည်း အစောင့်ချထားရမည်၊

(ဋ) မြေအောက်လုပ်ကွက်နေရာနှစ်ခုသည် တစ်နေရာနှင့်တစ်နေရာ ၃ မီတာအတွင်းချဉ်းကပ်လာသည့် အခါတစ်နေရာမှ လူများထွက်သွားခြင်း၊ ယင်းနေရာကိုကာရံထားခြင်းမရှိသေးလျှင် အခြားတစ်နေရာ၌ မည်သည့်ဖောက်ခွဲခြင်းကိုမျှ မပြုလုပ်စေရ၊

(ဌ) ဟင်းလင်းဖွင့်လုပ်ကွက်များတွင် ဖောက်ခွဲခြင်းစတင်မပြုလုပ်မီတွင်လည်းကောင်း၊ ဖောက်ခွဲခြင်း ပြီးစီးသည့်အခါတွင် လည်းကောင်း၊ ကောင်းမွန်ကျနစွာ အချက်ပြသည့် စနစ်ဖြင့် ကြိုတင်အသိပေးပြီးမှ ပြုလုပ်ရမည်၊

(ဍ) ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းများကို ဖောက်ခွဲသောအခါ အနည်းဆုံးလူ ၂ ယောက်က ပေါက်ကွဲ သောအချက်ပေါင်းကို ရေတွက်ရမည်။ အနည်းဆုံးသော ရေတွက်ခြင်းကို အမှန်ယူရမည်။ ပေါက်ကွဲ ကြောင်း ထင်ရှားခြင်းမရှိလျှင် ဖောက်ခွဲခြင်း ပြုခဲ့သည့် အချိန်မှ မိနစ် ၃၀ အတွင်း ထိုနေရာသို့ မည်သူ့ကို မျှဝင်ရောက်စေခြင်း

မပြုရ။ ဖောက်ခွဲခြင်းကို လျှပ်စစ်ဓာတ်ဖြင့်ပြုလုပ်လျှင် ယင်းသို့ပြုလုပ် ခဲ့သည့် အချိန်မှ မိနစ် ၂၀ အတွင်းထိုနေရာသို့ မည်သူ့ကိုမျှဝင်ရောက်စေခြင်း မပြုရ၊

(ဃ) မြေအောက်အလုပ်လုပ်ကိုင်သည့်နေရာတွင် ဖောက်ခွဲခြင်းပြုလုပ်ပြီး မိနစ် ၂၀ သို့မဟုတ် မိနစ် ၃၀ ကြာပြီးနောက် ယင်းနေရာသို့ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်ခြင်းမပြုမီ ဖောက်ခွဲသူကိုဖြစ်စေ၊ သတ္တုတွင်းမန်နေဂျာက စာဖြင့်ခန့်ထားသည့် အရည်အချင်းပြည့်စုံသူကိုဖြစ်စေ ဝင်ရောက်စေ၍ သေချာစွာ စစ်ဆေးကြည့်ရှုစေရမည့်အပြင် မိမိ၏လက်ထောက်များဖြင့်လည်း ယင်းနေရာကို ဘေးရန်ကင်းရှင်းအောင် ပြုလုပ်ရမည်။ ယင်းသို့ စစ်ဆေးကြည့်ရှုခြင်း မပြုမီနှင့် ယင်းနေရာသည် ဘေးရန်ကင်းရှင်းပြီးဖြစ်ကြောင်း ကြော်ငြာခြင်းမပြုမီ ယင်းနေရာသို့ အခြားမည်သူမျှ မဝင်စေရ၊

(ဏ) ယမ်းတွင်းအတွင်းသို့ ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းထည့်သွင်းပြီးသည့်အခါ ၎င်းပစ္စည်းများကို ယမ်းတွင်းအတွင်းမှထုတ်ယူရန် ကော်ယူခြင်းမပြုစေရ၊

(တ) ဖောက်ခွဲပြီးသောယမ်းတွင်းကို ထပ်မံတူးဖောက်ခြင်းမပြုရ၊

(ထ) ဖောက်ခွဲခြင်း အထမမြောက်လျှင် အသုံးပြုခဲ့သော ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းများကို လေဖြင့် သော်လည်းကောင်း၊ ရေဖြင့်သော်လည်းကောင်း ဖျက်ဆီးရမည်။ သို့မဟုတ် ဖောက်ခွဲခြင်းအထမမြောက် သောယမ်းတွင်းမှ အနည်းဆုံး ၀.၃ မီတာခွာ၍ ယမ်းတွင်းအသစ်တစ်တွင်းကို သင့်တင့်လျောက်ပတ်စွာ တူးဖောက်ပြီး လိုသလောက် ယမ်းကို အသုံးပြုဖောက်ခွဲခြင်းဖြင့် အထမမြောက်သော ယမ်းတွင်းကို ဖျက်ဆီးပစ်ရမည်၊

(ဒ) ဖောက်ခွဲခြင်း အထမမြောက်သောယမ်းတွင်းကို ဖျက်ဆီးခြင်းမပြုမီ ၎င်းနေရာနှင့် ၀.၃ မီတာအတွင်း ယမ်းတွင်းတူးဖောက်ခြင်း မပြုရ။ ၀.၃ မီတာအပြင်ဘက်တွင် ယမ်းတွင်းအသစ် တူးဖောက်သောအခါတွင်လည်း ဖောက်ခွဲခြင်းအထမမြောက်သော နေရာကို ထိခြင်း ဘေးအန္တရာယ်မှ ကာကွယ်ရန် အထူးသတိပြုရမည်။ ယမ်းတွင်းသစ်ကို ယမ်းဘီလူးနှင့်ဆက်စပ် ပစ္စည်းကိစ္စအလို့ငှာ တာဝန်ပေးအပ် ထားသူရှေ့တွင် တူးဖောက်စေရမည်၊

(ဓ) ဖောက်ခွဲခြင်း အထမမြောက်သည့်နေရာကို ဘေးရန်ကင်းရှင်းစေရန် ဆောင်ရွက်မပြီးမချင်း ခေတ္တ အားလပ်ထားရမည့်အပြင် အနီးအနားရှိလူများကို အသိပေးပြောကြားရန် လူတစ်ဦးတစ်ယောက်ကို ထားရှိရမည် သို့မဟုတ် ယင်းနေရာကို ကာရံထားရှိရမည်။ ဟင်းလင်းဖွင့်လုပ်ကိုင်သည့် နေရာဖြစ်ပါက အလံနီစိုက်ထူရမည်၊

(န) ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုများ ကာကွယ်ရန်လိုအပ်သော စီမံချက်ကို စီစဉ်ထားရှိရမည်။

<ပြင်ဆင် 11.07.2019>

## အခန်း (၂၉)

## သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း

Myanmar Law Information System (MLIS)

၁၈၂။ ခဲတတ်သတ္တုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ခဲတတ်သတ္တုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်းမပြုမီ သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးတို့အတွက် စီမံချက်များ ရေးဆွဲ၍ သက်ဆိုင်ရာခွင့်ပြု သည့် ဌာန၊ အဖွဲ့အစည်းသို့ တင်ပြရမည်။

၁၈၃။ သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၁၈၂ အရ တင်ပြလာသော စီမံချက် ကိုစိစစ်၍ လိုအပ်ပါက စီမံချက်တွင် ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များပြုလုပ်စေပြီး စီမံချက်ကို အတည်ပြုရမည်။

၁၈၄။ (က) ခဲတတ်သတ္တုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာ သည် သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းကအတည်ပြုထားသည့် စီမံချက်ပါ နည်းလမ်းများနှင့် အညီ သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေး၊ လုံခြုံရေး၊ သက်သာချောင်ချိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ဆောင်ရွက်ပေးရမည်-

(၁) လုပ်ငန်းခွင်မဝင်ရောက်မီ ကျန်းမာရေးစစ်ဆေးခြင်း၊

(၂) ပုံမှန် ကျန်းမာရေး စစ်ဆေးခြင်းများကိုလည်း အနည်းဆုံး တစ်နှစ်တစ်ကြိမ် (သို့မဟုတ်) လုပ်ငန်းခွင် ဘေးအန္တရာယ်ဆန်းစစ်ခြင်း ရလဒ်များအပေါ် မူတည်၍ ပြုလုပ်ခြင်း၊

(၃) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ နားနေရန်နှင့် စားသောက်ရန် နေရာများ စီစဉ်ထားရှိ ခြင်း၊

(၄) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ တစ်ကိုယ်ရည်သန့်ရှင်းရေး ဆောင်ရွက်ရန်အတွက် ရေချိုးရန်နေရာများ ထားရှိခြင်း၊

(၅) သန့်ရှင်းသော သောက်သုံးရေရရှိရန်နှင့် အိမ်သာများထားရှိရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း။

(ဂ) ခဲတတ်သတ္တုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ခဲတတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းခွင်ရှိ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲထားရှိ၍ စီစဉ်ဆောင်ရွက်ပေးရမည်။

<ပြင်ဆင် 11.07.2019>

## အခန်း (၃၀)

## သတ္တုတွင်းလုပ်ကွက်များ ပိတ်သိမ်းခြင်း

၁၈၅။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုထားသော လုပ်ကွက်ဧရိယာနှင့် စပ်လျဉ်း၍-

(က) လုပ်ငန်းပိတ်သိမ်းချိန်တွင် တူးဖောက်ထားသည့်လွန်တွင်းများ၊ အစမ်းတွင်းများ၊ မြောင်းများနှင့် ကလိုင်များကို ပြန်လည်မြေဖို့ခြင်း သို့မဟုတ် အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ပေးခြင်းပြုရမည်၊

(ခ) သတ္တုသိုက်ကုန်ဆုံးခြင်း သို့မဟုတ် ဆက်လက်လုပ်ကိုင်ခြင်းမရှိသော သတ္တုတွင်း လုပ်ကွက်များ ကို ပိတ်သိမ်းပြီးပြန်လည်အပ်နှံရာတွင် သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်း၏ သတ်မှတ်ချက် များနှင့် အညီ

Myanmar Law Information System (MLIS)

အကောင်းဆုံးအခြေအနေ ပြန်လည်ရရှိရန် မြေယာပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ပြုရမည်၊

(ဂ) သတ္တုတွင်း လုပ်ကွက်ဧရိယာကို နောက်ဆုံးဆောင်ရွက်ခဲ့သည့် ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူဖြစ်ပါက သတ္တုတွင်းပိတ်သိမ်းပြီးနောက် တစ်ဆက်တည်းအနည်းဆုံး ၅ နှစ်မှ လိုအပ်သည့်ကာလအထိ စွန့်ပစ်မြေ၊ စွန့်ပစ်ရေအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စောင့်ကြည့်လေ့လာ ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ကုစားဆောင်ရွက်ပေးခြင်းတို့ပြုရမည်၊

(ဃ) သတ္တုတွင်း လုပ်ကွက်ဧရိယာကို နောက်ဆုံးဆောင်ရွက်ခဲ့သည့် ဓာတ်သတ္တုအလတ်စား၊ အသေးစား သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့် ရရှိသူဖြစ်ပါက သတ္တုတွင်းပိတ်သိမ်း ပြီးနောက် တစ်ဆက်တည်း ၅ နှစ်အထိ စွန့်ပစ်မြေ၊ စွန့်ပစ်ရေ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိုစောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ကုစားဆောင်ရွက်ပေးခြင်းတို့ပြုရမည်၊

(င) နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် သတ္တုတွင်းပိတ်သိမ်းရေး ရန်ပုံငွေတစ်ရပ်ကို သီးခြားထူထောင် ထားရှိ၍ ထုတ်လုပ်မှု မစတင်မီကာလတွင် ဆောင်ရွက်မည့်လုပ်ငန်း ပမာဏ၏ တည်ဆောက်ရေးကာလ၊ ထုတ်လုပ်မှုကာလ၊ ပိတ်သိမ်းမည့်ကာလတို့တွင် ဖြစ်ပေါ်တည်ရှိမည့် ဆိုးကျိုးသက်ရောက်မှုအခြေအနေ ကို စိစစ်တွက်ချက်ထားရှိစေပြီး ထုတ်လုပ်မှု မစတင်မီကာလတွင် ဓာတ်သတ္တု လုပ်ငန်းရင်းနှီးမြုပ်နှံငွေ ၏အနည်းဆုံး ၂ ရာခိုင်နှုန်းမှ လိုအပ်သည့် ရာခိုင်နှုန်းအထိကို ရန်ပုံငွေထားရှိရမည်။ ထုတ်လုပ်မှု စတင်သည့်အခါတွင် နှစ်စဉ် ဓာတ်သတ္တု ရောင်းချမှုတန်ဖိုး၏ အနည်းဆုံး ၂ ရာခိုင်နှုန်းမှ လိုအပ်သည့် ရာခိုင်နှုန်းအထိ လည်းကောင်း သို့မဟုတ် ဓာတ်သတ္တုရောင်းချမှုမရှိပါက ဓာတ်သတ္တုလုပ်ငန်း ရင်းနှီးမြုပ်နှံငွေ၏ အနည်းဆုံး ၂ ရာခိုင်နှုန်းမှ လိုအပ်သည့် ရာခိုင်နှုန်းအထိ လည်းကောင်း ရန်ပုံငွေထား ရှိရမည်။ ထို့ပြင် ထူးခြား၍ ဂရုပြုလောက်သော ပြောင်းလဲမှုပေါ်ပေါက်လာပါက သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက ပြင်ဆင်သတ်မှတ်သည့် ရန်ပုံငွေကို ထည့်ဝင်ရမည်။

၁၈၆။ ဓာတ်သတ္တုအကြီးစားနှင့် အလတ်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) သတ္တုတွင်း ပိတ်သိမ်းမှု၊ ပြန်လည်ထူထောင်မှုနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။ ပိတ်သိမ်းမှုနောက်ပိုင်းကာလတွင် ထိန်းသိမ်းစောင့်ကြည့်ရေးလုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှုဆိုင်ရာ ဘဏ္ဍာရေးအာမခံအဖြစ်ရန်ပုံငွေ ထူထောင် ထားရှိပြီးမှသာ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းကို ဆောင်ရွက်ရမည်၊

(ဂ) ဓာတ်သတ္တုအကြီးစားနှင့် အလတ်စား ထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပါက ထုတ်လုပ်မှု လုပ်ငန်းစတင် ပြီး ရက်ပေါင်း ၉၀ အတွင်း သတ္တုတွင်း ပိတ်သိမ်းခြင်းအစီအစဉ်ကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသို့ တင်ပြရမည်။ ယင်းအစီအစဉ်ကို ဒေသခံ အဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ရေးဆွဲရမည်။ ထုတ်လုပ်မှုသက်တမ်းကာလအတွင်း ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မှုပြုရမည်။ ထူးခြား၍ ဂရုပြုလောက်သည့် ပြောင်းလဲမှုရှိလာသည့် အခါတိုင်း စီမံချက်အား ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ရမည်၊



Myanmar Law Information System (MLIS)

(ဃ) စီးပွားဖြစ် ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းမပြီးဆုံးမီ ၁ နှစ်ထက်နောက်မကျ စေဘဲ အပြီးသတ် ပိတ်သိမ်းခြင်းအစီအစဉ်ကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသို့ တင်ပြပြီး အတည်ပြုချက်ရရှိပါက အပြီးသတ် ပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရမည်။ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား သုံးလ တစ်ကြိမ်တင်ပြရမည်။

၁၈၇။ ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) သတ္တုတွင်းပိတ်သိမ်းမှု၊ ပြန်လည်ထူထောင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့ အစည်း၏သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ပိတ်သိမ်းမှု နောက်ပိုင်းကာလတွင် ထိန်းသိမ်းစောင့်ကြည့်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှုဆိုင်ရာ ဘဏ္ဍာရေးအာမခံအဖြစ် ရန်ပုံငွေ ထူထောင် ထားရှိပြီးမှသာ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းကို ဆောင်ရွက်ရမည်၊

(ဂ) ဓာတ်သတ္တုအသေးစားထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပါက ထုတ်လုပ်မှု လုပ်ငန်း စတင်ပြီး ရက်ပေါင်း ၉၀အတွင်း သတ္တုတွင်းပိတ်သိမ်းခြင်း အစီအစဉ်ကို သက်ဆိုင်ရာ ခွင့်ပြု သည့်ဌာန၊ အဖွဲ့အစည်းသို့ တင်ပြရမည်။ ယင်းအစီအစဉ်ကို ဒေသခံအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်း များနှင့် ညှိနှိုင်းတိုင်ပင်၍ ရေးဆွဲရမည်။ ထူးခြား၍ ဂရုပြုလောက်သည့် ပြောင်းလဲမှု ရှိလာသည့် အခါတိုင်း စီမံချက်အား ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရမည်၊

(ဃ) ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်သည့် လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းက ကြိုတင်သတ်မှတ်ထားသော သတ္တုတွင်းပိတ်သိမ်းခြင်း အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရမည်။
<ပြင်ဆင် 11.07.2019>

၁၈၈။ (က) သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် သတ္တုတွင်းပိတ်သိမ်းပြီးနောက် မြေယာ ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို ပြီးစီးနိုင်မည့် သတ်မှတ်ကာလအထိ စောင့်ကြည့် ရေး၊ ထိန်းသိမ်းရေးနှင့် ကြီးကြပ်ဆောင်ရွက်ရေးတို့အတွက် စောင့်ကြပ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပေးရမည်။ ထိုကော်မတီတွင် ဒေသခံနှင့်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသ အုပ်ချုပ်ရေး အာဏာပိုင်မှ တာဝန်ပေးအပ်သူများပါရှိစေရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့်ကော်မတီသည် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခဲ့သော သတ္တုတွင်း လုပ်ကွက်ဧရိယာနှင့် ဆက်စပ်ပတ်ဝန်းကျင်နေရာများကို ပြန်လည်အသုံးပြုနိုင်သည့် အခြေအနေအထိရောက်ရှိစေရန် အမြဲစောင့်ကြည့်၍ ကြီးကြပ်ပေးရမည်။ ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အခါအားလျော်စွာ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ တင်ပြရမည်။

## အခန်း (၃၁)

## ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း

၁၈၉။ ခွင့်ပြုမိန့်ရရှိသူသည်-

Myanmar Law Information System (MLIS)

(က) မိမိတူးဖော်ခဲ့သည့် လွန်တွင်းများ၊ ကလိုင်များ၊ မြေအောက်တူးဖော်မှု လုပ်ငန်းများကြောင့် ပျက်စီးသွားသည့် မြေမျက်နှာပြင်ကို သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း သက်ဆိုင်ရာ ခွင့်ပြု သည့် ဌာန၊ အဖွဲ့အစည်းက ကျေနပ်လက်ခံသည်အထိ ပြန်လည်မြေဖို့ပေးခြင်း သို့မဟုတ် အန္တရာယ်မရှိ စေရန် အခြားနည်းဖြင့် ပြုပြင်ဆောင်ရွက်ပေးခြင်းပြုရမည်၊

(ခ) သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့်မြေ၊ အစိုးရက စီမံခန့်ခွဲခွင့် ရှိသောမြေအတွင်း ဓာတ်သတ္တုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းကြောင့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း ပြုခဲ့ရ ပါကသက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏သဘောတူညီချက်ကို တောင်းခံရယူစဉ်က ညှိနှိုင်းသဘော တူညီချက်နှင့် အညီသစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း သို့မဟုတ် လျော်ကြေးပေး ခြင်း ပြုရမည်။

၁၉၀။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် သို့မဟုတ် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့် ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့် အရည်များ၊ စွန့်ပစ်မြေစာများ၊ အဖြုန်းများစွန့်ပစ်ရာတွင်လည်းကောင်း၊ အခိုးအငွေ့များကို ထုတ်လွှတ် ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များနှင့် အညီ ပတ်ဝန်းကျင် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုမရှိစေရန်နှင့် သက်ရှိသတ္တဝါများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန်အလို့ငှာ လိုအပ်သလို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရမည်။ ယင်းသို့ စမ်းသပ်စစ်ဆေးရာတွင် သက်ရှိသတ္တဝါများ အတွက် ဘေးအန္တရာယ်ဖြစ်စေသည့် အဆိပ်အတောက်များတွေ့ရှိပါက ဓာတုဗေဒနည်းအရ လိုအပ်သလို ချေဖျက်ခြင်းပြုလုပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်း သေချာသည့်အခါမှသာ သတ်မှတ်ချက်များနှင့် အညီ စနစ်တကျ စွန့်ပစ်ရမည်။

၁၉၁။ ခွင့်ပြုမိန့်ရရှိသူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို အများပြည်သူတို့အားထိခိုက်စေနိုင် မည့်နေရာတစ်ခုခုတွင် စွန့်ပစ်ခြင်းမပြုရ။ သတ္တုတူးဖော်မှုကြောင့် တောရိုင်းတိရစ္ဆာန်များ၊ ရှားပါးမျိုး စိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

၁၉၂။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်အားလုံးကို ကျခံရမည်။ ယင်းကုန်ကျစရိတ်များကို ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီအစဉ် သို့မဟုတ် ဓာတ်သတ္တု တူး ဖော်ထုတ်လုပ်ရေး၊ ဆင့်တက်ပြုပြင်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်းသည့် ပတ်ဝန်း ကျင် စီမံခန့်ခွဲမှုအစီအစဉ် အပေါ် အခြေခံ၍ သတ်မှတ်ရမည်။ နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် ပတ်ဝန်း ကျင် ထိန်းသိမ်းရေးရန်ပုံငွေတစ်ရပ်ကို သီးခြားထူထောင်ထားရှိရမည်၊

(ခ) သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်း ကျင်တွင် အဆိပ်အတောက်အန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများ၊ အကြွင်းအကျန်များ၊ အမှိုက်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကြောင့်ထိခိုက်မှုမရှိစေရေး၊ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ (င) နှင့်အညီ ရန်ပုံငွေထည့်ဝင်ရမည်၊

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) ပါရန်ပုံငွေနှစ်ရပ်ကို စီမံခန့်ခွဲမည့် အဖွဲ့အစည်း ဖွဲ့စည်းထားရှိခြင်း၊ စီမံ ခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရေးဆွဲထား ရှိရမည်၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီက သတ်မှတ် ကောက်ခံသည့် အခကြေးငွေကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေသို့သီးခြား ပေးသွင်းရမည်။

၁၉၃။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည်-

(က) ခွင့်ပြုမိန့်ရရှိသူက ထူထောင်ထားရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေကို စီမံခန့်ခွဲရေး အဖွဲ့ ဖွဲ့စည်းထားရှိခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဆောင်ရွက်သည့်လုပ်ငန်း များကို စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း ပြုရမည်၊

(ခ) ဓာတ်သတ္တု ထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးသည့် အခါဖြစ်စေ၊ ပိတ်သိမ်းသည့်အခါ ဖြစ်စေ၊ ခွင့်ပြုမိန့်ရ သူကလုပ်ငန်းမြေနေရာကို သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း သတ္တုတွင်းပိတ်သိမ်းရေးရန်ပုံငွေ ဖြင့် မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် စိမ်းလန်းစိုပြေရေးလုပ်ငန်းများ ဆောင်ရွက်ရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ)ပါ လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ခြင်းရှိ၊ မရှိ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက တာဝန်ပေးအပ်သည့် စစ်ဆေးရေးအရာရှိမှ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ရမည်။ ခွင့်ပြုမိန့်ရရှိသူမှ လုပ်ငန်းများကို ဆောင်ရွက်ရန်လစ်လျူပြုပါက ထုတ်ပေးထား သည့်ခွင့်ပြုမိန့်ကို ဆိုင်းငံ့ထားစေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဃ) နည်းဥပဒေ ၁၉၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ထူထောင်ထားရှိရမည့် ရန်ပုံငွေ နှစ်ရပ်ထားရှိရန် ပျက်ကွက်သည့် ခွင့်ပြုမိန့်ရရှိသူထံသို့ ရန်ပုံငွေထူထောင်ထားရှိရန် သတိပေးအကြောင်း ကြားစာကို အနည်းဆုံးနှစ်ပတ်ခန့်စီခြား၍ ၃ ကြိမ်တိုင်ပေးပို့ပြီး နောက်ရက်ပေါင်း ၃၀ ဆက်လက် ပျက်ကွက်နေပါက ခွင့်ပြုမိန့်ကိုကာလသတ်မှတ်၍ ဆိုင်းငံ့ထားစေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၃၂)
## မတော်တဆဖြစ်ပွားမှုများကို သတင်းပို့အစီရင်ခံခြင်း

၁၉၄။ ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာသို့မဟုတ် မန်နေဂျာသည်-

(က) သတ္တုတွင်းဖြစ်စေ၊ သတ္တုတွင်း ပတ်ဝန်းကျင်၌ ဖြစ်စေ မတော်တဆ ဖြစ်ပွားရာ၌ လူသေဆုံးသည့် အခါ သို့မဟုတ် လူ့ကိုယ်ခန္ဓာကို ပြင်းထန်စွာ ဒဏ်ရာရသည့်အခါတွင်သော်လည်းကောင်း၊ သတ္တုတွင်း ၌ မတော်တဆ ပေါက်ကွဲမှုသို့မဟုတ် မီးလောင်မှု ဖြစ်ပွားသည့်အခါတွင် သော်လည်းကောင်း၊ ရေများယိုစီးဝင်လာသည့် အခါတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်မှန်း နိုင်သော ဘေးအန္တရာယ် ဖြစ်ပွားခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခြင်း တို့နှင့် စပ်လျဉ်း၍ မတော်တဆမှု ဘေးအန္တရာယ် ဖြစ်ပွားသည့်အခါတွင် သော်လည်းကောင်း ထိုသို့ ဖြစ်ပွားသည့် ဖြစ်ရပ်များကို တာဝန်ယူ ကြီးကြပ်သည့် သက်ဆိုင်ရာ

ခွင့်ပြုသည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ အချင်းဖြစ်ပွားပြီး ၂၄ နာရီအတွင်း သတင်းပေးပို့ရမည်၊

(ခ) နည်းဥပဒေခွဲ(က)ဖြင့် အကြောင်းကြားသည့်ကိစ္စရပ်ကို ရက်သတ္တတစ်ပတ်အတွင်း ပုံစံ(၆၈) ဖြင့် အသေးစိတ်အစီရင်ခံစာကို ဆက်လက်ပေးပို့ရမည်။ အစီရင်ခံစာမိတ္တူ တစ်စောင်ကိုလည်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ လိုအပ်သည့် အရေးယူမှု ဆောင်ရွက်နိုင်ရန် ပေးပို့ရမည်၊

(ဂ) နည်းဥပဒေခွဲ (က) ပါ မတော်တဆထိခိုက်မှုများမှအပ တစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာကို အနာတရ ဖြစ်စေသည့်အတွက် ထိခိုက်ခံရသူအား အလုပ်ခွင်မှ ရက် ၂၀ အောက် အလုပ်ပျက်ကွက်ရန် ပေါ်ပေါက်ပါက သာမန်မတော်တဆ ထိခိုက် ဒဏ်ရာရမှုမှတ်တမ်းကို ပုံစံ(၆၉) ဖြင့်လည်းကောင်း၊ ရက် ၂၀ နှင့်အထက် အပြင်းအထန် မတော်တဆထိခိုက် ဒဏ်ရာရမှုမှတ်တမ်းကို ပုံစံ(၇၀)ဖြင့်လည်းကောင်း မှတ်တမ်းတင်ထားရမည်။ မိတ္တူတစ်စောင်စီကို စစ်ဆေးရေးအရာရှိချုပ်ထံ လစဉ် သက်ဆိုင်ရာ လကုန်ဆုံးသည့်နေ့မှ ၇ ရက်အတွင်းပေးပို့ရမည်၊

(ဃ) နည်းဥပဒေခွဲ(ခ)နှင့် (ဂ)အရ မှတ်တမ်းတင်ထားသည့် မတော်တဆ ထိခိုက်ဒဏ်ရာရမှု မှတ်တမ်း ပုံစံ(၆၈)၊ ပုံစံ(၆၉) နှင့် ပုံစံ(၇၀)တို့၏ မိတ္တူတစ်စောင်စီကို စစ်ဆေးရေးအရာရှိချုပ်ထံ လစဉ် သက်ဆိုင်ရာလကုန်ဆုံးသည့်နေ့မှ ၇ ရက်အတွင်း ပေးပို့ရမည်။

## အခန်း(၃၃)

## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကိုခံယူခြင်း

၁၉၅။ ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် -

(က) စစ်ဆေးရေးအရာရှိချုပ်၊ စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က နည်းဥပဒေ ၁၉၈ အရ တာဝန်ပေးအပ်ထားသူ၏ စစ်ဆေးမှုကိုခံယူရမည်၊

(ခ) ယင်းသို့ စစ်ဆေးမှုခံယူရန် နည်းဥပဒေခွဲ(က)ပါ ပုဂ္ဂိုလ်ကိုလုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်း၊ မြေတိုင်းခြင်း သို့မဟုတ် စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် သင့်လျော်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို စီစဉ်ပေးရမည်။

၁၉၆။ ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအရာရှိများက နည်းဥပဒေ ၁၉၅ အရ စစ်ဆေးခြင်းကို တားဆီးပိတ်ပင်ခြင်း၊ စစ်ဆေးခံရန်ငြင်းပယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် နှောင့်ယှက်ဟန့်တားခြင်းမပြုရ။

## အခန်း(၃၄)

## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉၇။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် ယင်းကတာဝန်ပေးအပ်သူသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

Myanmar Law Information System (MLIS)

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသော သတ္တုတွင်းလုပ်ကွက်ကို လုပ်ငန်းစတင်ချိန် သို့မဟုတ် အကောင်အထည်ဖော်နေသည့် အချိန်ကာလတွင် လိုအပ်သလို စစ်ဆေးခြင်း၊ ဘေးအန္တရာယ်ရှိပါက ခွင့်မပြုဘဲ ရပ်ဆိုင်းထားစေခြင်း၊ ဘေးကင်းလုံခြုံမှု ရှိမှသာ လုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) သတ္တုတွင်းဒီဇိုင်းနှင့် ထုတ်လုပ်မည့်နည်းစဉ်တို့အရ ထူထောင်မှု၊ ထုတ်လုပ်မှု၊ ဆင့်တက်ပြုပြင်မှု လုပ်ငန်းတို့ကို ကနဦးစစ်ဆေးခြင်းနှင့် ဘေးကင်းလုံခြုံမှု ရှိမှသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းခွင်နှင့် လုပ်ငန်းသုံးစက်မှု၊ လျှပ်စစ်၊ အီလက်ထရောနစ်၊ သတ္တုဗေဒ ဆိုင်ရာ ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေး၊ အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ပုံမှန်စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း၊

(ဃ) လုပ်ငန်းခွင်မှ တာဝန်ခံများနှင့် ဝန်ထမ်းများ၊ အလုပ်သမားကိုယ်စားလှယ်များပါရှိသော ဘေးကင်းလုံခြုံရေးအဖွဲ့အဆင့်ဆင့်၏ ဆောင်ရွက်ချက်များကို စစ်ဆေးခြင်း။

၁၉၈။ စစ်ဆေးရေးအရာရှိချုပ်က စာဖြင့် သီးခြားတာဝန်ပေးအပ်ထားသော အရာရှိတစ်ဦးဦးသို့မဟုတ် တာဝန်ပေးအပ်သည့် စစ်ဆေးရေးအရာရှိတစ်ဦးသည် လုပ်ငန်းခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာအား ၃ ရက်ထက်မနည်း ကြိုတင်၍ အကြောင်းကြားပြီးနောက် လုပ်ငန်းခွင်၏ မည်သည့်နေရာသို့မဆို ဝင်ရောက်ခြင်း၊ မြေတိုင်းခြင်း သို့မဟုတ် စစ်ဆေးခြင်းကို မည်သည့် အချိန်တွင် မဆိုပြုလုပ်နိုင်သည်။ သို့ရာတွင် ထိုသို့ဝင်ရောက်ခြင်း၊ မြေတိုင်းခြင်း သို့မဟုတ် စစ်ဆေးခြင်းသည် လုပ်ငန်းအား မလိုအပ်ဘဲတားဆီးနှောင့်ယှက်ခြင်း သို့မဟုတ် ပိတ်ပင်ခြင်းမျိုး မဖြစ်စေရ။

၁၉၉။ စစ်ဆေးရေးအရာရှိချုပ်၊ စစ်ဆေးရေးအရာရှိ သို့မဟုတ် နည်းဥပဒေ ၁၉၈ အရ သီးခြားတာဝန်ပေးအပ်ခြင်းခံရသူသည် လုပ်ငန်းတစ်ခုခုအားစစ်ဆေးစဉ် ရယူထားသောလုပ်ငန်းဆိုင်ရာ မှတ်တမ်းစာအုပ်များ သို့မဟုတ် အခြားမှတ်တမ်းမှတ်ရာများ၏ မိတ္တူများနှင့် ကောက်နုတ်ချက်များ သို့မဟုတ် သတင်းအချက်အလက်များအား လျှို့ဝှက်အဖြစ်ထားရမည်။ ထို့ပြင် သတ္တုတွင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုအား စစ်ဆေးစဉ်ရယူထားသော သတင်းအချက်အလက်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ မည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၂၀၀။ (က) စစ်ဆေးရေးအရာရှိသည် လုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းတွင် လုပ်ငန်းနှင့် ဆက်စပ်နေသော ကိစ္စရပ်များ သို့မဟုတ် လိုက်နာကျင့်သုံးနေသည့် လုပ်ငန်းဆောင်ရွက်ချက်များသည် ပတ်ဝန်းကျင်ထိခိုက်မှု သို့မဟုတ် တစ်ဦးတစ်ယောက်၏ အသက်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထိခိုက်နိုင်သည့်အန္တရာယ် ဖြစ်နိုင်သည်ဟု ယုံကြည်လျှင် ခောင်သတ္တုလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသို့ စာဖြင့်အကြောင်းကြားရမည်။ ယင်း အကြောင်းကြားစာ တွင် မည်သည့်အစိတ်အပိုင်း သို့မဟုတ် လိုက်နာကျင့်သုံးနေသည့် လုပ်ငန်းဆောင်ရွက်ချက်များသည် အန္တရာယ်ရှိသည် သို့မဟုတ် ချွတ်ယွင်းမှုရှိသည်ကို ဖော်ပြရမည်။ ထို့ပြင် ယင်းအကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း ယင်းချွတ်ယွင်းချက်ကို ပြုပြင်ရမည်ဟု ဖော်ပြရမည်၊

(ခ) စစ်ဆေးရေးအရာရှိသည် သတ္တုတွင်းလုပ်ငန်းခွင်တစ်ခုခုရှိ အလုပ်သမားများ၏ အသက်ကို ဆုံးရှုံးစေနိုင်သော သို့မဟုတ် လတ်တလောထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိမည်ဟုယူဆပါက ထိုဘေးအန္တရာယ်ကို ကင်းရှင်းစေရန် ဆောင်ရွက်ခြင်းလုပ်ငန်း မပြီးဆုံးမီ ယင်းကိစ္စရပ်အတွက် လိုအပ်သည့် အလုပ်သမားများမှအပ အခြားအလုပ်သမားများအား လုပ်ကိုင်စေခြင်းကို တားမြစ်သည့် အမိန့်စာ ရေးသားထုတ်ပြန်ရမည်။ ယင်းအမိန့်စာတွင် တားမြစ်သည့် အကျိုးအကြောင်းကို ဖော်ပြရ မည်။ ဖော်ပြပါ အမိန့်စာတွင်ပါရှိသည့် တားမြစ်ချက်များကို ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေ မန်နေဂျာ သို့မဟုတ် မန်နေဂျာက လိုက်နာရမည်၊

(ဂ) နည်းဥပဒေခွဲ (က) အရ အကြောင်းကြားစာနှင့် နည်းဥပဒေခွဲ(ခ)အရ တားမြစ်မိန့်တို့ကို ခွင့်ပြုမိန့် ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာက ကျေနပ်မှု မရှိပါက အကြောင်းကြားစာ သို့မဟုတ် တားမြစ်အမိန့်ရရှိပြီး ၁၀ ရက်အတွင်း အကျိုးအကြောင်းဖော်ပြ၍ စစ်ဆေးရေးအရာရှိချုပ်ထံသို့ အယူခံနိုင်သည်။ စစ်ဆေးရေး အရာရှိချုပ်သည် ယင်းအယူခံလွှာကို စိစစ်ပြီး အကြောင်းကြားစာ သို့မဟုတ် တားမြစ်မိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ)၊ နှင့် (ဂ) တို့အရ အကြောင်းကြားစာနှင့် တားမြစ်မိန့်တို့ကို ထုတ်ပြန်သော စစ်ဆေးရေးအရာရှိသည်လည်းကောင်း၊ အယူခံလွှာအပေါ် ဆုံးဖြတ်သည့် စစ်ဆေးရေးအရာရှိချုပ်သည် လည်းကောင်း သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ အကျိုးအကြောင်းတင်ပြ အစီရင်ခံရမည်။ ထိုသို့တင်ပြအစီရင်ခံထားကြောင်း ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာအား အသိပေးရမည်၊

(င) ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် စစ်ဆေးရေးအရာရှိက ထုတ်ပြန်သည့် အကြောင်းကြားစာ သို့မဟုတ် တားမြစ်မိန့်ကို အတည်ပြုသည့် စစ်ဆေးရေးအရာရှိချုပ် ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိက ယင်းဆုံးဖြတ်ချက် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ သို့ရာတွင် ဝန်ကြီးဌာန၏ အဆုံးအဖြတ်မရမီကာလအတွင်း အကြောင်းကြားစာ သို့မဟုတ် တားမြစ်အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(စ) ဝန်ကြီးဌာနသည် နည်းဥပဒေခွဲ (င)အရ အယူခံဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ အကြောင်းကြားစာ သို့မဟုတ် တားမြစ်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၀၁။ မတော်တဆမြေပြိုခြင်း၊ ပေါက်ကွဲခြင်း၊ မီးလောင်ခြင်း၊ ရေများယိုစီးဝင်လာခြင်း သို့မဟုတ် အခြားမတော်တဆဖြစ်ပွားခြင်းတို့သည် သတ္တုတွင်း၌သော်လည်းကောင်း၊ သတ္တုတွင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း ဖြစ်ပွားပါက စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသော စစ်ဆေးရေးအရာရှိက အခင်းဖြစ်ပွားရာသို့ အမြန်ဆုံးသွားရောက် စစ်ဆေးပြီး လိုအပ်သလို အရေးယူ ဆောင်ရွက်ရမည်။ ထိုသို့ စစ်ဆေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ တင်ပြအစီရင် ခံရမည်။

## အခန်း (၃၅)



Myanmar Law Information System (MLIS)

## ငွေကြေးဆိုင်ရာ ပြဋ္ဌာန်းချက်များ

၂၀၂။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုမိန့်နှင့် သက်ဆိုင်သောမြေအတွက် ပုံသေမြေငှားရမ်းခကို နောက်ဆက်တွဲ (ခ) တွင် သတ်မှတ်ထားသော နှုန်းထားနှင့်အညီ ပေးဆောင်ရမည်၊

(ခ) ပထမနှစ်အတွက် ပေးသွင်းရမည့် ပုံသေမြေငှားရမ်းခကို ခွင့်ပြုမိန့်ထုတ်ပေးသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့က သတ်မှတ်ထားသည့် ငွေစာရင်းသို့ ပေးသွင်းရမည်။ ကျန်နှစ်စဉ် ပေးသွင်းရမည့် ပုံသေ မြေငှားရမ်းခကို ခွင့်ပြုမိန့် သက်တမ်း စသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်းခြောက်လလျှင် တစ်ကြိမ်စီဖြင့် နှစ်ကြိမ်ခွဲ၍ ပေးသွင်းနိုင်သည်၊

(ဂ) ဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် နှုန်းထားအတိုင်း ဓာတ်သတ္တုခွန်ပေးဆောင်ရမည်၊

(ဃ) ဓာတ်သတ္တုခွန်ကို ပေးဆောင်မှုနှင့် စပ်လျဉ်း၍ လျော့နည်း ကွာခြားမှုများရှိပါက ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရမည်၊

(င) ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်နိုင်သည်။

၂၀၃။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ဓာတ်သတ္တု ရောင်းချသည့်အခါ ဦးစီးဌာနသို့ ဈေးနှုန်း တွက်ချက်မှုပါရှိသည့် ကုန်ရောင်းပြေစာ မိတ္တူတစ်စောင်ကို ပေးပို့ရမည်၊

(ခ) ဓာတ်သတ္တုရောင်းချရာတွင် ယာယီငွေပေးချေမှုကိုသာ လက်ခံရရှိပါက ဝယ်သူထံမှ အပြီးသတ် ငွေပေးချေပြီးချိန်တွင် နောက်ဆုံး ငွေပေးချေမှုနှင့် တွက်ချက်မှု မိတ္တူတစ်စောင်ကို ပေးပို့ရမည်၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်မှု ရောင်းချမှုနှင့် သိုလှောင်မှုကို ပုံစံ (၇၁) ဖြင့် သုံးလ တစ်ကြိမ် ဦးစီးဌာနသို့ ပေးပို့ရမည်။

၂၀၄။ ဦးစီးဌာနသည်-

(က) ဥပဒေပုဒ်မ ၁၉ အရ ရောင်းချသည့် ဓာတ်သတ္တု တန်ဖိုးတွက်ရာတွင် အဆိုပါဓာတ်သတ္တု၏ နိုင်ငံတကာအသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာဈေးနှုန်းကို အခြေခံ၍ ရောင်းချချိန်နှင့် ယင်းကာလ မတိုင်မီ ရက်ပေါင်း ၃၀ အတွင်း ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအပေါ် ပျမ်းမျှဈေးနှုန်း တွက်ချက် သတ်မှတ်ရမည်၊

(ခ) ဓာတ်သတ္တုခွန်ကို ငွေသားဖြင့် မဟုတ်ဘဲ ဓာတ်သတ္တုဖြင့် ပေးသွင်းဆောင်ရွက်စေလျှင် ရရှိလာ သည့် ဓာတ်သတ္တုများကို လက်ခံခြင်းနှင့် ရောင်းချခြင်းတို့ကို ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရမည်။

၂၀၅။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ဓာတ်သတ္တုခွန်ပေးဆောင်ရန်ကျသင့်ငွေကို အကြောင်းကြားစာ ရရှိသည့်နေ့မှစပြီး ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရန် ခွင့်ပြုမိန့် ရရှိသူအား အကြောင်းကြားရမည်၊

(ခ) ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် ဓာတ်သတ္တုခွန် ပေးဆောင်ရမည့်ကာလ သတ်မှတ်ချက် ကိုလိုအပ်သလို တိုးမြှင့်ပေးနိုင်သည်။



Myanmar Law Information System (MLIS)

၂၀၆။ ရောင်းချသည့် ဓာတ်သတ္တု၏ တန်ဖိုးကို တွက်ချက်ရာတွင်-

(က) ဓာတ်သတ္တုရိုင်း သို့မဟုတ် သတ္တုသန့်စင်ကို ဓာတ်သတ္တု ထုတ်ကုန်အဖြစ် ရောင်းချပါက ဓာတ်သတ္တုခွန်ကို ယာယီငွေပေးချေမှုအပေါ်တွင် ဦးစွာစည်းကြပ်ပြီး နောက်ဆုံးဓာတ်သတ္တုခွန်ကို အပြီးသတ်ငွေပေးချေမှုလက်ခံရရှိပြီးမှ စည်းကြပ်ရမည်၊

(ခ) သတ္တုစင်ကို ဓာတ်သတ္တု ထုတ်ကုန်အဖြစ် ရောင်းချပါက ဓာတ်သတ္တုခွန်ကို အပြီးသတ် ငွေပေး ချေမှုလက်ခံရရှိပြီးမှ စည်းကြပ်ရမည်။

၂၀၇။ ခွင့်ပြုမိန့်ရရှိသူသည် ဤနည်းဥပဒေများအရ ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်များကို ခွင့်ပြုမိန့်ပါ စည်းကမ်းတွင် သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

၂၀၈။ နိုင်ငံပိုင်လုပ်ငန်းတစ်ခုသည် ဓာတ်သတ္တု အကြီးစား၊ အလတ်စား ထုတ်လုပ်ရန်နှင့် ဝန်ကြီးဌာန ကအမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ရရှိထားပြီး အဆိုပါဓာတ်သတ္တု ထုတ်လုပ်ရန် ခွင့်ပြုမိန့်အရ ထုတ်လုပ်ရရှိသည့် ဓာတ်သတ္တုကို နိုင်ငံခြားငွေဖြင့်ရောင်းချပါက ဝန်ကြီးဌာနသည် ပေးဆောင်ရန်ကျန်ရှိသည့် သက်ဆိုင်ရာ ဓာတ်သတ္တု ခွန်နှင့် အခကြေးငွေများကို ကျပ်ငွေဖြင့်ပေးဆောင်ရန် ခွင့်ပြုနိုင်ပြီး သင့်လျော်သောအသေးစိတ် စည်းကမ်းချက်များကို ခွင့်ပြုမိန့်တွင် သတ်မှတ်နိုင်သည်။

၂၀၉။ (က) လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုမိန့်နှင့် ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းတို့ အပါအဝင် ပေးဆောင်ရမည့် အခကြေးငွေ သတ်မှတ်ချက်သည် သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက အခါအားလျော်စွာ သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်၊

(ခ) အခကြေးငွေများကို ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း မြန်မာကျပ်ငွေ သို့မဟုတ် သတ်မှတ်သည့် နိုင်ငံခြားငွေနှင့် ပေးဆောင်ရမည်။

၂၁၀။ ခွင့်ပြုမိန့်ရရှိသူသည် နည်းဥပဒေ ၂၀၂ နှင့် ၂၀၉ တို့အရ ပေးဆောင်ရမည့် အခွန်အခများအပြင် တည်ဆဲဥပဒေများနှင့်အညီ အခွန်အခများ၊ အခွန်အကောက်များနှင့် အခကြေးငွေများကိုလည်း ပေး ဆောင်ရန် တာဝန်ရှိစေရမည်။

## အခန်း (၃၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်ခြင်း

၂၁၁။ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ကို ဆိုင်းငံ့ထားစေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်-

(က) ခွင့်ပြုမိန့်ရရှိသူသည် ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများအရ ပေးသွင်းရန်ငွေကို ပေးသွင်းရန် ကျရောက်သည့်နေ့တွင် ပေးသွင်းရန်ပျက်ကွက်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်း သို့ မမှန်မကန် တင်ပြခြင်း၊

(ဂ) ဤနည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ ခွင့်ပြုမိန့်ကိုလျှောက်ထားရယူခဲ့ကြောင်း စစ်ဆေးပေါ် ပေါက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူ ကွယ်လွန်ပြီးနောက် ၎င်းအမွေစားအမွေခံများသည် ဥပဒေနှင့် နည်းဥပဒေများအရ ခွင့်ပြုမိန့်ရရှိနိုင်သော အရည်အချင်းပြည့်စုံသူမဟုတ်ခြင်း၊

(င) ခွင့်ပြုမိန့်ရရှိသူသည် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခကြေးငွေများ ပြေလည်အောင် မပေးနိုင်ခြင်း၊ လူမွဲစာရင်းဝင်ခြင်း သို့မဟုတ် ကုမ္ပဏီအား အပြီးအပိုင်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊

(စ) ခွင့်ပြုမိန့်ရရှိသူသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့် တိုင်အောင် သက်တမ်းတိုးလျှောက်ထားမှုမရှိခြင်း၊

(ဆ) ခွင့်ပြုမိန့် ပြန်လည်အပ်နှံရန် အကြောင်းကြားပြီးဖြစ်သော်လည်း ပြန်လည်အပ်နှံမှုမရှိခြင်း။

၂၁၂။ သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည်-

(က) နည်းဥပဒေ ၂၁၁ အရ ခွင့်ပြုမိန့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း မပြုမီ ခွင့်ပြုမိန့် ရရှိသူအားအကြောင်းကြားစာပေးပို့ရမည်။ ယင်းအကြောင်းကြားစာတွင် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရန် ပျက်ကွက်နေသည့် စည်းကမ်းများအား ပြုပြင်ရန် ဖော်ပြရမည်။ ခွင့်ပြုမိန့်ရရှိသူက ယင်းစည်းကမ်းချက် များကို မပြုပြင်နိုင်လျှင် ခွင့်ပြုမိန့်ကို မည်သည့်အတွက်ကြောင့် မပယ်ဖျက် သင့်ကြောင်း သို့မဟုတ် မဆိုင်းငံ့ သင့်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဖော်ပြရမည်၊

(ခ) ခွင့်ပြုမိန့်ကို ပယ်ဖျက်လျှင် ခွင့်ပြုမိန့်ရရှိသူ၏ အခွင့်အရေးများကို ရပ်ဆိုင်းစေရမည်။ သို့ရာတွင် ဖျက်သိမ်းသည့်နေ့ မတိုင်မီကပေးရန် တာဝန်နှင့် ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရန် တာဝန် ရှိစေရမည်။

၂၁၃။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ခွင့်ပြုလုပ်ကွက် ဧရိယာအတွင်း ဆောက်လုပ်ထားသော အဆောက်အအုံနှင့် ပုံသေတပ်ဆင်ထား သော စက်ပစ္စည်းများကို သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီးမှသာ ရွှေ့ပြောင်းခွင့်ရှိသည်၊

(ခ) နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်မှအပ ခွင့်ပြုမိန့် ပယ်ဖျက်ခြင်း ခံရသည့်နေ့မှ ခြောက်လ အတွင်း ခွင့်ပြုမိန့်ပါ လုပ်ကွက် ဧရိယာအတွင်းရှိ အဆောက်အအုံများတွင် တပ်ဆင်ထား သောစက် သို့မဟုတ် အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ခွင့်ပြုမိန့် ပယ်ဖျက်ခြင်းမခံရမီ ထုတ်လုပ်ထားသော ဓာတ်သတ္တုထုတ်ကုန်များကို ရွှေ့ပြောင်းခွင့်ရှိသည်၊

(ဂ) ခွင့်ပြုမိန့်ပယ်ဖျက်ခြင်းခံရပါက ဤနည်းဥပဒေများအရ ထိန်းသိမ်းထားရှိသည့် မှတ်တမ်းများ အားလုံးကို သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ တစ်လအတွင်း အပ်နှံရမည်။

**အခန်း(၃၇)**

**အထွေထွေ**



Myanmar Law Information System (MLIS)

၂၁၄။ ဝန်ကြီးဌာနသည်-

(က) ဘူမိဗေဒအချက်အလက်များအပေါ်မူတည်၍ ဓာတ်သတ္တု အကြီးစား၊ အလတ်စားနှင့် အသေးစား၊ လက်လုပ်လက်စား ဧရိယာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ညှိနှိုင်းသတ်မှတ်ပေးရမည်၊

(ခ) ဘူမိဗေဒမြေပုံ ရေးဆွဲရေး၊ ဓာတ်သတ္တု ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသည့် ဘူမိဗေဒအချက်အလက်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက် ပြုစုထိန်းသိမ်းထား ရှိရမည်။

၂၁၅။ ဝန်ကြီးဌာနသည် ဓာတ်သတ္တု ရှာဖွေခြင်း၊ ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း၊ ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းနှင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ ကို လုပ်ငန်းအမျိုးအစားအလိုက် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ပေးရမည်။

၂၁၆။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိသည် ဤနည်းဥပဒေအရ ခွင့်ပြုမိန့်ပါ ဧရိယာများကို တိုင်းတာသတ်မှတ်ပေးရမည်။

၂၁၇။ (က) ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်း နှင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုရမည်၊

(ခ) ခွင့်ပြုမိန့်ရရှိသူသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနတစ်ခုခုနှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုရမည်၊

(ဂ) နည်းဥပဒေခွဲ(က)နှင့်(ခ)ပါ လုပ်ငန်းသဘောတူစာချုပ် သက်တမ်းသည် ခွင့်ပြုမိန့် သက်တမ်း အတိုင်း ဖြစ်ရမည်။

၂၁၈။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့အတွက် ခွင့်ပြုမိန့် ရရှိသူ သည် ဓာတ်သတ္တုထုတ်လုပ်မှု၊ ရောင်းချမှုနှင့် သိုလှောင်မှုမှတ်တမ်းကို ပုံစံ(၇၁)ဖြင့် ပြုစုထားရမည်။ ထိုမှတ်တမ်း ပုံစံ(၇၁)ကို ခွင့်ပြုမိန့်ထုတ်ပေးသည့် သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ သုံးလလျှင် တစ်ကြိမ်ပေးပို့ရမည်။

၂၁၉။ သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းသည် သတ္တုရိုင်း၊ သတ္တုသန့်စင်နှင့် သတ္တုစင်များ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေအရ အသိအမှတ်ပြုသည့် ဓာတ်ခွဲခန်း၏ ဓာတ်ခွဲစမ်းသပ်မှု အဖြေအရ ပြည်ပနှင့် စာချုပ်ချုပ်ဆို ရောင်းချရန်အတွက် လိုအပ်သည့် ထောက်ခံချက်များကို ထုတ်ပေး ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၂၀။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါ ဧရိယာအတွင်း ခွင့်ပြုထားသည့် ဓာတ်သတ္တုအပြင် အခြားဓာတ်သတ္တုအသစ်တစ်မျိုးမျိုးကို တွေ့ရှိပါက သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းထံသို့ တင်ပြပြီး ထပ်မံတွေ့ရှိသည့် ဓာတ်သတ္တုကို ထုတ်ယူမည်ဆိုပါက ခွင့်ပြုမိန့် လျှောက်ထားရမည်။

၂၂၁။ ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တု အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေး စားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းတို့ပြုရာတွင် စက်ယန္တရားနှင့် စက်ကိရိယာ များကို ထုတ်လုပ်မှုလုပ်ငန်းအလိုက် နောက်ဆက်တွဲ (က) တွင် သတ်မှတ်ထားသည့် အရေအတွက်နှင့် ဝန်ဆောင်မှုအင်အားထက်ပို၍ အသုံးမပြုရ။

၂၂၂။ ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် အမှန်တကယ်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ၊ ယန္တရားများကို ပြည်ပမှတင်သွင်းရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ တင်ပြနိုင်သည်။

၂၂၃။ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိသူများက ဓာတ်သတ္တုများ သိုလှောင်ရာတွင် လည်းကောင်း၊ သယ်ဆောင်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၂၂၄။ (က) ဓာတ်သတ္တု အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစား ထုတ်လုပ် ခြင်းနှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုထားသော ဧရိယာ သို့မဟုတ် လုပ် ကွက်တစ်ခုခုကို အများပြည်သူအကျိုးငှာ နိုင်ငံတော်အနေဖြင့် စီမံကိန်း ဆောင်ရွက်ရန်ရှိပါက ထုတ်ပေး ထားသည့် ခွင့်ပြုမိန့်သက်တမ်းသည် ရပ်စဲပြီး ဖြစ်စေရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုမိန့်သက်တမ်း ရပ်စဲသည့်အခါ ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် ဌာန၊ အဖွဲ့ အစည်းသည် ဓာတ်သတ္တု အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစား ထုတ်လုပ် ခြင်းနှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုခဲ့သည့် ကျန်သက်တမ်း အတွက် အခြားလုပ်ကွက်တစ်ခုခုကို အစားထိုး၍ လုပ်ကိုင်ခွင့်ပြုနိုင်ပါက လုပ်ကိုင်ခွင့်ပြုရမည်။ ထိုသို့ အစား ထိုး၍ လုပ်ကိုင်ခွင့် မပြုနိုင်ပါက ခွင့်ပြုမိန့်ရရှိသူမှ ပေးသွင်းထားသော အခကြေးငွေများကို ခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်းမှ ပြန်လည်ထုတ်ပေးရမည်။

၂၂၅။ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းသည် ဤနည်းဥပဒေများအရ ထုတ်ပေးသောခွင့်ပြုမိန့်ပါ သတ်မှတ် ကာလအတွင်း ထိန်းချုပ်မရနိုင်သော ဖြစ်ရပ်များ သို့မဟုတ် မည်သည့်ဘက်ကမျှ ကြိုးစားအား ထုတ်ဆောင်ရွက်မှုဖြင့် တားဆီးမရနိုင်သော ဖြစ်ရပ်များ၊ မလွန်ဆန်နိုင်သောဖြစ်ရပ် တစ်ခုခု သို့မဟုတ် မမျှော်မှန်းနိုင်သောဖြစ်ရပ် တစ်ခုခုကြောင့် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုနိုင်သဖြင့် ရပ်ဆိုင်းထားရသော ကာလကို မူလခွင့်ပြုမိန့်သက်တမ်းတွင် ထည့်သွင်းရေတွက်ခြင်းမှ စိစစ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၂၆။ သတ္တုတွင်းဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၅/၉၆ ဖြင့် ထုတ်ပြန်ခဲ့သော မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်း လိုက်သည်။

(ပုံ) အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (၁) ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် လျှောက်လွှာ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (၂) ကျောက် ရှာဖွေရန် ခွင့်ပြုမိန့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (၃) ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဓာတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ကျောက်ရှာဖွေရန်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ (၆) တိုင်းဒေသကြီး/ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ ဓာတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (၇) ဓာတ်သတ္တုရှာဖွေရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ (၈) ကျောက် ရှာဖွေရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ (၉) ဓာတ်သတ္တု ရှာဖွေရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ (၁၀) ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ (၁၁) ကျောက် စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ (၁၂) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ (၁၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ (၁၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ကျောက်စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 ပုံစံ (၁၅) တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 16 ပုံစံ (၁၆) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 17 ] 17 ပုံစံ (၁၇) ကျောက် စမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 18 ] 18 ပုံစံ (၁၈) ဓာတ်သတ္တု စမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 19 ] 19 ပုံစံ (၁၉) ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 20 ] 20 ပုံစံ (၂၀) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဓာတ်သတ္တုဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 21 ] 21 ပုံစံ (၂၁) ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 22 ] 22 ပုံစံ (၂၂) ဓာတ်သတ္တု အကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်လွှာ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 23 ] 23 ပုံစံ (၂၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဓာတ်သတ္တု အကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 24 ] 24 ပုံစံ (၂၄) ဓာတ်သတ္တု အကြီးစား ထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 25 ] 25 ပုံစံ (၂၅) ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန်ခွင့်ပြုမိန့်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 26 ] 26 ပုံစံ (၂၆) ကျောက် အလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 27 ] 27 ပုံစံ (၂၇) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရန်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 28 ] 28 ပုံစံ (၂၈) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ကျောက် အလတ်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 29 ] 29 ပုံစံ (၂၉) ဓာတ်သတ္တု အလတ်စားထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 30 ] 30 ပုံစံ (၃၀) ကျောက်အလတ်စား ထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 31 ] 31 ပုံစံ (၃၁) ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 32 ] 32 ပုံစံ (၃၂) ကန့်သတ်ထားသော ကျောက် အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 33 ] 33 ပုံစံ (၃၃) ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 34 ] 34 ပုံစံ (၃၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန်ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 35 ] 35 ပုံစံ (၃၅) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ကန့်သတ်ထားသောကျောက် အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 36 ] 36 ပုံစံ (၃၆) တိုင်းဒေသကြီး/ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 37 ] 37 ပုံစံ (၃၇) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 38 ] 38 ပုံစံ (၃၈) ကန့်သတ်ထားသော ကျောက်အသေးစား ထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 39 ] 39 ပုံစံ (၃၉) ဓာတ်သတ္တုအသေးစားထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 40 ] 40 ပုံစံ (၄၀) ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်ရန်ခွင့်ပြုမိန့်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 41 ] 41 ပုံစံ (၄၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 42 ] 42 ပုံစံ (၄၂) ခေတ်သစ္စာ ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 43 ] 43 ပုံစံ (၄၃) ကျောက် ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 44 ] 44 ပုံစံ (၄၄) ခေတ်သစ္စာ အသေးစား/လက်လုပ်လက်စား ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 45 ] 45 ပုံစံ (၄၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ခေတ်သစ္စာ ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်
[ ပူးတွဲဖော်ပြသော စာရင်း 46 ] 46 ပုံစံ (၄၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ကျောက် ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်
[ ပူးတွဲဖော်ပြသော စာရင်း 47 ] 47 ပုံစံ (၄၇) တိုင်းဒေသကြီး/ပြည်နယ်လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့ ခေတ်သစ္စာဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်
[ ပူးတွဲဖော်ပြသော စာရင်း 48 ] 48 ပုံစံ (၄၈) ခေတ်သစ္စာဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 49 ] 49 ပုံစံ (၄၉) ကျောက်ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 50 ] 50 ပုံစံ (၅၀) ခေတ်သစ္စာ အသေးစား/ လက်လုပ်လက်စား ဆင့်တက်ပြုပြင်ရန် သက်တမ်းတိုးခွင့်ပြုမိန့်လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 51 ] 51 ပုံစံ (၅၁) ခေတ်သစ္စာ ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 52 ] 52 ပုံစံ (၅၂) ကျောက် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 53 ] 53 ပုံစံ (၅၃) ခေတ်သစ္စာ ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 54 ] 54 ပုံစံ (၅၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ခေတ်သစ္စာ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်
[ ပူးတွဲဖော်ပြသော စာရင်း 55 ] 55 ပုံစံ (၅၅) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ကျောက် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်
[ ပူးတွဲဖော်ပြသော စာရင်း 56 ] 56 ပုံစံ (၅၆) တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ ခေတ်သစ္စာ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်
[ ပူးတွဲဖော်ပြသော စာရင်း 57 ] 57 ပုံစံ (၅၇) ခေတ်သစ္စာ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 58 ] 58 ပုံစံ (၅၈) ခေတ်သစ္စာ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 59 ] 59 ပုံစံ (၅၉) ခေတ်သစ္စာ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 60 ] 60 ပုံစံ (၆၀) လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်လိုသည့်
ဓာတ်သတ္တုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်လွှာ
[ ပူးတွဲဖော်ပြသော စာရင်း 61 ] 61 ပုံစံ (၆၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်လိုသည့်
ဓာတ်သတ္တုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန်ခွင့်ပြုမိန့်
[ ပူးတွဲဖော်ပြသော စာရင်း 62 ] 62 ပုံစံ (၆၂) သတ္တုတွင်း၌ အလုပ်လုပ်သူများ မှတ်ပုံတင်စာရင်း
[ ပူးတွဲဖော်ပြသော စာရင်း 63 ] 63 ပုံစံ (၆၃) မြေပေါ်သတ္တုတွင်းတွင် အလုပ်လုပ်သူများ၏ မှတ်ပုံတင်စာရင်း
[ ပူးတွဲဖော်ပြသော စာရင်း 64 ] 64 ပုံစံ (၆၄) မြေအောက်သတ္တုတွင်း၌ အလုပ်လုပ်သူများ၏ မှတ်ပုံတင်စာရင်း
[ ပူးတွဲဖော်ပြသော စာရင်း 65 ] 65 ပုံစံ (၆၅) သတ္တုတွင်း၌ တစ်ဆိုင်းအလှည့်စနစ် အလုပ်ချိန် အသိပေးအကြောင်းကြားစာ
[ ပူးတွဲဖော်ပြသော စာရင်း 66 ] 66 ပုံစံ (၆၆) သတ္တုတွင်း၌ အလှည့်ကျ အဆိုင်းစနစ် ရက်သတ္တတစ်ပတ်အလုပ်ချိန်
အသိပေးအကြောင်းကြားစာ
[ ပူးတွဲဖော်ပြသော စာရင်း 67 ] 67 ပုံစံ (၆၇) သတ္တုတွင်း၌ အလုပ်သူများ မှတ်ပုံတင်စာအုပ်တွင် ပြောင်းလဲခြင်း အသိပေး
အကြောင်းကြားစာ
[ ပူးတွဲဖော်ပြသော စာရင်း 68 ] 68 ပုံစံ (၆၈) သတ္တုတွင်း၌ မတော်တဆဖြစ်ပွားမှု သတင်းပို့ အစီရင်ခံစာ
[ ပူးတွဲဖော်ပြသော စာရင်း 69 ] 69 ပုံစံ (၆၉) သတ္တုတွင်း၌ သာမန် မတော်တဆ ထိခိုက်ဒဏ်ရာရမှု မှတ်တမ်း
[ ပူးတွဲဖော်ပြသော စာရင်း 70 ] 70 ပုံစံ (၇၀) သတ္တုတွင်း၌ပြင်းထန်သော မတော်တဆ ထိခိုက်ဒဏ်ရာရမှုမှတ်တမ်း
[ ပူးတွဲဖော်ပြသော စာရင်း 71 ] 71 ပုံစံ (၇၁) ဓာတ်သတ္တုထုတ်လုပ်မှု၊ ရောင်းချမှုနှင့် သိုလှောင်မှုမှတ်တမ်း
[ ပူးတွဲဖော်ပြသော စာရင်း 72 ] 72 နောက်ဆက်တွဲ (က) ဓာတ်သတ္တု ထုတ်လုပ်ရာတွင် အသုံးပြုရမည့် စက်ယန္တရားနှင့်
စက်ကိရိယာများ (မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၁)
[ ပူးတွဲဖော်ပြသော စာရင်း 73 ] 73 နောက်ဆက်တွဲ (ခ) ဓာတ်သတ္တုလုပ်ငန်းဆောင်ရွက်မှု အမျိုးအစားအလိုက်
ပုံသေမြေငှားရမ်းခများ (မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၂ (ဂ))

Myanmar Law Information System (MLIS)